မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## လွတ်မြောက်အောင် အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။ **စိတ္တဝဂ်(ဓမ္မပဒ-၃၇)**

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၉)

# ဓမ္မစကြာအခါတော်နေ့တွင် ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်သူများဖြင့် စည်ကား




ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး

**ရန်ကုန် ဇူလိုင် ၂၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)ဖြစ်သည့်အတွက် ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှင့် တစ်ဆက်တည်းဖြစ်ခြင်း၊ နံနက်ခင်း မိုးမရွာဘဲ ရာသီဥတုသာယာခြင်းတို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ အရပ်လေးမျက်နှာရှိ မုခ်လေးမုခ်၊ စောင်းတန်းလေးသွယ်တို့တွင် ဘုရားဖူးလာ ပြည်သူအများ ကြိတ်ကြိတ်တိုး စည်ကားနေသည်။

ဒုတိယဝါဆိုလပြည့် နံနက်ခင်း ၅ နာရီခွဲအချိန်၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးပြီး ဘုရားရှင်ကို ရည်စူးကာ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခဲ့သည်။ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဂေါပကအဖွဲ့များနှင့် ဘာသာရေးအဖွဲ့များက ဓမ္မစကြာရွတ်ဖတ်ပူဇော်ခဲ့သည်။ စေတီတော်မြတ်ကြီး၏ မုခ်ဦးလေးခုရှိ ဘုရားလေးဆူနှင့် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားတို့ကိုလည်း ရွှေကြာသင်္ကန်းများဖြင့် ကပ်လှူပူဇော်ခဲ့သည်။

ထို့နောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ ရေစက်ချအခမ်းအနားကို နံနက် ၉ နာရီခွဲ၌ ရင်ပြင်တော်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် ဆက်လက်ကျင်းပသည်။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးထံမှ

*စာမျက်နှာ ၅ ကော်လံ ၁* ▲

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## သံလွင်မြစ်ရေ ဆက်လက်မြင့်တက်နေမှုကြောင့် ဘားအံ၌ ရေဘေး ကယ်ဆယ်ရေးစခန်းများ ထပ်မံဖွင့်

စာ ›› ၁၀



မြန်မာ့အလင်း

# စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးလိုအပ်မှု

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေးကို ဇူလိုင်လ ၂၆ ရက်နေ့က ကျင်းပခဲ့သည်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဤကော်မတီသည် စတင်ဖွဲ့စည်းသည့် ၂၀၁၆ ခုနှစ်မှ ယခုအချိန်အထိ အစည်းအဝေး ၆ ကြိမ် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ဤအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများအပြင် အခြားသက်ဆိုင်သူများပါ တက်ရောက်ကြသည်။

ဤအစည်းအဝေးတွင် ဒုတိယသမ္မတက စာရင်းအင်းအချက်အလက်မှန်ကန်ရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အရေးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေး ပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုစီးပွားသုတေသနဆောင်ရွက်သူများအားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒများအတွက် ထည့်သွင်းစဉ်းစားနိုင်မည့်အချက်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မူဝါဒပြင်ဆင်ရန်ရှိသည်များကို ပိုမိုကောင်းမွန်စေရန် ပြန်လည်ပြင်ဆင်နိုင်မှုများလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အချက်အလက်များအပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်မှသာ အရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု **(Risk Management)**တို့ကို စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားပါသည်။

မြန်မာနိုင်ငံတွင် စိတ်ချယုံကြည်ကိုးစားရသည့် စာရင်းအင်းများ လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယနေ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံတကာအစိုးရများက ဖတ်ရှုလေ့လာကြရသည့် ကမ္ဘာကျော် စီးပွားရေးစာစောင်များတွင် အာဆီယံနိုင်ငံများမှ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ စသော နိုင်ငံများ၏ အချက်အလက်များ ပုံမှန်ဖော်ပြသော်လည်း ကျန်နိုင်ငံများ ပါဝင်ခြင်းမရှိသည်ကို တွေ့နိုင်ပါသည်။ စီးပွားရေးအချက်အလက်များအဖြစ် ယေဘုယျ ဖော်ပြလေ့ရှိသော **GDP** ဖွံ့ဖြိုးနှုန်း၊ စက်မှုထုတ်ကုန်အညွှန်းကိန်း၊ စားသုံးသူအညွှန်းကိန်း၊ အလုပ်လက်မဲ့နှုန်း၊ စာရင်းရှင်လိုငွေနှင့် ဘတ်ဂျက်အချိုး၊ အတိုးနှုန်း၊ ငွေလဲနှုန်း၊ ဈေးကွက်အတက်အကျ အညွှန်းကိန်း စသည့် အညွှန်းကိန်းများအပြင် အခြားသောစီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ပုံမှန်ဖော်ပြနိုင်ရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများသာမက ပြည်တွင်းပေါ်လစီ ချမှတ်သူများအတွက်ပါ အထောက်အကူရမည်ဖြစ်ပါသည်။

ယခု တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံလိုသူများအတွက် **Cost of Doing Business in Myanmar Survey Report 2018** ကို ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန **(DICA)** ရုံးမှ ထုတ်ပြန်ခဲ့ရာ ဤသည်မှာ ဒုတိယအကြိမ်ဖြစ်ပါသည်။ ဤသို့ လေ့လာဆန်းစစ်ထားသော အချက်အလက်များကို ထုတ်ဝေပေးခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင် များသာမက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ အကျိုးရှိစေမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကုန်ကျစရိတ်ကို မိမိဆောင်ရွက်လိုသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တိုက်ရိုက်သွားရောက် စုံစမ်းစရာမလိုဘဲ အကြမ်းဖျင်းသိရှိစေနိုင်မည် ဖြစ်ပါသည်။ ယခုနှစ် မေလနှင့် ဇွန်လ နှစ်လအတွင်း မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၅၄ သန်းကျော်ဖြင့် အများဆုံး ဝင်ရောက်ထားပြီး အခြားဝန်ဆောင်မှုကဏ္ဍတွင် ဒေါ်လာ ၇၁ သန်းကျော်ဖြင့် ဒုတိယအများဆုံး မြှုပ်နှံထားရာ မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ကိုင်ရလွယ်ကူမှုနှင့် စာရင်းအင်းအချက်အလက် အရည်အသွေးတွင် တိုးတက်မှုရှိလာသည်ဟုလည်း ဆိုနိုင်ပါသည်။

ထို့ကြောင့် အဆိုပါအစည်းအဝေး၌ ဒုတိယသမ္မတ မှာကြားသကဲ့သို့ စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်း၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးအတွက် ကွန်ရက်တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများနှင့် **Statistics Literacy** အား မူဝါဒအားဖြင့် အထူးအာရုံစိုက်ခြင်းနှင့် စာရင်းအင်းဥပဒေ ပြဋ္ဌာန်းသက်ရောက်မှုရှိစေရေး စသည့် အရင်းအနှီးများ စိုက်ထုတ်ဆောင်ရွက်ရန် အရေးကြီးလှပါကြောင်း တင်ပြရပါသည်။ ။

## ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများ မြစ်ရေတက်ချိန် ရပ်နားထား



**ရေစကြို ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းရေးလုပ်ငန်းများကို ဧရာဝတီမြစ် ရေတက်ချိန်၌ ကာကွယ်ရေး လုပ်ငန်းများရပ်နားထားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါမြစ်ရေတိုက်စားမှုကြောင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေ ၂၀၀၀ ကျော် မြစ်ကမ်းပါးစောင်းညှိကာ ခင်းပြီး အိတ်များဖိကာ ဆောင်ရွက်ထားရှိမှုများဖြင့် ရေစီးကြောင်းပြောင်းပေးခြင်းများကြောင့် မြစ်ကမ်းပါးပြိုကျမှုထိန်းသိမ်းထားနိုင်သည်။**(ယာပုံ)** ရေနက်ကြောင်း ရေစီးသန်သည့် နေရာများကို ကြားထိုးပြုလုပ်ပေးပြီး ရေကြောင်းညင်သာစွာ စီးဆင်းစေရန် ဝါးဖောင်များကြားညှပ်ချထားပေးခြင်းကြောင့် မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းနိုင်ခြင်းဖြစ်ကြောင်း ဗလဗကျေးရွာနေ ဦးဖိုးကျော်က ပြောသည်။

အဆိုပါ မြစ်ကမ်းပါးမြစ်ရေတိုက်စားမှုကြောင့် နှစ်နှစ်အတွင်း အိမ်ထောင်စု ၉၅ စုရွှေ့ပြောင်းလိုက်ရပြီး ဉာတိကာရုံ ကျောင်းတိုက်ဝင်းအတွင်းရှိ မြစ်ကမ်းပါးနှင့်ကပ်လျက် နှစ်ပေါင်း၈၀ကျော်ရှိ အုတ်တန်ဆောင်းတော်ကြီး၊သိမ်တော် ကျောင်းဆောင်နှင့် သံတန်ဆောင်းတော်တို့ရနိုင်သမျှ ပစ္စည်းများအား နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များမှ လာရောက်ကူညီရွှေ့ပြောင်းပေးခဲ့ကြသည်။

ယခုအခါ မြစ်ရေတက်ချိန် ဖြစ်နေသောကြောင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဧရာဝတီမြစ်ကမ်းပါး ကာကွယ်ရေးလုပ်ငန်းများကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဉာတိကာရုံ ကျောင်းတိုက်ဝင်းအတွင်းရှိဓမ္မရုံသီ (ရွှေဘုံသာ) မြစ်ကမ်းပါးပြန်ဘုရားကြီးသည် သက္ကရာဇ် ၅၅၇ခုနှစ် အလောင်းစည်သူမင်းကြီး၏ မြေးတော်၊ မြစ်တော်များနှင့် ဝဋ္ဋဝတီမင်းသမီးကောင်းမှုဘုရားကြီး ဖြစ်ကြောင်းရေးထိုးထားသည့် ကျောက်စာများအရ သိရပြီး နှစ်ပေါင်း ၈၂၃ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**



**ဘားအံမြို့တွင် ဓမ္မစကြာအခါတော်နေ့ ဇူလိုင် ၂၇ ရက်က သေဠမာရ်အောင် ဘုရားကြီးဝင်းအတွင်း၌ မြို့ပေါ်ရှိ သံဃာတော်နှင့် သီလရှင်များအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆေး၊ ဆား၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူစဉ်။**

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## မုံရွာမြို့နယ်၌ ဗောဓိတစ်ထောင်နယ်မြေအတွင်း ဝါးဇုန်တစ်ခုတည်ထောင်ရန် လုပ်ဆောင်လျက်ရှိ

**မုံရွာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဗောဓိတစ်ထောင်သာသနာ့နယ်မြေအတွင်းရှိ ရပ်တော်မူရုပ်ပွားတော်မြတ်ကြီးအနောက်ဘက်ခြမ်းတွင် အများပြည်သူများလာရောက်အပန်းဖြေ နိုင်မည့် ဝါးဇုန်တစ်ခုဖြစ်ပေါ်လာရေး စီစဉ်လျက်ရှိကြောင်း ဝါးနှင့်သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအသင်း (စစ်ကိုင်းတိုင်းဒေသကြီး)၏ဥက္ကဋ္ဌ ဦးသန့်စင်၏ ပြောကြားချက်အရ သိရသည်။

"ဝါးစိုက်ခင်းတွေတည်ထောင်ဖို့ စီစဉ်နေပါတယ်၊ ဗောဓိတစ်ထောင် သာသနာ့နယ်မြေမှာရှိတဲ့ ရပ်တော်မူရုပ်ပွားတော်ကြီးရဲ့နောက်ကျောမှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတစ်ခုအနေနဲ့ ဧက ၅၀ အကျယ်ရှိတဲ့ ဝါးဇုန်တစ်ခုတည်ထောင်ဖို့လည်းရှိပါတယ်။ အခု ကျွန်တော်တို့ဘက်က လိုအပ်တဲ့အချက်အလက်တွေစိစစ်စုဆောင်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ထားပါတယ်။ တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်ကို စောင့်နေပါတယ်" ဟု ဝါးနှင့်သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအသင်း၏ ဥက္ကဋ္ဌ ဦးသန့်စင်ကပြောသည်။

အဆိုပါဝါးဇုန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပေါက်ရောက်လျက်ရှိသော ဝါးအမျိုးအစားစုံလင်စွာ စိုက်ပျိုးပြသသွားမည်ဖြစ်သည့်အပြင် အများပြည်သူများ လာရောက်အပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ်လည်းကောင်း၊ အဆိုပါဝါးဇုန်တွင် ဝါးနှင့်ပတ်သက်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် သင်တန်းကျောင်းတစ်ခုလည်းပါဝင်မည်ဖြစ်ပြီး လာရောက်အပန်းဖြေကြမည့် ပြည်သူများအား သဘာဝပတ်ဝန်းကျင်ကိုချစ်မြတ်နိုးတတ်စေရန် အသိပညာပေးလုပ်ငန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧေယျာတိုင်း)**

## ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ပင်းတယ ဇူလိုင် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌဦးအာကာလင်းက အမှာစကား ပြောကြားပြီး တီဗွီတစ်လုံးပေးအပ်လှူဒါန်းခဲ့သည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသားကျောင်းသူများနှင့် အတန်းအသီးသီးတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများကို မြို့နယ်ဒုပညာရေးမှူး ဦးသီဟနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

**ထင်သာမြင်သာပြုပြင်စရာ**

## ထီးချိုင့်မြို့ မောင်းကုန်းဈေးအတွင်းရှိ အမှိုက်ပုံနှင့် လမ်းဘေးဈေးသည်များ ရှင်းလင်းပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ ကားလမ်းအရှေ့ဘက်ခြမ်းဈေးအတွင်းရှိ အမှိုက်ပုံကြီးမှ ထွက်ရှိသောအနံ့ဆိုးများကြောင့် ဈေးသူဈေးသားများနှင့် ပတ်ဝန်းကျင်ရှိလူများ၏ ကျန်းမာရေးထိခိုက်နိုင်ကြောင်းနှင့် ကားလမ်းမကြီးဘေးဝဲယာတွင် ရောင်းချနေသောဈေးသည်များကြောင့် အသွားအလာကျပ်ပြီး ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်ကာ ခရီးသွားပြည်သူများ အခက်အခဲရှိနေသည်။

"ဈေးသူဈေးသားတွေဟာ ဈေးကောက်နဲ့ဆိုင်ခန်း လစဉ်ကြေးတွေ ပုံမှန်ပေးဆောင်ရပါတယ်။ ဒီအမှိုက်ပုံ ကိုတော့ ရှင်းလင်းပေးခြင်းမရှိပါဘူး။ တစ်နေ့ထက်တစ်နေ့ များများလာတယ်။အခုဆို မိုးရွာတော့ ဒီအမှိုက်ပုံက ထွက်တဲ့အနံ့ဆိုးတွေကြောင့် ဈေးသူဈေးသားနဲ့ပတ်ဝန်းကျင်မှာနေတဲ့ ပြည်သူတွေ ကျန်းမာရေးထိခိုက်မှာ စိုးရပါတယ်။ နောက်ပြီးတော့ ကားလမ်းနံဘေးမေးတင်ရောင်းချနေတဲ့ ဈေးသည်တွေကြောင့် အသွားအလာကျပ်ကာ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပေါ်ပြီး ယာဉ်တိုက်မှုလည်း မကြာခဏဖြစ်နေပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည် ။

အဆိုပါမောင်းကုန်းကျေးရွာသည် မန္တလေး - ဗန်းမော်- မြစ်ကြီးနား မဟာဗျူဟာ ကားလမ်းမကြီး ဝဲယာတွင်ရှိပြီး နီကယ် သတ္တုစက်ရုံနှင့် ဂရိတ်ဝေါလ်ဝေမာ သကြားစက်ရုံ တည်ဆောက်ထားမှုကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အသွားအလာများပြားပြီး အလွန်စည်ကားသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

**ကျော်ခဲ-ထီးချိုင့်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒသမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၀၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

**ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒသမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၀၄)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားမစတင်မီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် တာဝန်ရှိသူများက လိုဏ်တော်အတွင်းရှိ အရပ်လေးမျက်နှာမှ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုရွှေကြာသင်္ကန်းနှင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ ထံမှ ဩ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက် ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဩ့ပရိသတ်များက အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဝါတွင်းကာလသို့ စတင်ဝင်ရောက်သည့် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်)နေ့ ဖြစ်သည့်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရွှေနန်းသွင်းစေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစုံစေတီတော်၊ နေပြည်တော် ဗုဒ္ဓဂယာသံဝေဇနီယလေးဌာန၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ရုပ်တော်မူဘုရား၊ ပျဉ်းမနားမြို့ရှိ ကိုးနဝင်း ဆုတောင်းပြည့်စေတီ၊ ရန်အောင်မြင်ရွှေလက်လှုစေတီ၊ စူဠာမဏိစေတီ၊ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မစေတီ၊ ရွှေရင်မျှော်စေတီစသည့် တန်ခိုးကြီးဘုရားစေတီများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလ ဆောက်တည်ကြသူ၊ တရားဘာဝနာ ပွားများကြသူများ၊ ကုသိုလ်ပြုကြသူများနှင့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့အပြင် နေပြည်တော် ရေပန်းဥယျာဉ်နှင့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တို့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်စဉ်။** သတင်းစဉ်



## ချင်းပြည်နယ် ဟားခါးမြို့၌ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ဟားခါး ဇူလိုင် ၂၇**

ချင်းပြည်နယ်အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ကျင်းပပြုလုပ်သည့် ဌာနဆိုင်ရာမိသားစုများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မိသားစုများ၊ ဒေသခံဗုဒ္ဓဘာသာဝင်များ၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးနှင့် တရားနာ ဩ့ပရိသတ်များက ဟားခါးမြို့ မြို့မ သာသနာပြုစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ချင်းပြည်နယ် သံဃနာယကအဖွဲ့ အကျိုးဆောင် ဆရာတော် ဘဒ္ဒန္တပဏ္ဏဝအရှင်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဟားခါးမြို့ ဇေတဝန်တောရစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ဒေါက်တာ အရှင်တေဇောသာရ အရှင်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘုရားတစ်ထောင်အကောက်တောင်နှင့် တန်ခိုးကြီးဘုရားများတွင် ဝါဆိုပန်းခူးသူများနှင့် ဘုရားဖူးများ စည်ကား

**ပန်းတောင်း ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားများတွင် ဇူလိုင် ၂၇ ရက် ဝါဆိုလပြည့်နေ့၌ ဝါဆိုပန်းခူးလူငယ်များနှင့် ဥပုသ်သီလဆောက်တည်ကြသည့် ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပန်းတောင်းမြို့နယ်အတွင်း ရှေးဟောင်းသမိုင်းဝင်စေတီ၊ ဘုရားများဖြစ်သော ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၊ ငါးမျက်နှာစေတီတော်မြတ်ကြီး၊ ပေါ်တော်မူရှင်ဖြူမြတ်စွာဘုရားကြီး၊ ဒီပါအေးဆုတောင်းပြည့်ဗောဓိတစ်ထောင်စေတီတော်မြတ်ကြီးနှင့် စက်လှေများဖြင့် သွားရောက်ဖူးမြော်ရသည့် ထုံးဘိုမြို့ ဘုရားတစ်ထောင်အကောက်တောင် ဘုရားများတွင် ဝါဆိုပန်းခူးလူငယ်များနှင့် ဥပုသ်ဆောက်တည်ကြသည့် ဘုရားဖူးများ အထူးစည်ကားလျက်ရှိကြသည်။

"ကျွန်တော်တို့ ထုံးဘိုမြို့ ဘုရားတစ်ထောင် အကောက်တောင်က ပန်းတောင်းမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့၏ နယ်ခြားဖြစ်ပြီး ဧရာဝတီမြစ်ကမ်းပါးကျောက်တောင်ကြီးမှာ ထွင်းထုထားတဲ့ ဘုရားတွေလေ၊ ပြီးတော့ လှေလာစရာ ဦးပွားသိုက်တွင်း၊ ရေကစားရန်အတွက် ကုတင်ကြီးရေတံခွန်၊ ကုတင်လေးရေတံခွန် နှစ်ခုရှိတော့ မြန်မာပြည်အရပ်ရပ်က မော်တော်ယာဉ်၊ ဆိုင်ကယ်တွေနဲ့ လာကြတယ်။ ထုံးဘိုမြို့ မြစ်ကမ်းနံဘေးမှာ ယာဉ်ထိန်းရဲနဲ့ စနစ်တကျ ထိန်းသိမ်းထားပေးခြင်း၊ အကောက်တောင်ပေါ်တွင် လူငယ်များ ခိုက်ရန်မဖြစ်ပွားစေရေးအတွက် အရက်သေစာသောက်စားခြင်း၊ ရောင်းချခြင်း၊ ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော အဝတ်အစားများဝတ်ဆင်ခြင်း၊ ဈေးသည်များအား သတ်မှတ်နေရာတွင် စနစ်တကျ ရောင်းချစေခြင်း စသည့် စည်းကမ်းများသတ်မှတ်၍ ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့၊ ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးမှူးအဖွဲ့များက လုံခြုံရေးစီစဉ်ထားပြီး တောင်ပေါ်ရောက် ဘုရားဖူးများအား ဆရာတော်ကြီးမှ သက်သတ်လွတ်ထမင်းများဖြင့် ဩ့ခံကျွေးမွေးထားပါတယ်" ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**အောင်မြင့်(ပန်းတောင်း)**

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ မန္တလေးမြို့၏ အထင်ကရ မဟာမုနိဘုရားနှင့် မန္တလေးမြို့အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၌ ဘုရားဖူးများ အထူးစည်ကားများပြား



**မန္တလေး ဇူလိုင် ၂၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အားလျော်စွာ မန္တလေးမြို့၏ အထင်ကရ မဟာမုနိဘုရားနှင့် မန္တလေးမြို့အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရား ပုထိုးစေတီများ၌ ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက် အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲ၊ ဝါဆို ဝါကပ်ပွဲ၊ ဝါဆိုပန်းကပ်လှူပူဇော်ပွဲများ၊ ရှင်ပြုအလှူပွဲတော် မင်္ဂလာစသည့် ကုသိုလ်ကောင်းမှုတို့ကို အေးချမ်းပျော်ရွှင်စွာ အထူးစည်ကားစွာ ဆင်ယင်ကျင်းပလျက်ရှိသည်ကို တွေ့ရှိရသည်။

နံနက် ၄ နာရီတွင် မန္တလေးမြို့မဟာမုနိဘုရားအား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူကြပြီး ရွှေသင်္ကန်း၊ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။ အလားတူ ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိဘုရားအား ရွှေသင်္ကန်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်း၊ ဆွမ်းရေချမ်းပန်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးများလွှတ်ခြင်း၊ တရားဘာဝနာအားထုတ်ကြခြင်းတို့ဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလှသည်။

ထို့အပြင် အရှေ့ပြင် မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရား၊ မန္တလေးတောင် ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်စန္ဒာမုနိဘုရား၊ အတုမရှိ ရွှေကျောင်းတော်ကြီး၊ စွယ်တော်မြတ်စေတီတော်၊ ဘုရားနီဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းပြည့်ဆုတောင်းရဘုရားနှင့် တဝဂူမြတ်စွာဘုရားဓမ္မာရုံတို့တွင် ဥပုသ်သီတင်းသီလစောင့်ထိန်းကြသူများသည် ဆရာတော်သံဃာတော်များထံမှ သီလခံယူဆောက်တည်ကြကာ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းလျက် တရားတော်များ နာယူလျက်ရှိကြပြီး ဘုရားပုထိုးစေတီဓမ္မာရုံတို့၌လည်း ဘုရားဖူးလာ ပြည်သူများ အထူးစည်ကားလျက်ရှိရာ စေတနာရှင်အလှူရှင်တို့ကလည်း စတုဒိသာကြာဆန်ဟင်း၊ ထမင်းဟင်း၊ အအေးစသည့်ဖြင့် လှူဒါန်းကုသိုလ်ယူလျက်ရှိသည်။

ယနေ့ နံနက် ၆နာရီတွင် မန္တလေးမြို့ ၃၁×၃၂ လမ်းကြားလမ်း ၈၀ ၌ မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ကြီးမှူး၍ ဝါတွင်းဥပုသ်နေ့ သံဃာတော်များအားဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြရာ မစိုးရိမ်ကျောင်းတိုက်မှ သံဃာတော် အပါး ၂၅၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြပြီး မဟာမုနိဘုရားကြီးသို့သွားရာ လမ်းများတွင်လည်း အလှူရှင်များက ဆွမ်းအလှူခံ ကြွရောက်တော်မူကြသည့် သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းတို့ကို လောင်းလှူကုသိုလ်ပြုလျက်ရှိသည်။

ထို့အပြင် မန္တလေးမြို့ အနောက်ခင်မကန်တိုက် မြကုန်းကျောင်း ဂိလာနပါလဆန်ပြုတ်နှင့် ရေသန့်အလှူအသင်းမှ ဦးဆောင်၍ စေတနာရှင် အလှူရှင်မိသားစုတို့က မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၊ အမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံ၊ ၆၂ လမ်းရှိ ခုတင် ၃၀၀ ဆံ့ဆေးရုံ၊ အရိုးဆေးရုံတို့ရှိ ဆေးကုသဆောင်အသီးသီး၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများနှင့် လူနာစောင့်များကို ထမင်းဟင်းများ အာဟာရမုန့်နှင့် ဆန်ပြုတ်များ၊ စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများကို ကုသိုလ်ပြုလှူဒါန်းကြပြီး အသင်းအဖွဲ့များ၊ စေတနာရှင်များကလည်း စေတီဘုရားကျောင်းဓမ္မာရုံတို့၌ ဘုရားဖူးလာပြည်သူများအား အစားအသောက်နှင့် အအေးများ တိုက်ကျွေးကုသိုလ်ပြုကြသည်။

ရုံးပိတ်ရက် သုံးရက်ဖြစ်၍ မိသားစုလိုက် မန္တလေးမြို့တွင်း ဘုရားများဖူးကြပြီး ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံ့သာဘုရား၊ နီးဘုရား၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ပြင်ဦးလွင်မြို့နယ် ဝါးနက်ချောင်းဆင်စခန်း၊ ၇ မိုင်၊ ၆ မိုင်နှင့် ၃ မိုင်အပန်းဖြေစခန်း၊ ဦးပိန်တံတား၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တို့အား သွားရောက်အနားယူ လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **တင်မောင်(မန်းကိုယ်ပွား)**



**ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် မန္တလေးမြို့ မဟာမုနိဘုရားတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။**



# ဝန်ပြန်ကျေးရွာ အောင်စည်ဟိန်းပြည်လုံးချမ်းသာစေတီ ဝါဆိုလပြည့် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော် ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ နေမျိုးနွယ်ပရိယတ္တိစာသင်တိုက်တွင် တည်ထားကိုးကွယ်သည့် အောင်စည်ဟိန်း ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော်၏ ပထမဆုံးအကြိမ် စေတီတော် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဝါဆိုလပြည့်နေ့ ယနေ့ နံနက် ၇နာရီက အဆိုပါစေတီတော် ရင်ပြင်၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါအခမ်းအနားကို နေမျိုးနွယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသအား အမှူးထား၍ ဝန်ပြန်ကျေးရွာ၊ ဝဲကြီးကျေးရွာမှ ဒေသခံများ၊ နယ်မြေခံဆက်သွယ်ရေးတပ်မှ တပ်မိသားစုဝင်များ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတိုက်တို့မှ တပည့်ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ စေတီတော်နှင့် အရံစေတီတော် လေးဆူ၊ စေတီတော် ဂန္ဓကုဋိတိုက်များအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များကို ကြာသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် နေ့ထူးနေ့မြတ်လည်းဖြစ်သည့်အတွက် ဝါဆိုသင်္ကန်းအဖြစ် ရည်မှန်းကပ်လှူခြင်းဖြစ်ပြီး စေတီရင်ပြင်တော်တွင် သစ်သီး၊ ဆွမ်း၊ ဒေသထွက်ကြာပန်းများဖြင့်လည်း ဒေသခံပြည်သူများက မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ခဲ့ကြသည်။ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ရန်အတွက် မြန်မာ့အလင်း သတင်းစာတိုက် နေပြည်တော်ရှိ ဝန်ထမ်းများစုပေါင်း၍ ဇူလိုင် ၂၆ ရက်ကလည်း စေတီတော်ပတ်ဝန်းကျင်နှင့် ရင်ပြင်တော်တို့တွင် သန့်ရှင်းရေးအတွက် လုပ်အားဒါန ကုသိုလ်ပြုခဲ့ကြသည်။

**မြန်မာ့အလင်း**

▲ ရှေ့ဖုံးမှ

နဝင်္ဂသီလခံယူဆောက်တည်ကြပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိသူရဦးတင်လှက အဖွင့်မင်္ဂလာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်ရှိ တန်ဆောင်းအသီးသီးတွင်လည်း သံဃာတော်များအား သင်္ကန်းကပ်လှူပူဇော်ခြင်း၊ သံဃာတော်များထံမှ သီလခံယူဆောက်တည်ခြင်း၊ လာရောက်အလှူဒါနပြုခြင်းများကိုလည်း တွေ့မြင်ခဲ့ရသည်။ ဘုရားဖူးလာပြည်သူများအား သီလခံယူရန် နှိုးဆော်မှုပြုနေသည့် ရင်ပြင်တော် အောင်မြေအနီး ဒေါ်စောမြတန်ဆောင်းရှိ အောင်မင်္ဂလာဝတ်အသင်းမှ ဘဏ္ဍာရေးမှူး ဒေါ်တင်မြင့်က “မနက်ပိုင်းမှာ ဂေါပကအဖွဲ့က ဦးစီးပြီး ဆွမ်းတော်ကြီးကပ်တယ်။ ဓမ္မစကြာလည်း ရွတ်ပြီးပြီ။ ကျွန်မတို့ တန်ဆောင်းမှာက သိ၊ ပယ်၊ စိုက်၊ ပွားဆိုတဲ့ မြတ်စွာဘုရားရဲ့ သစ္စာလေးချက်ကို သိအောင် ဝါဆိုဖယောင်းတိုင်၊ သစ္စာပန်းတွေနဲ့ ပူဇော်ထားပါတယ်။ ပြီးရင် ဓမ္မစကြာနဲ့ အနတ္တလက္ခဏသုတ်ရွတ်ဖို့လည်း အစီအစဉ်ရှိပါတယ်။ ဝါတွင်းမှာတော့ လပြည့်၊ လကွယ်၊ လဆန်း လဆုတ် ၈ ရက်နေ့တိုင်းမှာ အပတ်စဉ် သီလပေးပွဲလေး လုပ်သွားပါမယ်”ဟု ဝါတွင်းကာလ ကုသိုလ်ပြုမည့်အကြောင်းကို ရှင်းပြသည်။

ဘာသာရေးပွဲလမ်းသဘင်ကို နှစ်သက်သော မြန်မာလူမျိုးတို့သည် လအလိုက် ဘာသာရေးပွဲတော်ရက်များကို မိသားစုနှင့်အတူ နွဲပျော်လေ့ရှိရာ ယနေ့တွင်လည်း မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများ၊ ခင်မင်ရာအပေါင်းအသင်းများဖြင့် အစုလိုက်၊ အဖွဲ့လိုက် ရွှေတိဂုံစေတီတော်သို့ ရောက်လာမစဲ တသဲသဲဖြစ်နေသည်။ ဘာသာရေးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ် အလုပ်ပိတ်ရက်တွင် အဝလည်မည်ဟု အားခဲလာသော လှိုင်သာယာမြို့နယ် ဘုရားလမ်းမှ မအိအိငြိမ်းက “သမီးတို့က မနက် ၆ နာရီခွဲမှာ ထွက်လာတာ။ ဒီကိုစောစောရောက်တယ်။ တက္ကစီနဲ့လာတာလေ။ သူငယ်ချင်း ငါးဦးနဲ့ပါ။ ဒီမှာ ဘုရားဝအောင်ဖူးပြီးရင် ပြည်သူ့ရင်ပြင်ထဲသွားမယ်။ ရင်ပြင်ထဲကျမှ မနက်စာစားမယ်။ တစ်နေကုန်လည်ပြီး ပျော်လို့ဝမှ အိမ်ပြန်ကြမှာ”ဟု လွတ်လပ်မှုရှိသော လူငယ်သဘာဝဟန်ပန်အမူအရာဖြင့် ပြောသည်။

နယ်မှ ရန်ကုန်သို့ရောက်ပြီး မကြာမီမှာပင် ယခုလိုရုံးပိတ်ရက်နှင့် ကြုံတွေ့ပြီး ဘုရားဖူးရင်း ဗဟုသုတအရှာထွက်လာသည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) ဂွတ်ဆဲဗင်း ရေသန့်စက်ရုံမှ တာဝန်ခံ ဦးကျော်နီထွေးက “ဝါဆိုလပြည့်နေ့မှာ ကလေးတွေကို အလုပ်နားပြီး ဘုရားလိုက်ပို့ပေးတာပါ။ မနက် ၇ နာရီခွဲလောက်က ထွက်လာတာ။ ဒီမှာဖူးလို့ပြီးရင် ဗိုလ်တထောင်ဘုရားဘက် ဆက်သွားမယ်။ ပြီးမှ စက်ရုံပြန်နားကြမယ်။ မနက်စာတော့ ဗိုလ်တထောင်ဘုရားရောက်မှပဲ စားဖို့စဉ်းစားထားတယ်”ဟု လိုက်ပါလာသူ လူငယ်တစ်သိုက်ကိုကြည့်ရင်း ပြောသည်။

ရင်ပြင်တော်တောင်ဘက်မုခ်အနီး လမ်းလျှောက်တတ်ခါစ ကလေးငယ်နှစ်ဦးကို ဘယ်ညာတွဲရင်း နောက်မှလိုက်လာသည့် ဆွေမျိုးတစ်စုကို စောင့်ဆိုင်းနေသည့် ဒေါ်စိုးစိုးခိုင်က “ကျွန်မတို့က ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဝါးရုံဆိပ်ကပါ။ မနက်ကတည်းက ဒီဘက်ကမ်းကို သမ္ပန်နဲ့ ကူးလာတာ။ မိသားစုအားလုံး ၁၀ ဦးကျော်တာပေါ့။ ညီမတွေရော သားတွေ၊ တူတွေ၊ တူမတွေ အားလုံးခေါ်လာတာ။ ရွှေတိဂုံဘုရားဖူးပြီးရင် ကိုးထပ်ကြီးဘုရားကို ဆက်သွားမှာ။ မနက်စာကိုတော့ ကြုံတဲ့ဆိုင်မှာ စားမှာ။ ဒီမနက်က မိုးမရွာတော့ သွားရလာရ အဆင်ပြေတယ်”ဟု ပြောသည်။


ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

ထို့ပြင် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းမှလည်း အလှူအတန်းပြုလျက်ရှိသည်ကို တွေ့ရသည်။ ဘုရားဖူးလာပြည်သူများအား လက်ဖက်ရည်၊ အအေးတိုက်ကျွေးမှုများ၊ ပဋ္ဌာန်းပရိတ်စာအုပ် လှူဒါန်းမှုများ၊ ဆေးဝါးလှူဒါန်းမှုများကို စောင်းတန်းများအလိုက် တွေ့မြင်ရသည်။ ရင်ပြင်တော်ပေါ်ရှိ ဝတ်အသင်းများတွင် သံဃာတော်များအား နေ့ဆွမ်းကပ်ပြီး လာရောက်သူများအား စတုဒိသာအစုံအလင်တို့ဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ဘာသာရေးဆိုင်ရာ ရက်ကြီးရက်မြတ်ဖြစ်နေသောကြောင့် ရွှေတိဂုံစေတီတော်ကို ပတ်ပြီးပြေးဆွဲနေသော ယာဉ်လိုင်းများရှိ ယာဉ်အစီးရေမှာ မလောက်မင ဖြစ်နေသည်။ ကျပ်ကျပ်တည်းတည်း တိုးဝှေ့မစီးလိုသော လူကြီးလူငယ်အချို့က မြေနီကုန်းကားမှတ်တိုင်မှပင် ဘုရားအရောက် လမ်းလျှောက်ကြသည်။ အာဇာနည်ကုန်းဘေးမှလည်းကောင်း၊ လင့်လမ်းမှတ်တိုင်တည့်တည့် မြေနီလမ်းကလေးမှလည်းကောင်း လမ်းလျှောက်တက်သူတို့ကလည်း အများအပြားရှိနေသည်။ မြေနီကုန်းမှတ်တိုင်တွင် တာဝန်ရှိသူများ ကြပ်မတ်ပေးနေသည့်အတွက် ဗိုင်ဘီအက်စ် ၇၇ ယာဉ်လိုင်းက ဟံသာဝတီအဝိုင်းကို ဂိတ်ဆုံးဟု သတ်မှတ်သည်။

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနည်းတူ ရန်ကုန်မြို့ရှိ ထင်ရှားလူသိများသော ကမ္ဘာအေးစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျိုက်ဝိုင်းစေတီတော်၊ ကျောက်တော်ကြီးဘုရား စသော ဗုဒ္ဓဘာသာဆိုင်ရာ အထွတ်အမြတ်နေရာများတွင် လာရောက်ကြည်ညိုဖူးမြော်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**


ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် မဟာဝိဇယစေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်


ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ကျောင်းသား ကျောင်းသူများ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လာရောက်လေ့လာ



**နေပြည်တော် ဇူလိုင် ၂၇**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာသီသီလွင် ဦးဆောင်သော ကျောင်းသား ကျောင်းသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လာရောက်လေ့လာသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား အစည်းအဝေးခန်းမတွင် အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် စီမံရေးရာဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဥပဒေများ စိစစ်အကြံပြုရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဆွေက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်အကြံပြုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ လုပ်ငန်းများကို လည်းကောင်း၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးက အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဥပဒေရေးရာ၊ စီးပွားရေးစာချုပ်စာတမ်းများနှင့် အထွေထွေဥပဒေအကြံဉာဏ်ပေးရေး လုပ်ငန်းများကို လည်းကောင်း၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်း၊ နိုင်ငံတော်ကိုယ်စားပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများ လိုက်ပါဆောင်ရွက်ခြင်း၊ ပြစ်မှုဆိုင်ရာနှင့် တရားမအယူခံမှု ပြင်ဆင်မှုများစိစစ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ပါဆောင်ရွက်ခြင်းကို လည်းကောင်း ဦးစီးဌာနအလိုက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဥပဒေပညာဌာနမှ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ သီသီလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထူးခြားမြင့်မြတ် ဂုဏ်အင်ပြည့်စုံသည့် ဝါဆိုလပြည့်နေ့

ဒေါက်တာ အောင်သန်းဝင်း (အရှေ့တိုင်းပညာ)

**ဝါဆိုလပြည့်နေ့ကား "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဆိုသည့်အတိုင်း ဘုရားရှင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦးဓမ္မစကြာကို ဟောကြားတော်မူခြင်း၊ ရေအစုံမီးအစုံ တန်ခိုးပြာဋိဟာများကို ပြသတော်မူခြင်း စသည့်ထူးခြားသော ဘာသာရေးမှတ်တိုင်ကြီးများကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ဖြစ်သည်။ ထိုနေ့ကို ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဓမ္မစကြာနေ့ဟုခေါ်တွင်ပြီး တရားဝင်ရုံးပိတ်ရက်အဖြစ်လည်း သတ်မှတ်ထားသည်။ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံတို့မှလည်း ဓမ္မစကြာတရားတော်ကို အသံလွှင့်ပေးသည်။ မြို့၊ ရွာအနှံ့ ဗုဒ္ဓဘာသာဝတ်အသင်းအဖွဲ့များကလည်း ဓမ္မစကြာတရားတော်ကို ရွတ်ဆိုပူဇော်ကြသည်။ ဓမ္မစကြာရွတ်ဆို ပူဇော်ပွဲများကိုလည်း ခမ်းနားစွာကျင်းပကြသည်။ ဘုရားရှင်သည် ဝါဆိုလပြည့် ဓမ္မစကြာနေ့မှ အစပြုကာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးတို့သည် အာသဝေါကင်းကွာပြီး ရဟန္တာများ ဖြစ်သွားကြသည်။ ထို့ကြောင့် ထိုနေ့ကို ကမ္ဘာ့ရဟန္တာများနေ့ဟု ခေါ်တွင်ခြင်းဖြစ်သည်။**

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သက်တော် ၂၉ နှစ်တွင် တောထွက်တော်မူ၍ ဥရုဝေလတော၌ "လူသာမန်တို့ ကျင့်နိုင်ခဲသော ဒုက္ကရစရိယာ" အကျင့်ကို ကျင့်တော်မူသည်။ ထိုအခါ သိဒ္ဓတ္ထမင်းသားအား ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ဟောကြားတော်မူသော "ကောဏ္ဍည" အမှူးပြုသော ပဉ္စဝဂ္ဂီ ငါးဦးတို့က အနီးကပ် လုပ်ကျွေးပြုစုတော်မူသည်။ ဘုရားလောင်းသည် ဒုက္ကရစရိယာကို ခြောက်နှစ်တိုင်တိုင် ပြင်းထန်စွာ ကျင့်ကြံအားထုတ်သော်လည်း ဘုရားအဖြစ်သို့ မရောက်ရှိဘဲ ၃၂ ပါးသော လက္ခဏာတော် ကြီးငယ်အားလုံးတို့သည် ပျောက်ကွယ်ကုန်၏။

### ဘုရားအဖြစ်သို့ ကောင်းစွာရောက်ရှိတော်မူ

ထိုအခါ ဘုရားလောင်းသည် "ဤဒုက္ကရစရိယာအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်။ ငယ်စဉ်က ခမည်းတော် လယ်ထွန်မင်္ဂလာပြုစဉ် ဇမ္ဗုသပြေပင်ရိပ်၌ အာနာပါနဿတိကမ္မဋ္ဌာန်းကို စီးဖြန်းကာ ပထမဈာန်ဝင်စားခဲ့သည်ကို သတိရပြီးနောက် ထိုအာနာပါန သမာဓိဈာန်အကျင့်သည်သာလျှင် ဘုရားဖြစ်ရန် လမ်းမှန်၊ အကျင့်မှန်ဖြစ်မည်ဟု ဆုံးဖြတ်တော်မူပြီး မတင်းလွန်း မလျော့လွန်းသော မဇ္ဈိမပဋိပဒါမည်သော အလယ်အလတ်လမ်းစဉ်ကို ကျင့်တော်မူသည်။ ဘုရားလောင်းသည် ဗောဓိပင်စည်ကို နောက်မှီပြုကာ အရှေ့အရပ်ကိုမျက်နှာမူပြီး "စင်စစ် ငါ၏ကိုယ်၌ အရေ၊ အကြော၊ အရိုးတို့သည် ကြွင်းစေ၊ အသွေးအသားတို့သည် ခန်းခြောက်စေ၊ ငါသည် ဘုရားအဖြစ်သို့ မရောက်သေးသမျှကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေခြင်းကို မဖျက်" ဟု အဓိဋ္ဌာန်ပြု၍ အာနာပါနဿတိကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူနေသည်။ ထို့နောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်တို့ကို ရရှိတော်မူပြီး သဗ္ဗညုတရွှေဉာဏ်တော်ပွင့်လင်း၍ ဘုရားအဖြစ်သို့ ကောင်းစွာရောက်ရှိတော်မူလေသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဘုရားရှင်သည် တရားဦးဓမ္မစကြာ ဟောကြားတော်မူရန် ပဉ္စဝဂ္ဂီငါးဦးရှိရာ မိဂဒါဝုန်တောသို့ ကြွချီတော်မူသည်။ ထို့နောက် ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လထွက်အချိန်၌ ဓမ္မစက္ကပဝတ္တနသုတ္တမည်သော တရားဦးဓမ္မစကြာဒေသနာကို ဟောကြားတော်မူသည်။

ဗုဒ္ဓ၏ တရားဦး၌ ရဟန်းတို့ မမှီဝဲအပ်သော အစွန်းတရားနှစ်ပါးတို့ကို ဖော်ပြထားသည်။ ယင်းတို့မှာ (၁) ကာမသုခလ္လိကာနုယောဂ- ကာမဂုဏ်တို့၌ မွေ့လျော်သော အစွန်းတရား၊ (၂) အတ္တကိလမထနုယောဂ-မိမိကိုယ်ကိုမိမိ နှိပ်စက်ညှဉ်းပန်းသော အစွန်းတရားတို့ ဖြစ်ကြသည်။ ယင်းအစွန်းတရားနှစ်ပါးမှ လွတ်သောလမ်းစဉ်မှာ မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်ပင်ဖြစ်သည်။ ယင်းလမ်းစဉ်သည် ဒုက္ခအပေါင်းမှ ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာကိုရရန် တစ်ခုတည်းသောလမ်းစဉ်ဖြစ်သည်။ ယင်းလမ်းစဉ်ကို မဂ္ဂင်ရှစ်ပါးဟုလည်း ခေါ်သည်။

မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာဖြစ်၍ ကျန်သစ္စာတို့မှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှင့် နိရောဓသစ္စာတို့ ဖြစ်ကြသည်။ ဓမ္မစကြာတရားတော်အဆုံး၌ ရှင်ကောဏ္ဍညသည် သောတာပန်အရိယာဖြစ်တော်မူပြီး ဘုရားရှင်ထံ ရဟန်းအဖြစ် တောင်းခံတော်မူသည်။ ထိုအခါ ဘုရားရှင်က ရှင်ကောဏ္ဍညအား ဧဟိဘိက္ခုခေါ်ခြင်းဖြင့် ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းဖြစ်စေသည်။ ဘုရားရှင်သည် ဆက်လက်၍ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူရာ ကျန်လေးပါးတို့သည်လည်း အောက်ပါထေရ်စဉ်အတိုင်း သောတာပန်တည်ပြီး အရိယာများ ဖြစ်သွားကြသည်။



ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အရှင် ဝပ္ပ၊
ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် အရှင် ဘဒ္ဒိယ၊
ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် အရှင် မဟာနာမ်၊
ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် အရှင် အဿဇိ။

ထို့နောက် ဘုရားရှင်သည် အရှင် ဝပ္ပ၊ အရှင် ဘဒ္ဒိယ၊ အရှင် မဟာနာမ်၊ အရှင် အဿဇိတို့ကိုလည်း ဧဟိဘိက္ခုခေါ်ဆို၍ ရဟန်းအဖြစ်သို့ ချီးမြှင့်တော်မူသည်။ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ ဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူသည်။

### အနတ္တလက္ခဏာသုတ်

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော အနတ္တလက္ခဏာသုတ်တွင် ပဉ္စဝဂ္ဂီရဟန်းတို့အား ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏဟူသော ခန္ဓာငါးပါးတို့သည် အတ္တမဟုတ်ပုံ၊ ယင်းတို့သည် အတ္တဖြစ်ခဲ့လျှင် မိမိသဘောအတိုင်း စီရင်၍ ရရမည်ဖြစ်သည်။ သို့သော် ထိုခန္ဓာငါးပါးတို့သည် အတ္တမဟုတ် အနတ္တဖြစ်၍ မိမိသဘောအတိုင်း စီရင်၍မရကြောင်း ဟောကြားထားပါသည်။

မြတ်စွာဘုရားရှင်က "ရဟန်းတို့ ရုပ်သည်အတ္တမဟုတ်။ ရဟန်းတို့ ဤရုပ်သည် အတ္တဖြစ်ခဲ့လျှင် ရုပ်သည် နာကျင်ခြင်းငှာ မဖြစ်ရာ။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့် ဟူ၍လည်း ရုပ်၌ စီရင်၍ရရာ၏။ ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏။ ငါ၏ ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့် ဟူ၍လည်း ရုပ်၌ စီရင်၍မရပေ။

ထိုနည်းတူပင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် အတ္တမဟုတ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် အတ္တဖြစ်ခဲ့လျှင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် နာကျင်ခြင်း မဖြစ်ရာ။ ငါ၏ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် ဤသို့ဖြစ်စေ၊ ငါ၏ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် ဤသို့မဖြစ်စေလင့် ဟူ၍လည်း ဤတရားတို့၌ စီရင်၍ရရာ၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏။ ငါ၏ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် ဤသို့ဖြစ်စေ၊ ငါ၏ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည် ဤသို့မဖြစ်စေလင့် ဟူ၍ ဤတရားတို့၌ စီရင်၍မရအပ်ဟု ဟောကြားတော်မူသည်။

### ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြ

ထို့နောက် ဘုရားရှင်သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့၏ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော ထိုတရားတို့အား ဤအရာသည် ငါ့ဥစ္စာဖြစ်၏၊ ဤအရာသည် ငါဖြစ်၏၊ ဤအရာသည် ငါ့အတ္တတည်းဟု ရှုခြင်းငှာ မသင့်လျော်ပုံတို့ကို အမေးအဖြေပြုလုပ်၍ ဟောကြားတော်မူသည်။

ထို့နောက် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း၊ အပြင်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အဝေး၊ အနီးဖြစ်သော အလုံးစုံသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏဟူသော ခန္ဓာငါးပါးကို ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်မှန်သည့်အတိုင်း အမှန်အကန်ကောင်းသော ပညာဖြင့် ရှုအပ်ပုံကို ဟောကြားတော်မူသည်။

ထို့နောက် ရဟန်းတို့အား ဤသို့ ရှုသည်ရှိသော် အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့၌ ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် မတပ်မက်၊ မတပ်မက်ခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်ပြီးသော် ငါသည် ကိလေသာမှ လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်ပေါ်၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ မဂ်ကိစ္စကို ပြုအပ်ပြီ။ ဤ မဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏ဟု ဟောကြားတော်မူ၏။

ဗုဒ္ဓမြတ်စွာသည် အနတ္တလက္ခဏာသုတ်တရားတော်ကို ဆက်လက်ဟောကြားတော်မူရာ ပဉ္စဝဂ္ဂီငါးပါးတို့သည် တရားတော်ကို နှစ်သက်ကြကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ နာယူကြသည်။ ဤ ဂါထာမဖက် စကားပြေသက်သက်သော အနတ္တလက္ခဏာသုတ်ဒေသနာကို ဟောတော်မူပြီးသော် ပဉ္စဝဂ္ဂီရဟန်းတို့၏ စိတ်သည် တစ်စုံတစ်ခုကိုမျှ မစွဲလမ်း၊ မတပ်မက်မူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ကြကုန်သည်။ အနတ္တလက္ခဏာသုတ်တရားတော်အဆုံးတွင် ပဉ္စဝဂ္ဂီငါးဦးတို့သည် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြသည်။

### ကမ္ဘာ့ရဟန္တာများနေ့

ဘုရားရှင်၏ သာသနာတော်တွင် ဘုရားရှင်ပြီးလျှင် ပဉ္စဝဂ္ဂီ ငါးပါးတို့သည် အဦးဆုံးသော ရဟန္တာမထေရ်များဖြစ်ကြသည်။ ပဉ္စဝဂ္ဂီရဟန်းတို့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် ပေါ်ထွန်းလာသော ရဟန္တာမထေရ်မြတ်များ ဖြစ်ကြသည်။ ပဉ္စဝဂ္ဂီငါးဦးနှင့် အစပြုသော ဘုရားရှင်၏ သံဃအဖွဲ့အစည်းသည် တဖြည်းဖြည်းနှင့် များပြားလာရာ ယခုဆိုလျှင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့နေပြီဖြစ်သည်။ ထို့ကြောင့် သာသနာတော်၏ အဦးအစ၊ အဓိကကျသော သံဃာရတနာများဖြစ်ကြသည့် ပဉ္စဝဂ္ဂီရဟန်းငါးပါးတို့ ရဟန္တာဖြစ်သည့် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့သည်ကား ထူးခြားမြင့်မြတ်သည့် နေ့တစ်နေ့ဖြစ်ပေတော့သည်။ ။

> **"ပဉ္စဝဂ္ဂီငါးဦးနှင့် အစပြုသော ဘုရားရှင်၏ သံဃအဖွဲ့အစည်းသည် တဖြည်းဖြည်းနှင့် များပြားလာရာ ယခုဆိုလျှင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့နေပြီဖြစ်သည်။ ထို့ကြောင့် သာသနာတော်၏ အဦးအစ၊ အဓိကကျသော သံဃာရတနာများ ဖြစ်ကြသည့် ပဉ္စဝဂ္ဂီရဟန်းငါးပါးတို့ ရဟန္တာဖြစ်သည့် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့သည်ကား ထူးခြားမြင့်မြတ်သည့် နေ့တစ်နေ့ပင်ဖြစ်"**

# သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်ခေါက်စေတီ ဓာတ်လှေကား၊ စက်လှေကား တည်ဆောက်ရေး ပန္နက်တင်

**ရန်ကုန် ဇူလိုင် ၂၇**

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် ဘုရားဖူး ရဟန်းရှင်လူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် အဆင့်မြင့် ဓာတ်လှေကား၊ စက်လှေကား တည်ဆောက်ရေး ပန္နက်တော်တင် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်ကြီးများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးကြည်နှင့် တာဝန်ရှိသူများက ရတနာအုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်သြဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသက ရေစက်ချတရား ချီးမြှင့်သည်။

ဆက်လက်၍ ဆရာတော်ကြီး ဦးဆောင်ကာ သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်၊ ရတနာအုတ်မြစ်တော်များ စီပေးကြသည်။ သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်ကြီးတွင် တည်ဆောက်မည့် ဓာတ်လှေကားမှာ အရှည်ပေ ၁၅၀၊ အမြင့် ၇၂ ပေရှိပြီး စက်လှေကားမှာ အကျယ် ၁၄ ပေ၊ အရှည် ၃၄ ပေခွဲရှိပြီး ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၂၅၅၉၀၈၀၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**



# မောက်မယ်၌ ဝါဆိုဆွမ်းဆန်စိမ်း လောင်းလှူ

**မောက်မယ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် စုပေါင်းရုံးရှေ့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တွင် ရပ်ကွက်နှင့် ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက မြို့နယ်အတွင်းရှိ သံဃာတော် ၂၁၅ ပါးအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့် (မြန်/ဆက်)**

✳ ကျောဖုံးမှ

ရေဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်အလိုက် ဆက်လက်ထောက်ပံ့မှုများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း ပကတိအခြေအနေအရ လိုအပ်ချက်များကို ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားပြီး ဆန်၊ စားသုံးဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ကလေးများအတွက် ပဲနို့နှင့်မုန့်များ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဒေါက်မြို့သို့ရောက်ရှိကြပြီး တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ ရွှေမြတ်လေးပရဟိတ အဆောက်အအုံတွင် ပွဲ့တန်ဆာမြို့မှ ရွှေဇာမြေ လူမှုကူညီရေးအသင်းနှင့် ပြည်သူများက ရေဘေးရှောင်ပြည်သူများအတွက် လှူဒါန်းသော ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် အာဟာရမုန့်များကို လက်ခံရယူကာ ရေဘေးသင့်ပြည်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်မြို့နစ်ကျိုပ်ရှစ်ဆူ မြို့ဦးစေတီရုံတွင် ဖွင့်လှစ်ထားရှိသော ရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ရေဘေးသင့် ပြည်သူများကို အားပေးစကား ပြောကြားကာ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် လူမှုရေးအရ ထောက်ပံ့ရန်လိုအပ်သူများကို ထောက်ပံ့ငွေများပေးအပ်သည်။ ယနေ့ ထောက်ပံ့ငွေ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၅၁ သိန်းကျော် ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ နောက်နှစ်ရက်အတွင်း မိုးပိုမိုအားကောင်းစွာ ဆက်လက်ရွာသွန်းနိုင်ပြီး စိုးရိမ် ရေမှတ်အထက်တွင် ဆက်လက် တိုးမြင့်လာနိုင်သည်။ ထို့ကြောင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုနှင့် ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် အလျင်အမြန် တုံ့ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ ပဲခူးမြို့ရှိ ယာယီရေဘေးရှောင်စခန်းများသို့ ကူညီထောက်ပံ့ရေးဆောင်ရွက်ရန် သွားရောက်စဉ်။



## ရေဘေးရှောင်ပြည်သူများအတွက် ထမင်းထုပ်နှင့်ရေသန့်ဘူးများ ပေးဝေ

**ပဲခူး ဇူလိုင် ၂၇**

ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ထက် ပိုမိုကျော်လွန်လာသောကြောင့် ပဲခူးမြို့ မြေနိမ့်ပိုင်းရပ်ကွက်များ ရေများဝင်ရောက်သဖြင့် အိမ်ထောင်စု ၂၄၅၆ စုကျော် ရေဘေးရှောင်ကြရာ အဆိုပါရေဘေးရှောင်ပြည်သူများအတွက် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)မှ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာ၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ကြင်သန်း၊ ဒေါက်တာဒေါ်ရွှေပုံနှင့် ဒေါ်စန်းစန်းဌေးတို့က ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီတွင် ပဲခူးမြို့ ရေနစ်မြုပ်နေရာများဖြစ်သော ကလျာဏီရပ်ကွက် အနောက်ရွှေနံ့သာကျောင်းတိုက်၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ဉဿာမြို့သစ် (ဂ)ရပ်ကွက်ရှိ ကြခတ်ဝိုင်းတောရဘုန်းတော်ကြီးကျောင်းတို့တွင် ထမင်းထုပ်စုစုပေါင်း ၅၀၉၀ နှင့် ရေသန့်ဘူးများပေးဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

## ခရီးသည်စံချိန်တင်များပြားသဖြင့် ရန်ကုန်လေဆိပ် Terminal 1 ၌ ကြန့်ကြာမှုများကြုံတွေ့၊ အမြန်ဆုံးဖြေရှင်းမည်ဟု တာဝန်ရှိသူများသတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဖြစ်ပြီး ယနေ့ (ဇူလိုင် ၂၇ ရက်)သည် ဝါဆိုလပြည့်နေ့လည်းဖြစ်ပြီး ခရီးသွားလာသူများလည်း စံချိန်တင်များပြားသောကြောင့် ခရီးသည် ထူထပ်များပြားသဖြင့် စောင့်ဆိုင်းရသည်များ၊ ကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်ရပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်၊ ထွက်ကြသော များပြားလာသည့် ခရီးသည်များအား ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း Yangon Aerodrome ကုမ္ပဏီက ယနေ့သတင်းထုတ်ပြန်ထားသည်။

**စောင့်ဆိုင်းရမှုများရှိ**

ယနေ့နံနက်တွင် လေဆိပ် Terminal 1 ၌ ခရီးသည်များ ထူထပ်များပြားရခြင်းမှာ ယခင် Terminal 2 မှ လေကြောင်းလိုင်း ၁၁ လိုင်းသည် ယနေ့တွင် Terminal 1 သို့ စတင်ပြောင်းရွှေ့ပျံသန်းမှုပြုခဲ့ပြီး နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် ခရီးသွားလာသူများစွာ ရှိခဲ့ခြင်းကြောင့် ယနေ့နံနက်တွင် ခရီးသည်များ ထူထပ်များပြားခြင်း၊ စောင့်ဆိုင်းရမှုများရှိခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

**အသစ်ဖွင့်ထားပေး**

"ထွက်ခွာခရီးသည်တွေ Terminal 1ကို သွားဖို့ဆိုရင် ဂိတ်အမှတ် ၃ကနေ လုံခြုံရေးစစ်ဆေးမှု ဖြတ်သန်းပြီး ဝင်ပေါက်လမ်းကြောင်း နှစ်ကြောင်းနဲ့ Check-in Counter အမှတ်အေနဲ့ ဘီကို သွားနိုင်ပါတယ်။ ဂိတ်အမှတ် ၄ ကနေ ဝင်မယ်ဆိုရင် စီနဲ့ အက်ဖ်ကောင်တာတွေကို သွားနိုင်ပါတယ်။ Terminal 1 က ခရီးသည်တွေ ဆိုက်ရောက်နေရာကို သွားမယ်ဆိုရင် ဂိတ်အမှတ် ၇ မှာ ခရီးသည်တွေကို လာရောက်ကြိုဆိုတဲ့ မိသားစုတွေနဲ့ လွယ်လွယ်ကူကူ ဝင်ရောက်နိုင်ဖို့ ဝင်ပေါက် လမ်းကြောင်းကိုလည်း အသစ်ဖွင့်ထားပေးတယ်။ အခုအခါမှာ ခရီးသည်တွေ အဆင်ပြေစေဖို့ လုံခြုံရေးစစ်ဆေးမှု Screening ဖြတ်ဖို့ လမ်းကြောင်းလေးခုကို ထပ်မံတိုးချဲ့ပေးထားတာဖြစ်ပါတယ်။ လတ်တလော ခရီးသည်တွေ ကြန့်ကြာတဲ့ အခက်အခဲတွေ ကြုံရတဲ့အတွက် အဆင်မပြေတာတွေကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ အနူးအညွတ်လည်း တောင်းပန်အပ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သတင်းထုတ်ပြန်**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ Terminal 2 ကိုမူ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပိတ်ထားမည်ဖြစ်ပြီး Terminal 1 တွင် ယခုထက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း Yangon Aerodrome ကုမ္ပဏီမှ သတင်းထုတ်ပြန်ထားသည်။

**ခင်ရတနာ**

## အမေရိကန်နိုင်ငံမှ ဆရာဝန်ကြီးများ နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲကလေးငယ်များအား အခမဲ့ကုသပေးမည်

**ရန်ကုန် ဇူလိုင် ၂၇**

အမေရိကန်နိုင်ငံ Alliance for Smile Organization နှင့် ဝိတိုရိယကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအား ဝိတိုရိယဆေးရုံ၌ အောက်တိုဘာ ၂၃ရက်မှ နိုဝင်ဘာ ၂ရက်အထိ အခမဲ့ခွဲစိတ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများကို ဆဋ္ဌမအကြိမ်မြောက် အခမဲ့ကုသပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာနေထိုင်တဲ့ လူမျိုးမရွေး၊ ဘာသာမရွေး ကလေးငယ်များကို ကျန်းမာရေးစစ်ဆေးမှုတွေ၊ ခွဲစိတ်ကုသစရိတ်တွေနဲ့ အခြေခံဆေးဝါးတွေအားလုံးကို အခမဲ့အပြင် နယ်ဝေးမြို့မှ ကလေးတွေအတွက် ကလေးနဲ့အတူ မိဘအုပ်ထိန်းသူတစ်ဦးအတွက်လည်း နေစရာ၊ စားစရာတွေပါ စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ ကလေးတွေက နှာခေါင်းကနေ နှုတ်ခမ်းထိကွဲတာရှိတယ်။ တချို့က နှုတ်ခမ်းကွဲတာတစ်ခုတည်းရှိတယ်။ တချို့က နှုတ်ခမ်းရော၊ အာခေါင်ရောကွဲတဲ့သူပါ ရှိပါတယ်။ ဒါကြောင့် နှုတ်ခမ်းကွဲ ကလေးတွေကို အရင်ခွဲပါတယ်။ ရှစ်လ၊ ကိုးလ အာခေါင်ကွဲတဲ့ ကလေးတွေကို နှစ်နှစ်၊ သုံးနှစ်မှ ခွဲပါတယ်"ဟု နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးစိုးတင်က ပြောသည်။

**အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့**

ယင်းလူနာများကို အမေရိကန်နိုင်ငံ Alliance for Organization မှ မေ့ဆေးဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ Plastic Surgery ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဝိတိုရိယဆေးရုံကြီးမှ ဆရာဝန်များက ကျန်းမာရေးစစ်ဆေးပြီး ခွဲစိတ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ကူညီစောင့်ရှောက်ရေးဖောင်ဒေးရှင်းသည် ပဥ္စမကြိမ်အထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ စုစုပေါင်း ၄၅၀ ခန့်တို့ကို အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သိရသည်။

ခွဲစိတ်ကုသလိုသည့် ကလေးမိဘအုပ်ထိန်းသူများသည် ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ဖုန်း-၀၁-၉၆၆၆၁၄၁၊ ၀၉-၇၃၃၆၆၆၁၄၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**အေးကေလင်း**

## တာချီလိတ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့ ချောင်းရေဝင်

**တာချီလိတ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ ဇူလိုင် ၂၆ ရက် ညပိုင်းကစတင်၍ တောင်ပေါ်ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့ညနေပိုင်းက မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် မယ်ဆိုင်ချောင်းရေများ ဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

မယ်ဆိုင်ချောင်းရေနှင့် နီးစပ်ပြီး မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ပုန်းထွန်ရပ်ကွက်၊ တာလေ့ရပ်ကွက်၊ မကာဟိုခမ်းရပ်ကွက်၊ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ မြို့ပတ်လမ်းတို့တွင် ချောင်းရေများဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ချောင်းရေများဝင်ရောက်ခဲ့သည့် ရပ်ကွက်များ၌ နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်တို့ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက စောင့်ကြပ်ကြည့်ရှုကာ လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိသည်။ တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများပြားပါက မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် နှစ်စဉ်ချောင်းရေများ ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာစုပရိယတ္တိစာသင်တိုက် အောင်သုခ ဓမ္မာရုံ၌ ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥဂ္ဂသထံက နဝင်္ဂသီလခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူခဲ့ကြသည်။

ထို့နောက် သာစုပရိယတ္တိစာသင် တိုက်အတွင်း ဝါဆို ဝါကပ်တော်မူကြသော သံဃာတော်များအား ဝန်ကြီးချုပ်နှင့် ဇနီး၊ ဝန်ကြီးများ၊ တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ကျောင်းတိုက်၌ လှူဒါန်းမှုအစုစုမှာ ငွေကျပ် ၁၅၄ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ကိုကြီးတင်**





ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သမိုင်းဝင်ဆုတောင်းပြည့် မယ်လမုစေတီတော်တွင် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)၌ ဥပုသ်သီလဆောက်တည်သူများ၊ အလှူဒါနပြုသူများ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးသူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မြို့နယ် (ပြန်/ဆက်)

# ထန်တလန်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ ချင်းပြည်နယ် လူမှုရေးဝန်ကြီး တက်ရောက်

**ထန်တလန် ဇူလိုင် ၂၇**

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) မီနီဘတ်ဂျက်အတွက် ထန်တလန်မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းဖွဲ့အစည်းများဖြစ်သော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ထန်တလန်မြို့နယ်ခန်းမ၌ ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အမှာစကားပြောကြားပြီး ထန်တလန်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၁ ကျောင်းမှ တာဝန်ခံ ဆရာ ဆရာမများ ထံသို့ တစ်ကျောင်းလျှင် ထောက်ပံ့ငွေကျပ် ၃၅၀၀၀၀ နှုန်းဖြင့် အသီးသီး ပေးအပ်ကာ(ဓာတ်ပုံ)၊ ထန်တလန်မြို့ပေါ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ တာဝန်ခံဆရာမ ဒေါ်တင်တင်က မူလတန်းကြိုကျောင်းများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ထန်တလန် (ပြန်/ဆက်)**

# မြန်မာ့ရိုးရာအစားအစာပြပွဲ - ၂၀၁၈ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့ရိုးရာအစားအစာများနှင့် ဒေသအလိုက် လူကြိုက်များထင်ရှားသော ရိုးရာအစားအစာများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုသိရှိစေရန်အတွက် မြန်မာ့ရိုးရာအစားအစာပြပွဲ - ၂၀၁၈ (Myanmar Traditional Food Show - 2018) ကို ပုဂံမြို့ရှိ လောကနန္ဒာဘုရားဈေးပွဲတော်တွင် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ရာ ပုဂံဒေသရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာရင်း မြန်မာ့ရိုးရာအစားအစာများကို လာရောက်အားပေးသုံးဆောင်နိုင်ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**




# 10th ASEAN School Games ပြိုင်ပွဲတွင် အောင်ပွဲရအားကစားသမားများအားကြိုဆို

**ရန်ကုန် ဇူလိုင် ၂၇**

မလေးရှားနိုင်ငံ ShahAlam,Selangor မြို့တွင် အိမ်ရှင်အဖြစ် ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ လက်ခံကျင်းပခဲ့သည့် 10th ASEAN School Games ပြိုင်ပွဲသို့ မြန်မာကျောင်းသား ကျောင်းသူ အားကစားခုနစ်ဖွဲ့မှ မြန်မာအားကစားအဖွဲ့ အုပ်ချုပ်သူ အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် အုပ်ချုပ်၊ နည်းပြ၊ ဆေးအဖွဲ့ မှတ်တမ်းနှင့် အားကစားသမား စုစုပေါင်း ၁၀၄ ဦးတို့သည် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်နှင့် ည ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာ




သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ဦးသက်လွင်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် မိဘဆွေမျိုးများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ **(ဓာတ်ပုံ)**

ပြိုင်ပွဲအပြီးတွင် စုစုပေါင်း ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိရာ ပြေးခုန်ပစ် အမျိုးသားမီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မောင်မိုင်းညီညီမိုး (အား/ကာ သိပ္ပံ -တောင်ကြီး) က ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မလွီးဇာ (အား/ ကာ သိပ္ပံ -လွိုင်ကော်)က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၃၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မဇင်မေထက် (အား/ကာ သိပ္ပံ -တောင်ကြီး) က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသားမီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မောင်ဇာနည်ထွန်း (အား/ကာ သိပ္ပံ- မန္တလေး) က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသမီးစားပွဲတင်တင်းနစ် အသင်းလိုက်ပြိုင်ပွဲတွင် (အား/ကာ သိပ္ပံ-ရန်ကုန်) နှင့် အခြေခံပညာကျောင်း)မှ ပူးတွဲတတိယဆုကို လည်းကောင်း အသီးသီးဆုများရရှိခဲ့ရာ နိုင်ငံအလိုက်ရပ်တည်မှုအဆင့် ၇ နေရာ၌ရရှိခဲ့ကြောင်း သိရသည်။

**အေကေလင်း**

# အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများကျင်းပ

### ကနီ

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က ယင်းကျေးရွာအုပ်စု ကျောက်လှေကား ကျေးရွာ မစိုးရိမ်ကျောင်းတိုက် ဓမ္မာရုံ၌ ပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေငွေ၊ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာပြည်သူများက ဆွေးနွေးလိုသည့်အကြောင်းအရာများ ဆွေးနွေးမေးမြန်းကြရာ မြစ်ကျိုးအင်းပေါက်ရေကာတာ ပြုလုပ်ပေးနိုင်ခြင်း၊ အခြေခံပညာကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရေး၊ ကျောက်လှေကား-မုံရွာ ဆက်သွယ်သောကားလမ်း ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး၊ ကနီ-မင်းကင်းလမ်း ဆက်လက်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနည်းပညာများ အသိပေးဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး၊ ယင်းကျောက်လှေကားနှင့် အုပ်စုကျေးရွာချင်းဆက်လမ်း၊ ယင်းကျေးရွာ ရေနုတ်မြောင်း၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဆောင်ရွက်မှု၊ ကျေးလက်ကျန်းမာရေးနှင့် ပတ်သက်သည့် မေးခွန်းများ ဆွေးနွေးမေးမြန်းခဲ့မှုများအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာန ဆိုင်ရာများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

**သန်းငွေအောင်(ကနီ)**



### တောင်ငူ

တောင်ငူခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးစကားဝိုင်းကို ဇူလိုင် ၂၃ ရက်က တောင်ငူမြို့ အ.ထ.က (၁) ကျောင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း (အရှေ့ခြမ်း) MANA အသင်းဥက္ကဋ္ဌ ဦးညီညီ၊ တောင်ငူခရိုင် MANAအသင်းဥက္ကဋ္ဌ ဦးစံလှ (စံ-ကေတု)၊ အတွင်းရေးမှူး ဦးငွေဝင်းနှင့် ဘဏ္ဍာရေးမှူး ဒေါက်တာ မျိုးထွန်းတို့က ဦးဆောင်ဆွေးနွေးရာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**ကျော်လှ (တောင်ငူ)**

### သံတောင်ကြီး

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် စီပင်ကလေးကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၂၃ ရက်က စီပင်ကလေးကျေးရွာ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမ၌ ပြုလုပ်ရာ သံတောင်ကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးကာ တက်ရောက်လာသူများက ဒေသအတွင်း လက်ရှိဖြစ်နေသော သီးနှံများကို ကြွက်ဖျက်ဆီးခြင်း၊ ကျေးရွာတွင်လိုအပ်သော ပညာရေး၊ ကျန်းမာရေးနှင့်မြေယာကိစ္စများကို မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဒဂုံမြို့သစ် (အရှေ့ပိုင်း)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း တစ်ရပ်ကို ဇူလိုင် ၂၄ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစံရှိန်၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည် ထူထောင်ရေးအသင်း လူငယ်သံတမန်ဦးချစ်ချော၊ မူးယစ်တပ်ဖွဲ့စု(၄)မှ ခရိုင်ရဲမှူး ဦးစိုင်းတင်ထွန်းဦး၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးတင်အောင်လင်းတို့က ဆွေးနွေးပြောကြားပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပျော်ဘွယ်

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှရှောင်ကွင်းနိုင်ရန်ရည်ရွယ်၍ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ဟူသောခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က အမေထိန်းခန်းမ၌ ပြုလုပ်ရာ ဦးဆောင်ပါဝင်ဆွေးနွေးကြသူများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးနှင့် ဦးမြင့်စိုး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်စုံဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်လွင်နှင့် တာဝန်ရှိသူများက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဟူသော ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဧည့်ပရိသတ်များက မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးအတွက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# မြန်မာကျားထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်ရန် မျှော်လင့်ချက်များစွာရှိနေ

ရန်ကုန် ဇူလိုင် ၂၇

**မြန်မာနိုင်ငံ၏မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ကျားငယ်ကလေးများ ပြန်လည်မွေးဖွားလာနေသည့်အတွက် မြန်မာကျားထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်ရန် မျှော်လင့်ချက်များစွာရှိနေကြောင်း ကျားထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) WCS Myanmar ထံမှ သိရသည်။**

မြန်မာကျားထိန်းသိမ်းရေးလုပ်ငန်းများကို သုတေသနပြုလုပ်ကိုင်နေသည့် WCS Myanmar မှ သုတေသနလက်ထောက် ကိုပြည့်ဖြိုးကျော်က "ကျွန်တော်တို့ သုတေသနလုပ်ထားတဲ့ဧရိယာမှာ ၁၀၀ စကွဲယား ကီလိုမီတာမှာ တစ်ကောင်နှုန်းနဲ့ နေနိုင်တယ်လို့ လောလောဆယ် စာတမ်းတစ်စောင်ထွက်ထားတာတော့ ရှိပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ကျားများကို အထက်ချင်းတွင်းမြစ်ဝှမ်းဒေသ၊ တနင်္သာရီ-ဒေါနတောင်တန်းတို့တွင် တွေ့ရတတ်သည်ဟု သိရသည်။ ယင်းနေရာများတွင် ကျားမျိုးစိတ်နှစ်မျိုး ကျက်စားပြီး အိန္ဒိယဘက်နှင့် နွယ်သောကျားနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်နှင့် နွယ်သောကျားတို့ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် တိတိကျကျပြောနိုင်ရန် မျိုးရိုးဗီဇဆိုင်ရာ သုတေသနပြုလုပ်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်မှစ၍ အထက်ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကျက်စားနေသည့် ကျားမျိုးစိတ်ကို ပြည်ပအဖွဲ့အစည်း အချို့၏ ရန်ပုံငွေထောက်ပံ့ကူညီမှုဖြင့် သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ပူးပေါင်း၍ ထိန်းသိမ်းရေးနှင့် သုတေသနလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအထက်ပိုင်း ချင်းတွင်းမြစ်ဝှမ်းဒေသ၌ ကျားနှင့် ယင်းအစားခံ သတ္တဝါများ သုတေသနလုပ်ငန်းတွင် နှစ်စဉ်ကင်မရာထောင်ချောက် အလုံး ၁၀၀ ဖြင့် နေရာ ၂၂၅ ခုတွင် သုတေသနပြုလုပ်ပေးနေသည်မှာ သုံးနှစ်ခန့် ရှိပြီဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)က ထုတ်ပြန်ထားသည်။

လက်ရှိတွင် ကမ္ဘာပေါ်၌ ကျားကောင်ရေ ၄၀၀၀ အောက်လျော့နည်းနေပြီး မြန်မာနိုင်ငံတွင် အကောင်ရေ ၅၀ နှင့် ၁၀၀ ကြားသာရှိနိုင်မည်ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မြောက်ပိုင်းသစ်တောများ ဆက်စပ်နယ်မြေတာဝန်ခံ ဦးလှုနိုင်က ခန့်မှန်းထားကြောင်း သိရသည်။

နှစ်စဉ် ဇူလိုင် ၂၉ ရက်ကို ကမ္ဘာ့ကျားထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



မှတ်တမ်းတင်ထားသည့် မြန်မာ့ကျားမျိုးစိတ်မှ ကျားတစ်ကောင်။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှ ဇူလိုင်လ ၂၄ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | သချ်ာကိုပို၍ ပျော်ရွှင်ဖွယ်ကောင်းအောင်ပြုလုပ်ခြင်း | တင်ရွှေစာတည်း | ၂၅၀၀ | တင်ရွှေစာပေ |
| ၂။ | အလွဲကမ္ဘာဟာသများ | မောင်ဒိုးခ | ၉၀၀ | စိတ်ကူးချိုချို |
| ၃။ | မြေကြီးရှာသူများ | မြတ်ငြိမ်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄။ | လုပ်ငန်းခွင်ထဲက မိခင်ကောင်းတစ်ဦး၏ဘဝ | လှိုင်မြင့်ကြည် | ၁၀၀၀ | စိတ်ကူးချိုချို |
| ၅။ | ဂါမသီမာဒ်ဝိနိစ္ဆယ | ဘဒ္ဒန္တသုဓမ္မာစာရ ဘိဝံသ | ၅၅၀၀ | မိခင်ရောဝတီ |
| ၆။ | လယ်တီဝိပဿနာ အမှတ် (၃၇)ကျမ်းစာ | ဘဒ္ဒန္တသုဓမ္မာစာရ ဘိဝံသ | ၆၅၀၀ | မိခင်ရောဝတီ |
| ၇။ | မဂ်စခန်းဉာဏ်လမ်းသို့သွားရာ သိမှတ်စရာပဒေသာ | သက်ဇော်ကို | ၃၅၀၀ | မျိုးဆက်သစ် |
| ၈။ | သူ့အတွက် | ကောင်းစံသာ (ရေကြည်) | ၂၅၀၀ | ယဉ်မျိုး |
| ၉။ | ပန်းပွင့်နီနီနိုင်ငံတကာကလေးဝတ္ထုတိုများ | မိုးဇော်စိုး | ၂၀၀၀ | ခူဝံ |
| ၁၀။ | ရှုးသွပ်ခြင်း၏ဇာစ်မြစ် | တင်မောင်မြင့် | ၄၀၀၀ | Global Piece Group |
| ၁၁။ | မဖြေရှင်းနိုင်သော ကမ္ဘာကျော်ပဟေဠိများ - ၁၂ | ကိုဆွေ(ပန်နိုရားမား) | ၃၈၀၀ | ပန်ဒိုရားမား |
| ၁၂။ | ဖတ်, မှတ်, ကျင့်ကြံလျှောက်ရာလမ်းမှန် သတိပဋ္ဌာန် | သက်ဇော်ကို | ၅၀၀၀ | မျိုးဆက်သစ် |
| ၁၃။ | ချစ်တာနှင့် မေတ္တာအပါအဝင် အခြားဆောင်းပါးများ | ဟန်လှကြည် | ၃၅၀၀ | Myanmar Heritage |
| ၁၄။ | အာဏာရှင်စနစ်ကို တော်လှန်သူ (သို့မဟုတ်) ဗိုလ်ကြီးအုန်းကျော်မြင့် | လှမျိုးထွန်း | ၁၅၀၀ | ယဉ်မျိုး |
| ၁၅။ | ပါရမီဖက်ခင်ပွန်း | ငြိမ်းကျော် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၆။ | ရာပြည့်သမိုင်းဒေဝီ | ကလောင်စုံ | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၇။ | ကမ္ဘာတစ်ပတ်ရက် (၈၀) | သက်ဦးတင် | ၂၀၀၀ | ခူဝံ |
| ၁၈။ | အမျိုးသားရေးသရဏာဂုံ | ဘိက္ခုဘောသ်တ (ဘားအံ) | ၂၅၀၀ | ရန်အောင် (၂) |
| ၁၉။ | ဒီမိုကရေစီခေတ် အမျိုးသားရေးခေတ်ပြိုင်သမိုင်း | ငြိမ်းချမ်းသာ | ၁၅၀၀ | ရန်အောင် (၂) |
| ၂၀။ | အာကာသ | နိုင်ဇော် | ၂၀၀၀ | သီရိဝစ္ဆာ |
| ၂၁။ | ထွက်ပေါက်နှင့် ပညာရေးနယ်ပယ်၏ နောက်ကွယ်မှ ရန်စွယ်များ | ဆရာကြီး ဦးကျော်ဝင်း | ၂၅၀၀ | ဗညား |
| ၂၂။ | မေတ္တာကိုအခြေပြု၍ ကိုယ်တိုင်စတင်ခြင်း | ကလောင်စုံ | ၃၅၀၀ | စာပေခရီးသွား |

(ဆက်လက်ဖော်ပြပါမည်)

# သံလွင်မြစ်ရေ ဆက်လက်မြင့်တက်နေမှုကြောင့် ဘားအံ၌ ရေဘေးကယ်ဆယ်ရေးစခန်းများထပ်မံဖွင့်

**ဘားအံ ဇူလိုင် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေ မြင့်တက်လျက်ရှိပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင်၂၇ ရက်အထိ ရေဘေးသင့်အိမ်ထောင်စု ၁၁၀၀ ကျော် လူဦးရေ ၅၉၀၀ ကျော်အထိ ရှိလာကြောင်း သိရသည်။

ဘားအံမြို့တွင် ဇူလိုင်၂၂ ရက် ညနေပိုင်းမှ စတင်ကာ ၂၆ ရက် မွန်းလွဲပိုင်းထိ သံလွင်မြစ်ရေ နေ့စဉ်တိုးလာမှုကြောင့် ဘားအံမြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်းကိုး၊ ဘားအံမြို့သံလွင်မြစ်အနောက်ဘက်ကမ်းတွင် ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခု စုစုပေါင်း ၁၁ ခု ဖွင့်လှစ်ထားရပြီး အိမ်ထောင်စု ၁၁၀၀ ကျော် လူဦးရေ ၅၉၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၆ရက် မွန်းလွဲ ၃ နာရီခွဲမှစတင်ကာ ဘားအံမြို့ အမှတ်(၉)ရပ်ကွက် မေတ္တာလမ်းရှိ ပြည်နယ် ကမ္မဋ္ဌာန်းဘုန်းကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်း ၁၂ ခုမြောက် ထပ်မံဖွင့်လှစ်ခဲ့ရာ အိမ်ထောင်စု ၁၇ စု၊ လူဦးရေ စုစုပေါင်း ၇၉ ဦးရှိပြီး အမှတ်(၉)ရပ်ကွက် ဝါဆိုဦးအပိုင်းနှင့် အောင်ရတနာအပိုင်းများတွင် နေထိုင်ကြသော မိသားစုများဖြစ်ကြောင်း သိရသည်။



ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁၂နာရီခွဲ တိုင်းတာချက်အရ ဘားအံမြို့ရှိ သံလွင်မြစ်ရေသည် ၈၈၂ စင်တီမီတာ စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ပြီး မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ဘားအံကမ်းနားလမ်းနှင့် ဘားအံ-မော်လမြိုင်သွားကားလမ်းမပေါ် လမ်းအနိမ့်ပိုင်းနေရာများတွင်လည်း ရေကျော်လျက်ရှိကြောင်းနှင့် ဖွင့်လှစ်ပြီးရေဘေးစခန်းများတွင် လူဦးရေထပ်မံတိုးနေလျက်ရှိပြီး ၁၃ ခုမြောက် ရေဘေးစခန်းကို ထပ်မံဖွင့်ရဖွယ်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက ရေသန့်၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ အာဟာရဖြစ်စေသော ထမင်းဟင်းများကို ကူညီထောက်ပံ့လျက်ရှိကြောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့ကလည်း လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-နေမျိုးလွင်(ပြန်/ဆက်)**
**ဓာတ်ပုံ-ဖြိုးဝေဆက်(ဘားအံ)**

# ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်း ရေကျော်မှုကြောင့် ခရီးသွားလာမှု ယာယီပိတ်ထား

**မော်လမြိုင် ဇူလိုင် ၂၇**

မိုးသည်းထန်ရွာသွန်းမှုကြောင့် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီး ရေကျော်နေသဖြင့် ဖြတ်သန်းသွားလာမှုကို ဇူလိုင် ၂၆ ရက် ည ၈ နာရီမှစ၍ ယာယီပိတ်ထားရာ ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီအထိ ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

"မိုင်တိုင် ၁၂၆ နဲ့ ၁၂၉ ကြားမှာ အမြင့်ပေလေးပေထိ ရေကျော်မှုတွေ ခြောက်နေရာထိ ဖြစ်ပေါ်နေတယ်။ ရေကလည်း ဆက်တက်နေဆဲဖြစ်လို့ ယာဉ်တွေ ဖြတ်သန်းဖို့အတွက် ခွင့်မပြုနိုင်သေးပါဘူး"ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။



အဆိုပါနေရာတွင် ယာဉ်စီးရေရာနှင့်ချီပိတ်ဆို့နေပြီး လူဦးရေထောင်နှင့်ချီကာ ရေကျချိန်ကို စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ အလည်အပတ်ထွက်လာသည့် ခရီးသည်ကိုအောင်သာဝင်းကလည်း "မွန်းတည့် ၁၂ နာရီကတည်းက ဒီနေရာကိုရောက်နေတာပါ။ ဒီနေရာက ဘီးလင်းမြို့ဝင်နေရာလို့ ပြောပါတယ်။ ရှေ့မှာ ကားတန်းကြီးကလည်း အတော်ရှည်နေသေးတယ်။ အခု ညနေ ၄ နာရီအထိ မိုးကလည်း မစဲသေးဘူး၊ ဆက်ရွာနေဆဲပါပဲ"ဟု ကြုံတွေ့နေရသည့် အခြေအနေကို ပြောသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# ရေဦးမြို့ ချမ်းသာကြီးရေလယ်ဘုရား ရေကန်တွင်းရှိ ကုသိုလ်ပြုငါးများ အောက်ဆီဂျင်ပြတ်ကာသေဆုံး

**ရေဦး ဇူလိုင် ၂၇**

ရေဦးမြို့ အောင်ချမ်းသာရပ်ကွက် ချမ်းသာကြီးကျောင်းတိုက် ရေလယ်ဘုရားရေကန်တွင် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ကန်အတွင်း ကုသိုလ်ပြုမွေးမြူထားသော ဘေးမဲ့ငါးကြီးများ အောက်ဆီဂျင်ပြတ်ကာ သေဆုံးခဲ့သည်။

"ငါးတွေက ပထမရက်က နှစ်ကောင်ပဲသေပြီး ရေပေါ်ပေါ်လာတယ်။ သာမန်လို့ပဲ ထင်ထားတယ်။ ဒီနေ့မနက်ကန်ထဲမှာ သေနေတဲ့ငါးအကောင် နှစ်ရာကျော်တယ်၊ တချို့ငါးတွေဆို ခြောက်ပိဿာလောက်ရှိတယ်။ လွန်ခဲ့တဲ့ လေးနှစ်ခန့်ကလည်း အခုလိုဖြစ်ဖူးတယ်။ အဲဒီလိုဖြစ်ပြီးနောက် ငါးတွေပြန်ထည့်ပြီးမွေးထားတာ အခုလည်းသေကုန်ပြီ။ ကျောင်းအနောက်ဘက်မှာ ဆန်စက်တွေများတယ်။ အဲဒီဆန်စက်တွေကနေ စီးလာတဲ့ ဂက်စ်ရေဝင်ရောက်တာရယ်၊ ရေသွင်းရေထုတ်မရှိတာကြောင့် အောက်ဆီဂျင်ပြတ်ပြီး ငါးတွေသေခဲ့တာ"ဟု ချမ်းသာကြီးကျောင်းတိုက် စာချဆရာတော်က မိန့်ကြားခဲ့သည်။

ရေလယ်ဘုရားရေကန်မှ ကျန်ရှိနေသောငါးများ ဆက်လက်အသက်ရှင်စေရန် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးရန်ပိုင်ဖြိုး ဦးဆောင်ကာ မီးငြိမ်းသတ်ယာဉ်များဖြင့် ရေစုပ်ထုတ်ခြင်း၊ ရေသွင်းပေးခြင်းဖြင့် အောက်ဆီဂျင် ပြန်လည်ပြည့်ဝစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်( ရေဦး)**

# ပေါက်ခေါင်းမြို့နယ်၌ အလှူပွဲတွင်ကျွေးမွေးသည့် အစားအစာများ စားသောက်ပြီးနောက် ၇၉ ဦး အစာအဆိပ်သင့်

**ပေါက်ခေါင်း ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ချောင်းဇောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီက စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ကျွေးမွေးသည့် အစားအသောက်များ စားသောက်ခဲ့ပြီး ၇၉ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ကျွေးမွေးသည့် မုန့်ဟင်းခါး၊ ထန်းသီးမုန့်၊ ရွှေကြည်၊ မုန့်ဖက်ထုပ်၊ မုန့်လက်ကောက်၊ မုန့်ဆီကြော်နှင့် နံနက် ၁၁ နာရီမှစတင်ပြီး အုန်းနို့ခေါက်ဆွဲ တို့ကို စားသောက်ခဲ့ကြပြီးနောက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ညှော့ပရိသတ် ၁၅၀ ခန့်အနက်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၈ဦး ပေါင်း ၃၂ ဦး (မစိုးရိမ်ရ)အစာအဆိပ်သင့် မူးဝေအော့အန်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အဆိုပါ အစာအဆိပ်သင့်သူများသည် ၎င်းတို့အစီအစဉ်ဖြင့် ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ကြသည်။

ထို့နောက် ည ၈ နာရီခန့်တွင် အဆိုပါ လူ ၁၅၀ အနက်မှ အစာအဆိပ်သင့်မှု ထပ်မံဖြစ်ပွားသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာ ၂၇ ဦးနှင့် အတွင်းလူနာ ၄၉ ဦး အစာအဆိပ်သင့်လူနာပေါင်း ၇၆ ဦး(မစိုးရိမ်ရ) တက်ရောက်ကုသလျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နာရေးကူညီမှုအသင်း၊ ကရုဏာရောင်ခြည်အသင်းနှင့် ကြက်ခြေနီများပူးပေါင်းပြီး ကူညီပေးလျက်ရှိကြောင်း ပေါက်ခေါင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သိန်းတိုးဇော်သည် ဇူလိုင် ၂၆ ရက်က တောင်ကုတ်မြို့ သိမ်တောင်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း၌ မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောစဉ်။

ခရိုင်(ပြန်/ဆက်)

# တွံတေးမြို့နယ်၌ YBS (၂၃) ယာဉ်လိုင်းသစ် စမ်းသပ်ပြေးဆွဲ

**တွံတေး ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် YBS (၂၃) ယာဉ်လိုင်းမှ ယာဉ်များသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် စံဝေလ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဦးဆောင်၍ YBS (၂၃) ယာဉ်လိုင်းကို ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီမှစတင်၍ မူးလမန်းကျေးရွာရှိ စက်မှုလယ်ယာဝင်းအတွင်း ဂိတ်ပြုလုပ်၍ ထွက်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ YBS (၂၃) ယာဉ်လိုင်းတွင် တွံတေးမှ ဒလမြို့သို့ ယာဉ်နှစ်စီးဖြင့်လည်းကောင်း၊ တွံတေး-လှိုင်သာယာ-ထန်းတပင် (အနောက်ပိုင်းတက္ကသိုလ်)အထိ ယာဉ်နှစ်စီးဖြင့်လည်းကောင်း စမ်းသပ်ပြေးဆွဲမည်ဖြစ်သည်။ ဇူလိုင် ၂၇ ရက်သည် ဝါဆိုလပြည့်နေ့ဖြစ်သည့်အတွက် ခရီးသွားပြည်သူများကို တစ်နေ့တာ အခမဲ့ပို့ဆောင်ပြေးဆွဲပေးခဲ့ကြောင်း၊ ဇူလိုင် ၂၈ ရက်မှ စတင်၍ တွံတေး-ဒလခရီးစဉ် အစ၊ အဆုံး ယာဉ်စီးခငွေကျပ် ၅၀၀၊ ခရီးတစ်ဝက် ယာဉ်စီးခငွေကျပ် ၃၀၀ ဖြစ်ပြီး တွံတေး-လှိုင်သာယာ- ထန်းတပင် (အနောက်ပိုင်းတက္ကသိုလ်) ခရီးစဉ်ငွေကျပ် အစ၊ အဆုံး ငွေကျပ် ၈၀၀၊ ခရီးတစ်ဝက်ကို ငွေကျပ် ၄၀၀ ဖြင့်လည်းကောင်း YBS(၂၃)ယာဉ်လိုင်းကို စမ်းသပ်ပြေးဆွဲမည်ဖြစ်သည်။

"တွံတေးလိုင်းကို YBS ယာဉ်လိုင်းပြေးဆွဲသင့်တာကြာပါပြီ။ လက်လုပ်လက်စားတွေ၊ နေ့စဉ် ရန်ကုန်ရုံးတက်တဲ့သူတွေအတွက် အဆင်ပြေသွားတာပေါ့။ ရေရှည်ပြေးဆွဲရင် ပြည်သူတွေ ဝမ်းသာမှာပါ"ဟု ဦးစိုးမြင့်က ပြောသည်။

**မျိုးလှိုင်(တွံတေး)**

# အဖျောက်မြို့တွင် ဧရာဝတီမြစ်ရေတိုး၍ ကမ်းပါးပြိုကျေးရွာလေးရွာ ရေလွတ်ရာသို့ပြောင်းရွှေ့

**တိုက်ကြီး ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ တစ်ဖက်ကမ်း ဧရာဝတီမြစ်အလယ်ကျွန်းပေါ်ရှိ ရေပေါ်သောင်ကျေးရွာအုပ်စု ကျေးရွာလေးရွာသည် ဧရာဝတီမြစ်ရေတက်ခြင်း ရေပြန်ကျခြင်းများကြောင့် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲမှစတင်၍ ရေလွတ်ရာသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။

ဧရာဝတီမြစ် အလယ်ကျွန်းပေါ်ရှိ ရေပေါ်သောင်ကျေးရွာအုပ်စု ရေပေါ်သောင်ကျေးရွာ၊ မအူခုံကျေးရွာ၊ ရေပြန်အလယ်ရွာ၊ မဲသောင်ကျေးရွာများမှာ မြစ်ကမ်းနှင့် ၁၅ ပေ၊ ပေ ၂၀ ခန့်သာ ကွာဝေးတော့သဖြင့် အိမ်ထောင်စု ၁၇ စု၊ လူဦးရေ အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၆၃ ဦးသည် ယင်းကျေးရွာ ရေလွတ်ရာနေရာများသို့ အန္တရာယ်ကင်းစွာ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပေါင်မြို့နယ်ရှိ လေဘေးသင့်အိမ်ထောင်စု ၄၉ စုအတွက် ငွေနှင့်ပစ္စည်းများ သွားရောက်ထောက်ပံ့



**ပေါင် ဇူလိုင် ၂၇**

မွန်ပြည်နယ် ပေါင်မြို့တွင် ဇူလိုင် ၂၆ ရက် ညနေပိုင်းက လေပြင်းများတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်ရှိ နေအိမ် ၄၀ ကျော် ထိခိုက်ပျက်စီးသွားသောကြောင့် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ယာယီလေဘေးသင့်စခန်း၌ မွန်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**

မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေဘေးသင့် အိမ်ထောင်စု ၄၉ စု၊ လူဦးရေ ၂၂၀ ဦးအတွက် အိမ်ပြန်လည် ပြုပြင်ရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်း ကျော်ကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းက လေဘေးသင့် အိမ်ထောင်စုများတွက် ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ လက်ဝယ်အရောက်ထောက်ပံ့ပေးခဲ့ပြီး အားပေးစကားပြောကြား ခဲ့ကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**

# မိုင်းဆတ်-မိုင်းခုတ်လမ်း မြေပြိုပြီး ကားလမ်းပိတ်ဆို့၊ လမ်းလုပ်သားသုံးဦး မြေပိပျောက်ဆုံး

**မိုင်းဆတ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့၌ ဇူလိုင် ၂၆ ရက်ညနှင့် ၂၇ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုင်းဆတ်-မိုင်းခုတ် သွားလမ်းမ သဲတောင် ၂၃ ကီလိုမီတာ တွင် လမ်းခင်းလုပ်ငန်းလုပ်ကိုင်လျက်ရှိ သော အလုပ်သမားများနေထိုင်သည့် ယာယီတဲတန်းပေါ်သို့ ကျောက်တုံးများ နှင့် မြေသားများ ပြိုကျမှုကြောင့် တဲအတွင်းအိပ်နေသော အလုပ်သမား များအနက် ဦးတင်လင်း(၃၅နှစ်)၊ ဦးစိုးပိုင် (၃၅နှစ်)နှင့် ဦးဇော်ဦး(၄၀နှစ်) တို့သုံးဦး မြေပိပျောက်ဆုံးကြောင်း သိရသဖြင့် မွန်းလွဲ ၁ နာရီခန့်က မြို့အုပ်ချုပ်ရေးမှူး ဦးလင်းမင်းထွန်း၊ နယ်မြေစခန်းမှူး ရဲအုပ်ညွန့်ဝင်းဆွေနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကူညီရှာဖွေဆောင်ရွက်ခဲ့ရာ အလောင်း နှစ်လောင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီက မိုင်းဆတ်- မိုင်းခုတ်သွားလမ်းမ ရှုခင်းသာ(၂)ကျေးရွာအနီးနှင့် လွယ်ဆောင် ကျေးရွာအနီးတို့တွင် မြေပြိုပြီး ကားလမ်း ပိတ်ဆို့နေ၍ ယာဉ်များသွားလာနိုင်ရေး အတွက် လမ်းဦးစီးဌာနမှ ဘက်ဟိုးယာဉ် တစ်စီးဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုး အောင်၊ ခရိုင်လမ်းဦးစီးမှူး ဦးမျိုးဇာနည် ဦး၊ မိုင်းဆတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအောင်နိုင်ရွှေ ဦးဆောင်သော ရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပူးပေါင်းရှင်းလင်း ဖယ်ရှားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်(မြန်/ဆက်)**



# အမှတ်(၁၇၅)ရန်ကုန်-ထားဝယ်ရထား ရထားလမ်းရေကြီးနေမှုကြောင့် ခရီးစဉ်ကြန့်ကြာ

**ကျိုက်ထို ဇူလိုင် ၂၇**

ကျိုက်ထိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၂၆ ရက် ည ၉ နာရီခန့်တွင် သိမ်ဇရပ်ကျေးရွာ စစ်တောင်းတံတား သိမ်ဇရပ်ထိပ်မှ နဝရတ်ရပ်ကွက် ကန်သာယာရေကန်အထိ ရန်ကုန်-မော်လမြိုင်ရထားလမ်း မိုင်တိုင်အမှတ်(၇၇/၁၄) နှင့်(၇၇/၂၄)ရှိ ရထားလမ်းပေါ်၌ ရေအမြင့် တစ်ပေခြောက်လက်မခန့် မြင့်တက် လျက်ရှိရာ ရန်ကုန်မှထွက်ခွာလာသော အမှတ်(၁၇၅)အဆန် ရန်ကုန်-ထားဝယ် ခရီးသည်တင်အမြန်ရထားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဘူတာ တွင် ရပ်တန့်၍ ရေကျဆင်းမည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သတင်းရရှိ သည်။

**ဝင်းမောင်(ကျိုက်ထို)**

# ကျောက်ကြီးမြို့နယ်၌ ရေဘေးသင့်အိမ်ထောင်စု ၂၄၀ ကျော်ရှိလာ စာသင်ကျောင်း ၁၁ ကျောင်း ပိတ်ထားရ

**ကျောက်ကြီး ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းကာ ကျောက်ကြီးချောင်းရေလျှံမှု၊ စစ်တောင်းမြစ်ရေလျှံ မှုတို့ကြောင့် လက်ရှိတွင် ရေဘေးသင့်အိမ်ထောင်စု ၂၄၀ ကျော်ပြီဖြစ်ကာ အခြေခံ ပညာကျောင်း ၁၁ ကျောင်း ပိတ်ထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ကျောက်ကြီးမြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ ယနေ့အချိန်ထိ မိုးအဆက် မပြတ်ရွာနေသောကြောင့် ကျောက်ကြီးချောင်းရေမြင့်တက်ခြင်း၊ ကျောက်ကြီးချောင်း ရေကာတာ ပေ ၂၀ ခန့်ကျိုးခဲ့ခြင်း၊ စစ်တောင်းမြစ်ရေလျှံခြင်းများ ဖြစ်ပေါ်ကာ မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ အိမ်ထောင်စု ၂၄၀ ကျော် ရေကြီးနစ်မြုပ်နေသဖြင့် မြို့တွင်းကျောင်းတိုက်၊ မိုးကုတ်ဓမ္မရိပ်သာ၊ ကသစ်ဝိုင် ဓမ္မရိပ်သာနှင့် မြို့ဦးဘုန်းတော်ကြီးကျောင်းတို့ကို ယာယီကယ်ဆယ်ရေး စခန်းဖွင့်လှစ် ပြောင်းရွှေ့ထားရသည့်အပြင် နီးစပ်ရာ ဆွေမျိုးများအိမ်သို့လည်း ပို့ဆောင်ထား ကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုကြောင့် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်း ကျောင်း(ခွဲ) သုံးကျောင်း၊ အခြေခံပညာမူလတန်းလွန် လေးကျောင်း၊ မူလတန်းကျောင်း နှစ်ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၁၁ကျောင်း ယာယီပိတ်ထားရပြီး ရေဘေး သင့် အိမ်ထောင်စုများကို အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံတပ်ရင်းများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီရှေးဦးသူနာပြုတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့များက လိုအပ်သည်များ ကူညီပို့ဆောင်ပေးကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုသားကြီး(မြန်/ဆက်)**



# ဘီးလင်းရေကြီးနေမှု ကယ်ဆယ်ရေးလုပ်ရင်း တပ်မတော်သားသုံးဦးပျောက်ဆုံး

**မော်လမြိုင် ဇူလိုင် ၂၇**

ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမ ကြီးရှိ ဘီးလင်းမြို့လမ်း ရေကျော် နေရာ များတွင် ကယ်ဆယ်ရေးဆောင်ရွက်နေ သော တပ်မတော်သားသုံးဦး ရေထဲ မျောပါ ပျောက်ဆုံးလျက်ရှိကြောင်း သိရ သည်။

"မွန်းလွဲ ၁ နာရီကျော်က အဝေးပြေး လမ်း မိုင်တိုင် ၁၂၆ နဲ့ ၁၂၇ ကြားမှာ ဖြစ်သွားတာပါ။ ခုချိန်ထိတော့ ရှာမတွေ့ သေးပါဘူး။ ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ တပ်မတော်သားတွေ စုပေါင်းရှာဖွေနေဆဲ ပါပဲ။ ရေကြီးလို့ လမ်းပိတ်ထားတာလည်း နောက်ထပ် နှစ်ရက်၊ သုံးရက်လောက်ထိ ကြာနိုင်ပါသေးတယ်"ဟု မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်စွာရဲက ပြောသည်။

ပျောက်ဆုံးသူ တပ်မတော်သား သုံးဦးမှာ အဝေးပြေးလမ်းရေကျော်နေရာ တွင် ပိတ်မိနေသည့် ခရီးသည်များကို ကူညီကယ်ဆယ်ရန် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ရောက်လာခဲ့သူများ ဖြစ်သည်ဟု သိရသည်။

"ရေက တက်လာတာ အလွန်မြန် တယ်။ ရေစီးအားကလည်း ကောင်းနေ တယ်။ မနေ့ည ၁၁ နာရီလောက်တည်းက တက်လာတဲ့ရေက ခုထိမကျသေးဘူး၊ ဆက်တက်နေတုန်းပဲ"ဟု မြို့ခံ ကိုဇင် မင်းကျော်က ပြောသည်။

ဘီးလင်းမြစ်သည် မုတ္တမပင်လယ် ကွေ့ထဲသို့စီးဝင်ပြီး ပင်လယ်ဝနှင့် အဆိုပါ ပျောက်ဆုံးနေရာသည် ငါးမိုင်ခန့်သာ ကွာဝေးသည်ဟု ဒေသခံများထံမှ သိရ သည်။ ဘီးလင်းမြစ်ရေ တက်လာသည့် နှင့်အမျှ ပင်လယ်နားနီး ရွာငါးရွာမှာ ရွာလုံးကျွတ်နီးပါး ရေနစ်မြုပ်မှုများ ဖြစ်ပေါ်သဖြင့် ကယ်ဆယ်ရေးစခန်းများ တွင် နေရာချထားပေးရသည်ဟု ဦးကျော်စွာရဲက ပြောသည်။

ဘီးလင်းမြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ ၁၀၂၂ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီခွဲ တိုင်းတာချက် အရ ၁၁၀၀ စင်တီမီတာထိ ရောက်ရှိနေ ကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# တစ်နှစ်ကျော်ကာလအတွင်း သစ်တောမှု ၁၄၂၅ မှုမှ သစ်တန်ချိန် ၂၆၀၀ ကျော် ဖမ်းဆီးရမိ

**မကွေး ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီးအတွင်း တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းဖမ်းဆီး ခြင်းလုပ်ငန်းများကို စီမံချက်ချဆောင် ရွက်လျက်ရှိရာ တစ်နှစ်ကျော်ကာလ အတွင်း သစ်တောမှု ၁၄၂၅ မှုမှ သစ် တန်ချိန် ၂၆၀၇ ဒသမ ၁၀၉၆ တန်နှင့် တရားမဝင်ယာဉ် ၃၄၅ စီးတို့ကို ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သစ်တောမှု ၁၁၄၉ မှုမှ သစ်တန်ချိန် ၁၉၅၀ ဒသမ ၈၂၆၃ တန်၊ ယာဉ် ၂၈၆ စီး၊ ၂၀၁၈ ဧပြီလမှ ဇွန်လပိုင်းထိ သစ်တော မှု ၂၇၆ မှုမှ သစ်တန်ချိန် ၆၅၆ ဒသမ ၂၈၃၃ တန်၊ ယာဉ် ၅၉ စီးတို့ကို ဖမ်းဆီး ရမိခဲ့ခြင်းဖြစ်ပြီး သစ်တောစစ်ကြောင်း များဖြင့် လည်းကောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်သည့် လူထုအခြေပြု စောင့်ကြည့် သတင်းပို့စနစ်ဖြင့်လည်း ကောင်း ဆောင်ရွက်ခဲ့ကြောင်း မကွေး တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

"သစ်တောဝန်ထမ်းတွေဟာ ဒုစရိုက် သမားတွေရဲ့ အန္တရာယ်ပေးလာမှာကို မမှုဘဲ တရားမဝင်သစ်တွေကို ဖော်ထုတ် ဖမ်းဆီးနေပါတယ်။ ဘယ်လောက် လုပ်လုပ် ပြစ်တင်ပြောဆိုမှုတွေကလည်း မလွတ်ခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဝန်ထမ်းအင်အား မလုံလောက်ပေမယ့် သတင်းရရချင်း နေ့ညမရွေး တာဝန် ထမ်းဆောင်နေကြပါတယ်။ သတင်း ပေးလာတဲ့ ပြည်သူတွေရဲ့ စွမ်းဆောင် မှုကြောင့် ဖော်ထုတ်ဖမ်းဆီးမှုတွေ အများကြီး လုပ်နိုင်ခဲ့ပါတယ်။ ပြည်သူတွေ ရဲ့ပူးပေါင်းအားက ကျွန်တော်တို့အတွက် အလွန်အရေးကြီးပါတယ်"ဟု မကွေး တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်က ပြောသည်။

တရားမဝင်သစ်များ ဖမ်းဆီးအရေး ယူခြင်းအပြင် မကွေး Dry Zone ကို သဘာဝဘေးဒဏ်များမှ ကာကွယ်နိုင် ရန် နှစ်စဉ် သစ်ပင်ကိုးသိန်းဝန်းကျင် စိုက်ပျိုးခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စ၍ တစ်နှစ်ကျော်ကာလအတွင်း ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သီးနှံသစ်တော ရောနှောစိုက်ခင်းဧက ၁၇၃၈၄ ဒသမ ၉၈ ဧက စိုက်ပျိုးခြင်းများ လုပ်ဆောင်နိုင် ခဲ့ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီး ဌာနမှ သိရှိရသည်။

**ဇေယျာတု(မကွေး)**



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာ ကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီး နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၁၈ အာရှဖူဆယ်ကလပ်ပြိုင်ပွဲအတွက် မြန်မာကလပ် VUC အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၇**

ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ အာရှဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် VUC အသင်းသည် အပြီးသတ်ကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင် VUC အသင်းတွင် **အဖွဲ့ခေါင်းဆောင်-** ဦးနိုင်သောင်းထိုက်၊ **အုပ်ချုပ်သူ-** ဦးသောင်းအေး၊ **နည်းပြချုပ်-** ဦးဌေးမြင့်၊ **လက်ထောက်နည်းပြ-** ဦးဇော်ရဲမောင်၊ **ကြံ့ခိုင်ရေးနည်းပြ-** ဦးထွန်းဝင်းဦး၊ **ဂိုးနည်းပြ-** ဦးမျိုးပိုင်စိုး၊ **ဂိုးသမား-** ဇော်မျိုးထိုက်၊ မင်းမင်းသိန်း၊ **ကစားသမား-** စည်သူအောင်၊ နိုင်လင်းထွန်းကျော်၊ ညီညီစံ၊ ဝေဇင်ဦး၊ စိုးလင်းထက်၊ ကောင်းဇော်ထက်၊ မျိုးမြင့်စိုး၊ စိုင်းပြုံးအောင်၊ သီဟစိုး၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ ရှိုင်းထက်မင်း၊ ဖုန်းပြည့်ဝ၊ ဇော်ဇော်ထွန်းတို့ ပါဝင်ကြသည်။ VUC အသင်းသည် ပြိုင်ပွဲနီးမှ ယခင်နည်းပြချုပ် ဦးအောင်အောင်နှင့် လမ်းခွဲခဲ့ပြီး လက်ထောက်နည်းပြ ဦးဇော်ရဲမောင်ကို နည်းပြချုပ်အဖြစ် အာရှဘောလုံးအဖွဲ့ချုပ်ထံ မှတ်ပုံတင်သွင်းခဲ့သော်လည်း နည်းပြလိုင်စင် သတ်မှတ်ချက်ကြောင့် လုပ်ဆောင်ခွင့်မရဘဲ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနည်းပြချုပ် ဦးဌေးမြင့်ကို ယခုပြိုင်ပွဲအတွက် နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

VUC အသင်းတွင် လက်ရွေးစင်ကစားသမားအချို့ ပါဝင်လာပြီး ယခုပြိုင်ပွဲကို ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကလပ်အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းလေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ VUC အသင်းသည် အုပ်စု (က)တွင် မာတာရမ် (အင်ဒိုနီးရှား)၊ နာဂိုရာ (ဂျပန်)၊ ဒါလီယန် (တရုတ်) တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

VUC အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားကလပ် မာတာရမ်အသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဩဂုတ် ၃ ရက်တွင် ဂျပန်ကလပ် နာဂိုရာ အသင်း၊ ဩဂုတ် ၅ ရက်တွင် တရုတ်ကလပ် ဒါလီယန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာကလပ် အသင်းများသည် ယင်းပြိုင်ပွဲကို ပထမဆုံးယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး VUC အသင်း အတွက်လည်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

## လက်ရှိချန်ပီယံ မြဝတီအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၁) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းက ဇွဲကပင်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။

ဇွဲကပင်အသင်း ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း လက်ရှိချန်ပီယံ မြဝတီအသင်းက ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ဒုတိယနေရာမှ သစ္စာအားမာန်အသင်း အနိုင်ရခဲ့သောကြောင့် မြဝတီအသင်းသည် ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ရန် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ မြဝတီအတွက် အနိုင်ဂိုးများကို ၄ မိနစ်၊ ၇၁ မိနစ်တွင် ရှုပါခိုင်၊ ၂၄ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၈၂ မိနစ်တွင် လှယဉ်ဝင်းတို့က သွင်းယူခဲ့သည်။ ပွဲစဉ် (၁၁) အပြီးတွင် မြဝတီနှင့် သစ္စာအားမာန်အသင်းက ၃၁ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် မြဝတီအသင်းက ထိပ်ဆုံးမှ ဦးဆောင်နေသည်။ လာမည့်ပွဲများတွင် နှစ်သင်းစလုံး အနိုင်ရပါက ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

▼ *ကျောဖုံးမှ*

ထပ်မံညှိနှိုင်းလျက်ရှိပြီး အဝေးကွင်းများပါ သွားရောက်ကစားမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ကာတာနိုင်ငံသို့ သွားရောက် လေ့ကျင့်မည်ဖြစ်ပြီး တစ်ပတ်ကျော်ကြာမြင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲ သို့မဟုတ် သုံးပွဲကစားရန် စီစဉ်ထားပြီး ကာတာ ကလပ်အသင်းများနှင့်သာ ကစားရဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၂၆ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လက်ရှိနည်းပြသစ် ဂျာမန်လူမျိုး အန်တွမ်နီဟေး၏ ပထမဆုံးနိုင်ငံတကာပွဲလည်းဖြစ်ခဲ့သည်။

ယင်းခြေစမ်းပွဲမတိုင်မီ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက် အသင်းနှင့် မန္တလေးမြို့၌ ခြေစမ်းကစားခဲ့ပြီး ပြည်တွင်းနည်းပြများက တာဝန်ယူကိုင်တွယ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလတွင် ကစားမည့် ခြေစမ်းပွဲအတွက် ယူ-၂၃ အသင်း၏ အာရှအားကစားပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲအတွက်မူ အောက်တိုဘာလဆန်းပိုင်းတွင် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ ၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ညီမြတ်သော်တာ**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အသင်းထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၇**




မြန်မာယူ-၁၆ အသင်းသည် ၂၀၁၈ အာဆီယံ ယူ- ၁၆ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ မြန်မာ ယူ- ၁၆ အသင်းတွင် အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။

မြန်မာ ယူ- ၁၆ အသင်းတွင် **အုပ်ချုပ်သူ** - ဦးစည်သူဝင်း၊ **နည်းပြချုပ်-** ဦးညီညီလတ်၊ **လက်ထောက်နည်းပြ-** ဦးမင်းမင်းထွန်း၊ ဦးထွန်းလင်းအောင်၊ **ဂိုးနည်းပြ** - ဦးစိန်အေး၊ **ဂိုးသမား-** ဟိန်းထက်စိုး၊ နေလင်းထက်၊ စောခူမို၊ **နောက်တန်း-** စောထူးပွဲမို၊ မျိုးချစ်ဇော်၊ သော်ဇင်ထက်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော်၊ **အလယ်တန်း** - နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရဲထက်အောင်၊ ငြိမ်းဇေယျာ၊ ရန်နိုင်လင်း၊ ဝေယံစိုး၊ ရန်ကျော်စိုး၊ နိုင်ထွေး၊ ခွန်ကျော်ဇင်ဟိန်း၊ သန့်စည်သူ၊ **ရှေ့တန်း-** ပြည့်ဖြိုးအောင်၊ လမင်းထွေး၊ စောကျော်ထက်တို့ လိုက်ပါသွားသည်။

မြန်မာ ယူ- ၁၆ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ် သွားရောက်ခဲ့သည့် ကစားသမား ၂၃ ဦးဖြင့် ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ဇူလိုင် ၂၉ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၃၁ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၂ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၄ ရက်တွင်ကမ္ဘောဒီးယားအသင်း၊ ဩဂုတ် ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းမှာလည်း AFF U-16 Championship 2018 Tournament HOD အဖြစ် တာဝန်ပေးအပ်ခြင်းခံရသဖြင့် အသင်းနှင့်အတူ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

**ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-MFF**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဘာရာဇီးတောင်ပံကစားသမား အသက် (၂၁ နှစ်) အရွယ် မယ်ကွန်သည် ဘော်ဒိုးအသင်းမှ ဘာစီလိုနာအသင်းသို့ ပေါင် ၃၆ ဒသမ ၅ သန်းဖြင့် အပြီးသတ် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း ဘီဘီစီ၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် အမေရိကန်တွင် ရာသီအကြိုပွဲစဉ်များ ကစားရန် ရောက်ရှိနေသော ဘာစီလိုနာအသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။
- စပါးအသင်းပိုင်ရှင် ဒန်နီရယ်လီဗီသည် အက်စ်တွန်ဗီလာအသင်း၏ အသက် (၂၂ နှစ်) အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဂရီရယ်လစ်ချ်ကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- အေစီမီလန်အသင်းအနေဖြင့် အသက် (၂၅ နှစ်) အရွယ် စပိန်တိုက်စစ်ကစားသမား မိုရာတာကိုခေါ်ယူမည်ဆိုလျှင် ပေါင် ၆၂ သန်းအထိ ပေးချေရမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက အေစီမီလန်အသင်းကို ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ချယ်လ်ဆီးတာဝန်ရှိသူများသည် ဂျူဗင်တပ်စ်အသင်း၏ အသက် (၂၃ နှစ်) အရွယ် ရူဂါနီကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး အီတလီသို့ ထွက်ခွာသွားပြီဖြစ်သော်လည်း ၎င်းကို သတ်မှတ်ထားသော ပေါင်သန်း ၄၀ ကို ပေးချေရန် တုံ့ဆိုင်းနေကြောင်း ယူကေအခြေစိုက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- ဘာစီလိုနာအသင်းသည် အသက် (၂၃ နှစ်) အရွယ် ကိုလံဘီယာနောက်ခံကစားသမားမီနာအတွက် ပေါင် ၂၇ သန်းဖြင့် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုတစ်ရပ်ကို လက်ခံသွားရန်အဆင်သင့်ရှိနေကြောင်း ဂိုးဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- ခရစ္စတယ်ပဲလေ့စ်နှင့် အဲဗာတန်အသင်းတို့သည် ရိုးမားအသင်း၏ အသက် (၂၇ နှစ်)အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ဂါနယ်လွန်းစ်ကို ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိနေကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် နယူးကာဆယ်ကစားသမားဟောင်းတစ်ဦးဖြစ်သော ပီအက်စ်ဂျီအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အသက် (၃၁ နှစ်) အရွယ် ဘင်အာဖာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် စဉ်းစားလျက်ရှိနေကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ဖီနာဘာချီအသင်းသည် စတုတ်အသင်း၏ အသက် (၂၆ နှစ်) အရွယ် နယ်သာလန်နောက်ခံကစားသမား ဘရူနိုမာတင် အင်ဒီကို တစ်ရာသီအငှားဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း တူရကီဘက်ကလာသော သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# ယုံကြည်အောင်ပြောဆိုပြီး ငွေချေးယူကာ ထွက်ပြေးတိမ်းရှောင်သူအား အမှုဖွင့်

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် ယုံကြည်စွာပြောဆိုပြီး ငွေချေးယူကာ ထွက်ပြေးတိမ်းရှောင်နေသူကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက်နေ မဝင်းကေသွယ်စိုးသည် နေအိမ်၌ရှိနေစဉ် တစ်ရပ်ကွက်တည်းနေ မသန္တာလွင်(ခ)မလွင်သန္တာဦး (၃၀ နှစ်) ရောက်ရှိလာပြီး ၎င်း၏မိခင်ဖြစ်သူ ကျန်းမာရေးမကောင်းသဖြင့် ငွေပို့ပေးလိုခြင်းကြောင့် ငွေကျပ် ၇၀၀၀၀၀ ခေတ္တချေးပေးပါရန် ပြောကြားသည့်အပြင် ယင်းငွေအား တစ်ပတ်ကြာမြင့်သည့်ရက် ဇူလိုင် ၂၃ ရက်တွင် ပြန်လည်ပေးဆပ်မည် ဖြစ်ကြောင်း ပြောဆိုသဖြင့် မဝင်းကေသွယ်စိုးက အသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး၍ ပေးအပ်ခဲ့ရာ ချိန်းဆိုထားသည့် တစ်ပတ်ပြည့်မြောက်သည့်ရက်၌ လာရောက်ပေးအပ်ခြင်းမရှိဘဲ မိသားစုလိုက် ထွက်ပြေးတိမ်းရှောင်သွားကြောင်း အနီးပတ်ဝန်းကျင်ရှိအိမ်များမှ ပြောကြားချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မသန္တာလွင် (ခ) မလွင်သန္တာဦးကို အရေးယူပေးပါရန် မဝင်းကေသွယ်စိုးက ပျဉ်းမနားရဲစခန်းသို့ တိုင်တန်းသဖြင့် ပျဉ်းမနားရဲစခန်းက ဥပဒေအရဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်သို့ ဓာတ်အားပေးထားသော ကျိုက္ကဆံ-၃၃ ကေဗွီ ရွှေဂုံတိုင်ဓာတ်အားလိုင်းကို ငှက်များကြောင့် ဓာတ်အားပြတ်တောက်မှု မဖြစ်စေရေးအတွက် ဗဟန်းမြို့နယ်လျှပ်စစ်မန်နေဂျာ(စီမံ)ဦးအောင်ကျော်မိုး၊ ဦးစောသူရ (အင်/ယာ)နှင့် ဝန်ထမ်းများက ဇူလိုင် ၂၆ ရက်တွင် ငှက်မနားကိရိယာများ တပ်ဆင်ဆောင်ရွက်ကြစဉ်။

မြန်မာ့အလင်း

### မုတ်သုံလေအားအသင့်အတင့်မှ အားကောင်း

**နေပြည်တော် ဇူလိုင် ၂၇-** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။ **မြန်မာ့အလင်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၈ -၇-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၅၀ - သိမ်းဆည်းခံပြန်လည် စွန့်လွှတ်ပေးရေး နစ်နာသူ ပြည်သူများအတွက် သိကောင်းစရာ (တောင်သူဦးကြီးများ၏ ရောင်နီသန်းချိန်)
- ၉း၁၀ - "News Watch TV"
- ၉း၂၅ - မြစ်မခမီဒီယာ သဘာဝ ပတ်ဝန်းကျင်မှ လေ့လာ သင်ယူခြင်း
- ၁၀း၃၀ - လုံမမှတ်စု (အပိုင်း-၄၇)
- ၁၁း၂၅ - ဆေးဖက်ဝင်ဟင်းသီး ဟင်းရွက်နှင့်ကျန်းမာရေး **ပိန်းဥနှင့်ငရုတ်ကောင်း**
- ၁၄း၄၅ - **ရေ၊မြေ၊ လေထုညစ်ညမ်းမှု လူသားအားလုံးသတိပြု**
- ၁၅း၀၀ - **ကားကလေးနှင့် တူပျော်ပျော်**

**ညပိုင်း**

- ၁၆း၃၅ - **ခမ်းနားထည်ဝါ အင်းသားတို့ ရဲ့ရှေးလက်ရာ**
- ၁၆း၄၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၇း၀၅ - **ရခိုင်ပြည်နယ် ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍ အသီးသီးမှ ဆောင်ရွက်ချက် များ (၆၇)**
- ၁၇း၃၅ - NHK Programme (ကျည်ဆန်ရထားအသစ် ဖန်တီးတည်ဆောက်ခြင်း)
- ၁၈း၂၀ - ဇာတ်လမ်းအတိုအထွာ ပြိုးစရာ **ဘယ်သူ့အပြစ်လဲ**
- ၁၈း၃၀ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြား ဇာတ်လမ်းတွဲ **ချစ်ကြွေးမပြေ (အပိုင်း -၉)**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံခြားသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Big Step (Singer-Nyi Min Khaing)
- နိုင်ငံခြား ဇာတ်လမ်းတွဲ **အကယ်၍သာ** (အပိုင်း-၆)
- ဟိုတုန်းက ကက်ဆက် ဇာတ်လမ်းများ **ဩသြခယ်မ**

# အောင်မြေသာစံမြို့နယ်အတွင်း၌ လူသတ်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးမြို့ ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက် ၈၁ လမ်း ၂၄ × ၂၅ လမ်းကြား အကွက် (၁၇၃)ရှိ ခြောက်ထပ်တိုက် ခြောက်လွှာ၌ ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီခွဲက ဖြစ်ပွားသော လူသတ်မှုကျူးလွန်သူများအား စီစီတီဗွီနှင့် ဖုန်းခေါ်ဆိုမှုမှတ်တမ်းများအရ နာရီပိုင်းအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်၌ လူသတ်မှုဖြစ်ပွားကြောင်း အဆိုပါရပ်ကွက်နေ ဦးမောင်မောင်အေး (၆၃ နှစ်) က သတင်းပေး အကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ယင်းအခန်းတွင်နေထိုင်သည့် ဒေါ်ဥမ္မာကျော် (၇၃ နှစ်) ခန့်သည် အခန်းတွင်းရှိ တံခါးဝတွင် လဲလျောင်းနေသည်ကိုတွေ့ရှိရပြီး ဆက်လက်စစ်ဆေးရာ ဒေါ်ဥမ္မာကျော်၏သမီးဖြစ်သူ မအေးမိဇော်(ခ)မမြသီဂီကျော် (၂၈ နှစ်)မှာ အိပ်ခန်းအတွင်းရှိ အခန်းပေါက်ဝတွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိသဖြင့် အောင်မြေသာစံမြို့မရဲစခန်းက အမှုဖွင့်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရေးအတွက် အထူး အမှုစစ်အဖွဲ့များဖွဲ့စည်း၍ စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူများ၏ပုံရိပ်အား စီစီတီဗွီမှတ်တမ်းနှင့် သေဆုံးသူ မအေးမိဇော်၏ လက်ကိုင်ဖုန်းတွင်ကျန်ရှိသည့် ဖုန်းခေါ်ဆိုမှုမှတ်တမ်းများကို စစ်ဆေးရာ ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ သန်းထွန်း၏ လက်ကိုင်ဖုန်းနံပါတ်ကို တွေ့ရှိခဲ့သည်။

ထို့ကြောင့် ၎င်းအား လိုက်လံစုံစမ်းခဲ့ရာ သန်းထွန်း၏ တပည့်ဖြစ်သူ ချစ်ကောင်း(ခ)ကောင်းခန့်(၁၉ နှစ်) ၃၅ × ၆၆ လမ်းထောင့် မဟာအောင်မြေ မြို့နယ်နေသူအား ဇူလိုင် ၂၇ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ချစ်ကောင်း(ခ)ကောင်းခန့်အား ဆက်လက်စစ်ဆေးရာ ပြစ်မှုကျူးလွန်ရာတွင် ၎င်းနှင့် သန်းထွန်း၏ဇနီးဖြစ်သူ မသီတာဦးတို့ ပါဝင်ခဲ့ကြောင်းပေါ်ပေါက်သဖြင့် နံနက် ၂ နာရီခွဲက မသီတာဦး (၃၉ နှစ်) ရွှေကျောင်းကွက်သစ် ပုသိမ်ကြီးမြို့နယ်နေသူတို့အား ဖမ်းဆီးခဲ့ပြီး သန်းထွန်းအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၃၄/၄) အနီးတွင် ဇူလိုင်၂၇ ရက် နံနက် ၅ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။



ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ စကားအင်းအမြန်လမ်းမကြီး ရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် အမြန်လမ်း အရေးပေါ် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များ သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ သန်းထွန်းအောင် (၅၃ နှစ်) မောင်းနှင်သော 1C/----- ဟိုင်းလပ်ဆဖ်ယာဉ်သည် ဝဲဘက်ရှေ့ဘီး ပေါက်ကာအရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ဘာရီယာတုံးကိုတိုက်မိ၍ ရပ်တန့်သွားစဉ် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကျေးရွာနေ တင့်ကျော် (၄၉ နှစ်) မောင်းနှင်လာသော 1E/----- Elite Express ယာဉ်က နောက်မှဝင်ရောက်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် Elite Express ယာဉ်ပေါ်တွင်လိုက်ပါလာသူ ခရီးသည်အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၈ ဦးအနက် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မြင့်မြင့်လှိုင်(၃၈ နှစ်)တွင် ဒဏ်ရာရရှိခဲ့သောကြောင့် ယာဉ်မောင်းများဖြစ်သည့် သန်းထွန်းအောင်နှင့် တင့်ကျော်တို့နှစ်ဦးအား စကားအင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးဂိတ်၌ အထောက်အထားမဲ့ကျောက်စိမ်းတုံးများ ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်း ချောင် အမြဲတမ်းစစ်ဆေးရေးစခန်း တို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ ဖြင့်၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၁၂၂၃ စီး၊ သွင်းကုန်အစီး ၉၃၀၊ ရန်ကုန်- မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်ခြောက်စီး၊ သွင်းကုန် ၂၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက် ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၃၄ ဒသမ ၂၀၄ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း မှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၈၈ သန်းခန့်၊ စုစုပေါင်း တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၆၉၂ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ TOYOTA WISH ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း ဟုယူဆရသော ကျောက်တုံးဖြတ်စ ဆိုက်စုံ အတုံး ၃၀၊ ၃၀၅ ကီလိုဂရမ်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်း တန်ဖိုး ငွေကျပ် ၂၀ ဒသမ ၂၅၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# သီပေါ စံဖိတ်ကျေးရွာ၌ ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံး

**သီပေါ ဇူလိုင် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စု မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီး အရှေ့ဘက်စံဖိတ်ရွာ၌ ဇူလိုင် ၂၆ ရက်ည ၉ နာရီ မိနစ် ၅၀ က ဆိုင်ကယ်ဖြင့်လူနှစ်ဦး(စုံစမ်းဆဲ) ရောက်ရှိလာပြီး ဈေးဆိုင်အတွင်းသို့ ဝင်ရောက်လာကာ သေနတ်ဖြင့်ပစ်ခတ်ပြီး ထွက်ပြေးသွားခဲ့သည်။

သီပေါမြို့နယ် စံဖိတ်ကျေးရွာနေ ဦးစိန်ဝင်း(၄၄ နှစ်)၏ ကုန်စုံဆိုင်သို့ အမျိုးသားနှစ်ဦးရောက်ရှိလာပြီး အသက် ၂၀ ခန့်ရှိလူတစ်ဦးက ဈေးဆိုင်ရှေ့ပေါက်မှ ပြေးဝင်လာကာ တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ လွယ်အိတ်အတွင်းမှသေနတ်အတိုကို ထုတ်၍ အနီးကပ်ပစ်သတ်သဖြင့် ဆိုင်ရှင်ဦးစိန်ဝင်း သေဆုံးသွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် တာဝန်ရှိသူများရောက်ရှိလာပြီး နေအိမ်အတွင်းမှ ၉ မမပစ္စတိုကျည်ခွံသုံးခုကို တွေ့ရှိ၍ သိမ်းဆည်းကာ တပ်မတော်မှနယ်မြေအေးချမ်းရေးအတွက် လိုက်လံရှင်းလင်းလျက်ရှိသည်။ ဦးစိန်ဝင်းကို သေနတ်ဖြင့်ပစ်ခတ်သွားသူအား သီပေါမြို့ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဖားကန့်၌ မြေစာပုံပြိုကျမှုမှ ပျောက်ဆုံးသူ ရုပ်အလောင်း ၁၉ လောင်းတွေ့ရှိ

**ဖားကန့် ဇူလိုင် ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မမုံစံပြကျေးရွာအနီး ရော ရတနာကျောက်မျက်ကုမ္ပဏီ လုပ်ကွက်ဟောင်းအတွင်း ဇူလိုင်၂၄ ရက်က ကမ်းပါးယံ ပြိုကျမှုဖြစ်စဉ်ကြောင့် ပျောက်ဆုံးနေသူများ၏ ရုပ်အလောင်း ၁၉ လောင်း တွေ့ရှိကြောင်း သိရသည်။

မြေစာပုံပြိုကျမှုကြောင့် ပျောက်ဆုံးနေသည့် ရေမဆေးကျောက်ရှာဖွေသူ ၂၇ ဦးရှိခဲ့ရာ ဇူလိုင်၂၆ ရက် ညနေပိုင်းအထိ ရုပ်အလောင်း ၁၁ လောင်းတွေ့ရှိကာ ဇူလိုင် ၂၇ ရက်တွင် ရုပ်အလောင်းရှစ်လောင်း ထပ်မံတွေ့ရှိသဖြင့် စုစုပေါင်းပျောက်ဆုံး နေသူများ၏ ရုပ်အလောင်း ၁၉ လောင်းထိ ရှာဖွေရရှိပြီဖြစ်ကြောင်း သိရသည်။

ယမန်နေ့ ညနေ ၅ နာရီခန့်က တွေ့ရှိရသည့် သေဆုံးသူရုပ်အလောင်းသုံးလောင်းမှာ ဖားပြင်ကျေးရွာမှ ဦးခမ်းဒူနှင့် ဦးဒီးထော်ဖုန်၊ မမုံကျေးရွာမှ ဦးမနားမင်တန်တို့ဖြစ်ပြီး ယနေ့ တွင် မမုံကျေးရွာမှ ဦးဖလားဂျုံးရမ်၊ ဦးကျော်ဆန်း၊ ဦးစိုးညွန့်(ခ)အောင်စိုးနှင့် ဦးမုန်ဒန်၊ ဖားပြင်ကျေးရွာမှ ဦးရင်ထန်ဒီးရမ်နှင့် ဦးဝရမ်ခေါင်ဖေရမ်၊ အောက်မက်လင်ချောင်ကျေးရွာမှ ဦးဒဟန် ဒီးရမ်နှင့် ရှမ်းစုကျေးရွာမှ ဦးချန်းဇီတာတို့ရှစ်ဦးအား ရှာဖွေဆယ်ယူရရှိခဲ့ပြီး သက်ဆိုင်ရာမိသားစုဝင်များက ယူဆောင်သင်္ဂြိုဟ်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ကျန်ရှိသည့် ပျောက်ဆုံး နေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

မြစ်ကြီးနားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် ညနေ ၆ နာရီက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်နေ ဝင်းဦး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၈ ပြားကိုလည်းကောင်း၊ ဇူလိုင် ၂၇ ရက် နံနက်စောစောပိုင်းက မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာအုပ်စု ဆန္ဒွန်းကုန်းကျေးရွာနေ တင်ထွန်းမောင်(ခ) ဦးအောင်၏နေအိမ်ကို ရှာဖွေရာ တင်ထွန်းမောင်(ခ)ဦးအောင်၊ မချိုချိုမြင့်(ခ)မချို၊ အောင်ဝင်းနှင့် စိန်အောင်တို့အားတွေ့ရှိရပြီး အောင်ဝင်းက အထုပ်တစ်ထုပ်လွှင့်ပစ်လိုက်သဖြင့် စစ်ဆေးရာ ယင်းအထုပ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ကိုလည်းကောင်း၊ ဆက်လက်၍ ရှာဖွေရာ မီးဖိုချောင်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇူလိုင် ၂၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက် ပင်လည်ဘူး-ကောလင်းသွား ကားလမ်းဘေးရှိ မအေးကြည် (ခ) မတွတ်(ခ) အနှောင်း၏ နေအိမ်ကိုရှာဖွေရာ သန်းထွန်း၊ ကိုဇင်(ခ) ဇင်လင်းဦးနှင့် ခိုင်စိုးဦးတို့ကို တွေ့ရှိရပြီး ဆာလာအိတ်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၇၅ ခွက် (ဘိန်းဖြူ အလေးချိန် ၈၂၅ ဂရမ်) ကို လည်းကောင်း။

အလားတူ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက တပ်မတော်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၆၁ ရပ်ကွက် အဝေရာလမ်းတွင် ရာဇာဟိန်း (ခ)ရာဟု မောင်းနှင်ပြီး ကျော်ဌေး လိုက်ပါလာသည့် BELTA အငှားယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ အိုက်စ် ၁၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၇ ပြား၊ ထိုင်းဘတ် ၂၀၊ အမေရိကန်ဒေါ်လာ ၃ ဒေါ်လာ၊ မြန်မာငွေကျပ် ၉၀၉၀၀ နှင့် လက်ကိုင်ဖုန်းခြောက်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ ည ၈ နာရီခွဲတွင် ကျော်ဌေး အိမ်ငှားနေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၁ ရပ်ကွက် ဗိုလ်မင်းရောင်လမ်း တိုက်အမှတ် ၁၂၅၆ လေးလွှာကိုရှာဖွေရာ မတွယ်တာနှင်း(ခ) မအိချောအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁ ဒသမ ၁ ဂရမ်၊ အိုက်စ် ၀ ဒသမ ၂၄ ဂရမ်၊ မြန်မာငွေကျပ် ၅၂၅၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊

ထို့အတူ ည ၁၀ နာရီတွင် မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ဝိသကြုံလမ်းသွယ်(၂) သပြေခြံ အခန်းအမှတ် ၄ နေ မအေးခက်ခက်ခိုင်နှင့် ၎င်း၏ ခင်ပွန်းကျော်ဌေးတို့၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀၊ အိုက်စ် ၃၉၂ ဂရမ်နှင့် ငွေကျပ် ၁၀ သိန်းတို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာင်မြို့နယ် ကျောက်ကူပြင် ကျေးရွာအနီး ရွှာင်- ကျောက်ဆည် ကားလမ်း မိုင်တိုင်အမှတ်(၃၉/၁)တွင် ကျော်ဦး မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၁၉ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမေရိကန်-ကိုရီးယားစစ်ပွဲတွင် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များကို သယ်ဆောင်လာသောလေယာဉ် တောင်ကိုရီးယားသို့ ရောက်ရှိ

**ဆိုးလ် ဇူလိုင် ၂၇**

အမေရိကန် - ကိုရီးယားစစ်ပွဲအတွင်း မြောက်ကိုရီးယားနိုင်ငံတွင် ကျဆုံးခဲ့သော ကြွင်းကျန်ရစ်သည့် တပ်ဖွဲ့ဝင်များကို သယ်ဆောင်လာသော အမေရိကန်စစ်ဘက်ဆိုင်ရာ လေယာဉ်သည် မကြာသေးမီက တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ၆၅ နှစ်မြောက် စစ်ပြေငြိမ်းရေးနှစ်ဖက်သဘောတူညီမှု နှစ်ပတ်လည်က နှစ်နိုင်ငံတိုက်ခိုက်နေမှုကို အဆုံးသတ်ပေးခဲ့သည်။

ကျန်ရှိနေသာ ကြွင်းကျန်ရစ်သည့် တပ်ဖွဲ့ဝင်များကို ပြန်လည်လွှဲပြောင်းပေးရေးသည် လွန်ခဲ့သည့်လ စင်ကာပူတွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံဆွေးနွေးခဲ့သည့် သမိုင်းဝင်အစည်းအဝေး၌ သဘောတူညီမှုရရှိခဲ့သည့် အကြောင်းအရာများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ ဝမ်ဆန်ဆိပ်ကမ်းမြို့မှ ထွက်ခွာလာသော စီ-၁၇ အမေရိကန် ကုန်တင်လေယာဉ်သည် တောင်ကိုရီးယားနိုင်ငံရှိ အိုဆန်အမေရိကန်လေတပ်အခြေစိုက် စခန်းသို့ ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက ရောက်ရှိလာခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အဆိုပါအခမ်းအနားအတွက် တန်းစီပြီးအသင့်အနေအထားဖြစ်နေသည်ကို တိုက်ရိုက်တီဗွီအစီအစဉ်တွင် တွေ့မြင်ရသည်။

ကိုရီးယားကျွန်းဆွယ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀၀ ကျော် ကျဆုံးခဲ့ပြီး ၎င်းတို့ထဲတွင် မြောက်ကိုရီးယားတစ်နိုင်ငံတည်းတွင် ပျောက်ဆုံးခဲ့သည့် တပ်ဖွဲ့ဝင် ၅၃၀၀ အပါအဝင် စုစုပေါင်းခန့်မှန်းပမာဏတပ်ဖွဲ့ဝင် ၇၇၀၀ခန့် ပျောက်ဆုံးလျက်ရှိကြောင်း ပင်တဂွန်က ထုတ်ပြန်သော သတင်းအချက်အလက်အရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံရှိ ကြွင်းကျန်ရစ်သူများကို ဇာတိမြေပြန်ပို့သည့် ယနေ့ လုပ်ဆောင်ချက်များသည် သမိုင်းဝင်အစည်းအဝေးတွင် သဘောတူခဲ့သည့် အချက်များထဲမှ သိသာထင်ရှားသော ပထမခြေလှမ်းတစ်ခုပင်ဖြစ်ပြီး မကြာမီအချိန်တွင် မြောက်ကိုရီးယားနိုင်ငံတွင် ပျောက်ဆုံးလျက်ရှိသေးသည့် တပ်ဖွဲ့ဝင် ၅၃၀၀ ခန့်ကို ပြန်လည်ရှာဖွေနိုင်မည့်အခြေအနေပင်ဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဖော်ပြခဲ့သည်။



အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ ယခုကဲ့သို့ လုပ်ဆောင်ချက်များနှင့် အပြုသဘောဆောင်ပြောင်းလဲမှုများအပေါ် အားပေးပါကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ကြွင်းကျန်ရစ်သည့် တပ်ဖွဲ့ဝင်များကို ဇာတိမြေပြန်ပို့ရေးအခမ်းအနားကို အိုဆန်လေတပ်အခြေစိုက်စခန်းတွင် နောက်တစ်ပတ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အိုဆန်လေတပ်အခြေစိုက်စခန်းသို့ ရောက်လာသည့် တပ်ဖွဲ့ဝင်များကို မှုခင်းဆေးပညာစစ်ဆေးရန် ဟာဝိုင်ယီသို့ ပို့ဆောင်သွားမည်ဟု မျှော်လင့်ရသည်။

**အေအက်ဖ်ပီ**

# ဗီယက်နမ်တိုက်ခိုက်ရေး ဗုံးကြဲလေယာဉ်တစ်စင်းပျက်ကျ၊ လေယာဉ်မှူးနှစ်ဦးစလုံး သေဆုံး

**ဟနွိုင်း ဇူလိုင် ၂၇**

ဗီယက်နမ်နိုင်ငံ ဆူခွိုင်းအက်စ်ယူ ၂၂ အမျိုးအစားတိုက်ခိုက်ရေး ဗုံးကြဲ လေယာဉ်သည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ငါ့အန်းပြည်နယ်အတွင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့သည်ဆိုသည့် သတင်းကို ဒေသခံမီဒီယာများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ပျက်ကျမှုဖြစ်ခဲ့သော လေယာဉ်တွင် လေယာဉ်မှူးနှစ်ဦး လိုက်ပါသွားခဲ့ကြောင်း သိရသည်။ အဆိုပါလေယာဉ်သည် Nghia Dan ခရိုင် Nghia Yen မြို့နယ်ရှိ တောင်ကုန်းထူထပ်သောနေရာတွင် ပုံမှန်လေကြောင်းပျံသန်းလေ့ကျင့်မှု ပြုလုပ်နေစဉ်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လေကြောင်းကာကွယ်ရေးတပ်က ပြောခဲ့သည်ဟု ဗီယက်နမ်ပြည်သူ့တပ်မတော်အောက်ရှိ အထွေထွေနိုင်ငံရေးဌာန ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ငုယင်ထရွန်နိုင်က ဗီယက်နမ်နက် အွန်လိုင်းသတင်းစာသို့ ပြောကြားခဲ့သည်။



အဆိုပါလေယာဉ်သည် သန်ဟွာပြည်နယ်အလယ်ပိုင်း ဆော်ဗန်ပြည်သူ့တပ်မတော်လေဆိပ်မှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ လေယာဉ်မှာ ပေါက်ကွဲမှုကြီးဖြစ်ကာ ပျက်ကျခဲ့ပြီးနောက် တစ်စစီဖြစ်သွားခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီတွင် ရေးသားဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဂျပန်အနောက်ပိုင်းသို့ ဝင်ရောက်နိုင်ခြေရှိ

**တိုကျို ဇူလိုင် ၂၇**

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်ခုသည် ယခင်အစောပိုင်းက ရေကြီး၊ မြေပြိုမှုဖြစ်ပွားရာ ဂျပန်နိုင်ငံအနောက်ပိုင်းသို့ ထပ်မံဦးတည်ဝင်ရောက်နိုင်ကြောင်း ဂျပန်အာဏာပိုင်များက ဇူလိုင် ၂၇ ရက်တွင် ပြောခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း ဂျွန်ဒါရီသည် တစ်နာရီလျှင် ၁၂၅ မိုင်ခန့် တိုက်ခတ်နိုင်ကြောင်း ဂျပန်မိုး/ဇလအေဂျင်စီက ပြောခဲ့သည်။ အဆိုပါမုန်တိုင်းသည် ဂျပန်နိုင်ငံ၏ အဓိကကျွန်းကို လာမည့်စနေနေ့တွင် ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် လှိုင်းကြီးခြင်းတို့ဖြစ်နိုင်သောကြောင့် လူများကိုဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းနေထိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်များက သတိပေးထားသည်။

ဇူလိုင် ၂၇ ရက်တွင် အဆိုပါမုန်တိုင်းသည် တိုကျိုမြို့အနောက်တောင်ဘက် ၁၂၀၀ ကီလိုမီတာခန့်တွင်တည်ရှိနေပြီး ချီချီဂျီမားကျွန်းသို့ ဦးတည်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ စနေနေ့နှောင်းပိုင်းတွင် ဂျပန်နိုင်ငံအနောက်ပိုင်း ချူဂိုကုဒေသသို့ ဝင်ရောက်နိုင်ခြေရှိကြောင်း သိရသည်။

အဆိုပါဒေသသည် ယခုလအစောပိုင်းကဖြစ်ပွားခဲ့သော မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီး၊ မြေပြိုမှုများကြောင့် လူပေါင်း ၂၂၀ ဝန်းကျင်ခန့် သေဆုံးခဲ့သည့် ဒေသဖြစ်သည်။

အဆိုပါအခြေအနေသည် ဆယ်စုနှစ်အတွင်း ဂျပန်နိုင်ငံ၏ အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ကျရောက်မှုဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများရှိ ပြည်သူများသည် ယခုအချိန်အထိ ယာယီနားခိုရာနေရာများနှင့် အိမ်ပျက်များတွင် နေထိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ယခုအခါ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်သည့် ရာသီဖြစ်ကာ အထူးသဖြင့် မုန်တိုင်းများသည် နွေရာသီနှင့် ဆောင်းဦးရာသီတို့တွင် တိုက်ခတ်လေ့ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**




# ပါကစ္စတန်ရွေးကောက်ပွဲတွင် ခရစ်ကက်ကြယ်ပွင့်ဟောင်း အင်မရန်ခန်း ပွတ်ကာသီကာ အနိုင်ရရှိခဲ့

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၇**

ပါကစ္စတန်မှ ခရစ်ကက်ကြယ်ပွင့်ဟောင်း အင်မရန်ခန်းသည် ကြာသပတေးနေ့က ၎င်း၏ပါတီ Pakistan Tehrik-i-Insaf (PTI) သည်အထွေထွေရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ကြောင်း သောကြာနေ့က ကြေညာခဲ့သည်။ အနိုင်ရရှိခဲ့သည်မှာ မှန်သော်လည်း ပွတ်ကာသီကာ အနိုင်ရရှိခဲ့ခြင်းဖြစ်၍ အစိုးရအဖွဲ့ဖွဲ့ရန် မဲလုံလောက်မှု မရှိပေ။ ထို့ကြောင့် ညွန့်ပေါင်းအစိုးရ ဖွဲ့ရန် လိုအပ်လာမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် မဲရလဒ်များကို ကြေညာရန် နှောင့်နှေးခဲ့သဖြင့် မဲမသမာမှုများ ရှိနေသည်ဟု စွပ်စွဲခဲ့ကြသည်။ မြို့တော်အနီး ၎င်း၏ဇာတိမှ ထုတ်လွှင့်သော ရုပ်သံထုတ်လွှင့်ချက်တွင် အင်မရန်ခန်းက ၎င်းကို မဲပေးခဲ့သည့်လူတစ်ဦးချင်းစီအတွက် ကျေးဇူးတင်ကြောင်း၊ အကြမ်းဖက်သမား၏ ခြိမ်းခြောက်မှုအန္တရာယ်များကြားမှ မဲပေးခဲ့ကြသည်ကို အသိအမှတ်ပြုပါကြောင်း ပြောကြားခဲ့သည်။ မစ္စတာခန်းသည် ၁၉၉၆ ခုနှစ်က ပါတီ စတင်တည်ထောင်ခဲ့ပြီး တိုင်းပြည်ကို လူမှုဘဝဖူလုံရေးတာဝန်ယူဆောင်ရွက်ပေးနိုင်ရေး တောင်းဆိုခဲ့သူဖြစ်သည်။

၎င်းသည် တိုင်းပြည်၏ အုပ်ချုပ်မှုစနစ် မြှင့်တင်ရေးအတွက် အဓိကကျသည့် ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲရန် ဆန္ဒရှိသူလည်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံ၌ အမျိုးသားညီလာခံအဖွဲ့ဝင်များ၊ ပါလီမန်အမတ်များ၊ ပြည်နယ်လေးခုမှ ညီလာခံအဖွဲ့ဝင်များ အစရှိသည်တို့ကို ရွေးချယ်ရန်အတွက် ရွေးကောက်ပွဲကို ဗုဒ္ဓဟူးနေ့တွင် ကျင်းပခဲ့သည်။

**ဆင်ဟွာ**

# အစ္စရေးသုံးဦးကို ဓားဖြင့်ထိုးခဲ့သည့် ပါလက်စတိုင်းလူငယ်တစ်ဦးကို အသေဖမ်းဆီး

**ဂျေရုဆလင် ဇူလိုင် ၂၇**

အနောက်ဘက်ကမ်း ရာမာလာမြို့တောင်ပိုင်း အစ္စရေးအခြေချအိမ်ရာများအနီး အစ္စရေးသုံးဦးကို ဓားဖြင့်ထိုးခဲ့သည့် ပါလက်စတိုင်းလူငယ်တစ်ဦးကို အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့နှင့် ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ ဆယ်ကျော်သက်လူငယ်တစ်ဦးက ဓားကိုင်ဆောင်ပြီး အစ္စရေးသုံးဦးကို ဒဏ်ရာရရှိအောင်ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ၎င်းကိုပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း အစ္စရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သေဆုံးသွားသည့် ပါလက်စတိုင်းလူငယ်၏ ဇာစ်မြစ်ကို မသိရသေးကြောင်း အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အဆိုပါလူငယ်သည် အစ္စရေးလူမျိုးများ၏နေအိမ်အတွင်းဝင်ရောက်ကာ လူသုံးဦးကို ဓားဖြင့်ဝင်ထိုးခဲ့ကြောင်း၊ လူနှစ်ဦးမှာအခြေအနေစိုးရိမ်ရပြီး တစ်ဦးမှာ အသေးစားဒဏ်ရာရရှိသွားခဲ့ကြောင်း အစ္စရေးမီဒီယာများက ဖော်ပြကြသည်။ ပါလက်စတိုင်း ဆိုရှယ်မီဒီယာများတွင်မူ သေဆုံးသွားသည့် ပါလက်စတိုင်းလူငယ်မှာ အသက် ၁၇ နှစ်အရွယ် အာမတ်အဘူအာရိုရှ်ဖြစ်ပြီး ရာမာလာမြို့မြောက်ပိုင်း ကူဘာကျေးရွာမှ ဖြစ်ကြောင်း ဖော်ပြထားကြသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အပူလှိုင်းဖြစ်ခြင်းနှင့်ပတ်သက်၍ ပြင်သစ်အာဏာပိုင်များ သတိပေးထား

**ပါရီ ဇူလိုင် ၂၇**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အပူလှိုင်းဒဏ်ကြောင့် အပူလျှပ်ခြင်းများ မဖြစ်ပွားစေရေးအတွက် ပြင်သစ်နိုင်ငံ ရာသီဥတုနှင့် မြူနီစီပယ်ရုံး အရာရှိများက သတိပေးမှု ထုတ်ပြန်ထားသည်။ ပြည်သူများသည် စိန်းမြစ်ဘေးတစ်လျှောက် အရိပ်ရသစ်ပင်များအောက်တွင် အနားယူနေကြသည်ကိုတွေ့ရှိနိုင်ပြီး အီဖယ်မျှော်စင်အနီးရှိ ရေပန်းဥယျာဉ်တွင်လည်း အနားယူအပန်းဖြေနေသည်ကို တွေ့ရသည်။

လက်ရှိအပူချိန်မှာ ၃၇ ဒီဂရီဆဲလ်စီးရပ်ရှိသည်။ လေအေးပေးစက်မရှိသည့် အိမ်များတွင် အပူလျှပ်ခြင်းများဖြစ်ပေါ်မည်ကို အစိုးရက စိုးရိမ်လျက်ရှိပြီး ပြည်သူများ နားနေနိုင်ရန် အများပြည်သူများနှင့် သက်ဆိုင်သောနေရာများတွင် လေအေးပေးစက်များ တပ်ဆင်ပေးထားသည်။

Call Center များတွင် အလုပ်သမားပေါင်း ၅၀ ခန့်လုပ်ကိုင်လျက်ရှိပြီး ထိုလူများသည် တစ်နေ့လျှင်နှစ်ကြိမ်ခန့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများထံ ဖုန်းဆက်ကာ ကျန်းမာရေးအခြေအနေကို မေးမြန်းကြပြီး အပူဒဏ်ကာကွယ်နိုင်ရေးအကြံပေးမှုများကို ပြုလုပ်ကြကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် အပူလှိုင်းဖြတ်စဉ်က လူပေါင်းတစ်သောင်းခွဲခန့် အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### သြစတြေးလျသို့ ပြောင်းရွှေ့အခြေချနေထိုင်သူ စံချိန်တင်မြင့်တက်

**ကင်ဘာရာ ဇူလိုင် ၂၇**

ရွှေ့ပြောင်းအခြေချနေထိုင်သူများအဖြစ် သြစတြေးလျသို့ အခြေချနေထိုင်သူအရေအတွက်မှာ စံချိန်တင် မြင့်တက်လျက်ရှိကြောင်း သောကြာနေ့တွင် ဖော်ပြသည့် စာရင်းအချက်အလက်များအရသိရသည်။ သြစတြေးလျ စာရင်းအချက်အလက်ဗျူရို၏ ထုတ်ပြန်ချက်အရ အပြည်ပြည်ဆိုင်ရာမှ ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သြစတြေးလျသို့ ပြောင်းရွှေ့အခြေချနေထိုင်ကြသော အရေအတွက်မှာ ၅၃၉၀၀၀ အထိရှိကြောင်း ဖော်ပြထားပြီး နှစ်တစ်နှစ်အတွင်း အမြင့်ဆုံးပမာဏပင်ဖြစ်သည်။

ပြောင်းရွှေ့နေထိုင်သူ လူပေါင်း ၅၃၉၀၀၀တွင် ယာယီဗီဇာဖြင့်ရောက်ရှိနေထိုင်သူ ၃၁၅၀၀၀ခန့်၊ အပြည်ပြည်ဆိုင်ရာမှ ကျောင်းသားများမှာ ၁၅၀၀၀၀၊ အလုပ်သမားဗီဇာဖြင့် ရောက်ရှိသူ ၃၂၀၀၀ နှင့် အားလပ်ရက်ဗီဇာဖြင့် ရောက်လာသူ ၅၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ သြစတြေးလျနိုင်ငံအတွင်း ပြောင်းရွှေ့နေထိုင်သူများမှာ ၃၇၇၀၀၀ အထိရှိပြီး နှစ်ပေါင်း ၁၃ နှစ် အတွင်း အမြင့်ဆုံးပမာဏပင်ဖြစ်သည်။ သြစတြေးလျ၏ လူဦးရေအထူထပ်ဆုံး မြို့ဖြစ်သည့် နယူးဆောက်ဝေးတွင် လူများပြောင်းရွှေ့နေထိုင်မှုနှုန်းမှာ အမြင့်ဆုံးပင်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီဘိုလာအတွက် စိုးရိမ်မှုကင်းရပြီဖြစ်တဲ့ ဒီအာကွန်ဂို

**ဖြိုးစန္ဒီဌေး**




**အီဘိုလာရောဂါဟာ အာဖရိကမှာ အဖြစ်များတဲ့ ရောဂါတစ်မျိုးပါ။ ကူးစက်နှုန်းမြန်တဲ့အတွက် ကြောက်စရာကောင်းတဲ့ ဗိုင်းရပ်စ်တစ်မျိုးလည်း ဖြစ်တယ်။ အာဖရိကနိုင်ငံအတော်များများမှာ ဖြစ်ပွားခဲ့တဲ့ ဒီရောဂါကြောင့် သေဆုံးသူတွေလည်း မနည်းပါဘူး။ အာဖရိကနိုင်ငံတွေထဲမှာ နိုင်ဂျီးရီးယားနိုင်ငံကတော့ အီဘိုလာရောဂါ ပထမဦးဆုံးကင်းစင်သွားတဲ့နိုင်ငံလည်း ဖြစ်တယ်။**

ဒီအာစီ (Democratic Republic of Congo) လို့ခေါ်တဲ့ ကွန်ဂိုနိုင်ငံ (ယခင်ဇိုင်ယာနိုင်ငံ) မှာ အခုအခါ ဖြစ်ပွားနေတဲ့ အီဘိုလာရောဂါကို နှိမ်နင်းနိုင်ခဲ့ပြီလို့ ကြေညာတာကို တွေ့ရပါတယ်။ ယင်းနိုင်ငံမှာ မေလနဲ့ ဇူလိုင်လအတွင်းမှာ အီဘိုလာရောဂါကြောင့် လူပေါင်း ၂၉ ဦး သေဆုံးခဲ့ရပါတယ်။ ပြီးတော့ ကူးစက်ခံရသူတွေလည်း အတော်များများ ရှိလာပါတယ်။ ဒါပေမယ့်လည်း အင်္ဂါနေ့မှာတော့ အီဘိုလာရောဂါကို ရှင်းလင်းနိုင်ခဲ့ပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့ပါတယ်။

**ရောဂါပိုးပျံ့နှံ့မှာ စိုးရိမ်ခဲ့ရ**

အသစ် ထုတ်လုပ်ထားတဲ့ ကာကွယ်ဆေးဟာ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အစွမ်းပြတာလည်း ဖြစ်ပါတယ်။ အခုနှစ် အတွင်းပိုင်းမှာ အီဘိုလာရောဂါဖြစ်ပွားမှုဟာ လူဦးရေတစ်သန်းရှိပြီး ဆိပ်ကမ်း မြို့တော်ဖြစ်တဲ့ မဘန်ဒါကာအထိ ပျံ့နှံ့ရောက်ရှိသွားပါတယ်။

ဆိပ်ကမ်းမြို့ဖြစ်တဲ့အတွက် လူဝင်လူထွက်များပြီး ရောဂါကူးစက်နှုန်းကလည်းမြန်ဆန်တော့ ဗဟိုအာဖရိကတစ်ခွင်လုံး ရောဂါပိုးပျံ့နှံ့သွားမှာကို ကျွမ်းကျင်သူတွေက စိုးရိမ်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်အတွင်းမှာ အာဖရိကအနောက်ပိုင်းမှာ ပျံ့နှံ့မှုဖြစ်ပွားခဲ့တဲ့ အီဘိုလာရောဂါကြောင့် လူပေါင်း တစ်သောင်းတစ်ထောင်ခန့် အသက်ဆုံးရှုံးခဲ့ရပါတယ်။

အဲဒီအချိန်တုန်းက ကျန်းမာရေးအဖွဲ့အစည်းတွေရဲ့ တုံ့ပြန်မှုဟာ နှေးကွေးပြီး ကာကွယ်ဆေးဟာလည်း လုံလုံလောက်လောက် မရခဲ့ပါဘူး။

**ရောဂါကင်းစင်ကြောင်း ကြေညာနိုင်**

ဒီအာကွန်ဂိုနိုင်ငံမှာ ဇွန်လအတွင်းမှာပဲ အီဘိုလာရောဂါ ထပ်မံဖြစ်ပွားခဲ့တော့ နောက်ထပ် စိုးရိမ်စရာတစ်ခုအဖြစ် ထိတ်လန့်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ရောဂါဖြစ်ပွားပြီး သုံးပတ်အကြာမှာ အီဘိုလာရောဂါကို ထိန်းချုပ်လိုက်နိုင်ပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ပါတယ်။

ဒါပေမယ့် ရောဂါလုံးဝ ကင်းစင်သွားပြီလို့ ကြေညာနိုင်ဖို့ကတော့ နောက်ထပ် ၄၂ ရက်ကြာ စောင့်ဆိုင်းခဲ့ရပါတယ်။

အလှူရှင်တွေရဲ့ ရက်ရောမှု၊ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ကူညီမှု၊ ဒေသခံအဖွဲ့အစည်းတွေရဲ့ မနားမနေ ကြိုးပမ်းမှု၊ ကွန်ဂိုကျန်းမာရေးဌာနရဲ့ ထိရောက်တဲ့ ခေါင်းဆောင်မှုတွေကြောင့် အခုလို ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်လိုက်နိုင်တာပါလို့ မြို့တော်ကင်ရှာဆာ၌ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ် တက်ဒ်ရိုစ် အက်ဒဟစ်နမ်အီဟဲဘရီရီဆက်က ပြောပါတယ်။

၂၀၁၅ ခုနှစ်က အာဖရိကမှာ အီဘိုလာရောဂါ အဖြစ်များတုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ တုံ့ပြန်မှုနှေးကွေးခဲ့တဲ့အတွက် ဝေဖန်မှုများ စွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီတော့ အခုကွန်ဂိုနိုင်ငံမှာ အီဘိုလာရောဂါဖြစ်နေတယ်လို့ အတည်ပြုလိုက်တဲ့အခါမှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းဟာ ရန်ပုံငွေထဲက ဒေါ်လာနှစ်သန်းကို လွှဲပြောင်းပေးခဲ့ပါတယ်။ ပြီးတော့ဂျီနီဗာက ပထမဦးဆုံး ထောက်ပံ့ရေးအဖွဲ့ကိုလည်း စေလွှတ်ပေးခဲ့ပါတယ်။

**ရောဂါနှိမ်နင်းရေး ကုန်ကျငွေများ**

အီဘိုလာ ဖြစ်ပွားနေတဲ့နေရာမှာ ရောဂါနှိမ်နင်းရေးအတွက် ဒေါ်လာ ၅၇ သန်းကို အလှူရှင်တွေက လှူဒါန်းခဲ့ပြီး ရောဂါထိန်းချုပ်နိုင်ရေးအတွက် ဒေါ်လာ ၆၃ သန်းကို အသုံးပြုခဲ့တယ်လို့ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ပြောပါတယ်။

၂၀၁၄ - ၂၀၁၅ ခုနှစ်က အနောက်အာဖရိကမှာ ဖြစ်ပွားခဲ့တဲ့ အီဘိုလာနှိမ်နင်းရေးအတွက် ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံနီးပါး အသုံးပြုခဲ့ရပါတယ်လို့ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ပြောပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဘဏ်ရဲ့ တွက်ချက်မှုအရ ဂီနီ၊ ဆီရာလီယွန်၊ လိုက်ဘေးရီးယားတို့မှာ အီဘိုလာနှိမ်နင်းရေးအတွက် နိုင်ငံ့ဂျီဒီပီရဲ့ ၂ ဒသမ ၂ သန်းခန့် အသုံးပြုခဲ့ရတယ်လို့ တွက်ချက်ထားပါတယ်။

**အီဘိုလာနဲ့ မစိမ်း**

တကယ်တမ်းကျတော့ ကွန်ဂိုနိုင်ငံဆိုတာ အီဘိုလာရောဂါနဲ့ မစိမ်းတဲ့နိုင်ငံလို့ ပြောရမှာပါ။ ၁၉၇၉ ခုနှစ်မှာ အီဘိုလာဆိုတာလူထုအကြားမှာ ခြိမ်းခြောက်လာတဲ့ ရောဂါတစ်မျိုးဖြစ်လာခဲ့ပြီး ကွန်ဂိုနိုင်ငံကတော့ ရောဂါဖြစ်ပွားတဲ့ ကိုးခုမြောက်နိုင်ငံပါ။

အဲဒီတုန်းကလည်း ရောဂါနှိမ်နင်းရေးအတွက် လူပေါင်း ၃၅၀ ကျော်နဲ့ ဆောင်ရွက်ခဲ့ရပါတယ်။ ဂီနီနိုင်ငံက ကာကွယ်ဆေးကိုလည်း အသုံးပြုခဲ့ရပါတယ်။ ဂီနီနိုင်ငံရဲ့ ကာကွယ်ဆေးဟာ အဲဒီအချိန်ကာလတုန်းက ပထမဦးဆုံး စမ်းသပ်ထုတ်လုပ်တဲ့ ကာကွယ်ဆေးလည်း ဖြစ်တယ်။ အခုကွန်ဂိုနိုင်ငံမှာ အီဘိုလာ ထပ်မံဖြစ်ပွားတဲ့အခါမှာတော့ အီဘိုလာကာကွယ်ဆေးဟာ အရင်ကလို စမ်းတဝါးဝါး မဟုတ်တော့ပါဘူး။

အဆင်သင့်ပဲ ရနိုင်ပါပြီ။ ရောဂါနှိမ်နင်းရေးအတွက် ပထမဆုံး ကျန်းမာရေးလုပ်သားတွေကို အရင်ထိုးပေးပါတယ်။ လူပေါင်း ၃၃၀၀ ကျော်ကို ကာကွယ်ဆေးထိုးပေးပြီးပြီပဲ ဖြစ်တယ်။

**ကာကွယ်ဆေးထိန်းသိမ်းမှုစနစ်**

rVSV-ZEBOV လို့အမည်ရတဲ့ ကာကွယ်ဆေးဟာ - ၁၁၂ ဒီဂရီဖာရင်ဟိုက်မှာ သိမ်းဆည်းရတာပဲ ဖြစ်တယ်။ ဒါကြောင့် ခေတ်မီရေခဲသေတ္တာ၊ သိမ်းဆည်းရေး ကွန်တိန်နာတွေ လိုအပ်လာပြီပဲဖြစ်တယ်။

ရောဂါဖြစ်ပွားတဲ့ နေရာတွေဖြစ်တဲ့ မဘန်ဒါကာနဲ့ ဘီကိုရိုတို့မှာ ဆေးဝါးသိမ်းဆည်းဖို့အတွက် အဆင့်မြင့် ရေခဲသေတ္တာတွေ၊ သိမ်းဆည်းရေး ကွန်တိန်နာတွေ ထားရှိပေးခဲ့ပါတယ်။

ကာလဝမ်းရောဂါ၊ ပိုလီယိုတို့လိုပဲ အီဘိုလာကို အမြစ်ပြတ်ရှင်းလင်းနိုင်ရေးအတွက် အစိုးရနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေဟာ ယုံကြည်မှုရှိရှိ တိုက်ဖျက်သွားဖို့ လိုအပ်တယ်လို့ ဒေါက်တာတက်ဒ်ရိုစ်က ပြောပါတယ်။

**ရောဂါနှိမ်နင်းရေး နိုင်ငံတွေရဲ့ကြိုးပမ်းမှု**

အစောပိုင်း ကာလတွေတုန်းက အီဘိုလာရောဂါနှိမ်နင်းရေးနဲ့ ပတ်သက်ပြီး နိုင်ငံတွေရဲ့ တုံ့ပြန်မှုဟာ လိုအပ်တဲ့ အတိုင်းအတာအထိ မရောက်နိုင်ခဲ့ပါဘူး။ လိုအပ်ချက်တွေ ရှိနေခဲ့ပါတယ်။ ဒါပေမယ့်လည်း နောက်ပိုင်းမှာတော့ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့တွေ သိသိသာသာကြီး ပေးလာပါတယ်။ အထူးသဖြင့် ဂျာမနီနိုင်ငံဟာ ငွေကြေးထောက်ပံ့မှု အများဆုံးပေးခဲ့ပါတယ်။

နောက်ပြီး ဗြိတိန်၊ ဂျာမနီနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာလည်း နည်းပညာပိုင်းဆိုင်ရာ အကူအညီတွေ ပေးခဲ့ကြပါတယ်။

**လူနာဟောင်းတွေနဲ့ အဆက်အသွယ်မပြတ်ဖို့လို**

အခုကွန်ဂိုနိုင်ငံမှာလည်း ရောဂါဖြစ်ပွားသူတွေကို ကုသပေးပြီးတဲ့နောက်ပိုင်း ဒေသခံကျန်းမာရေးအဖွဲ့သားတွေ အနေနဲ့ လူနာနဲ့ အဆက်အသွယ် မပြတ်ဖို့ အရေးကြီးသလို ဆက်သွယ်ရမယ့်နေရာတွေကိုလည်း သိရှိထားဖို့ လိုအပ်တယ်။ ဒါမှသာ နောက်ပိုင်းဖြစ်လာမယ့် ရောဂါတွေအတွက်လည်း ကြိုတင်ကာကွယ် ပေးလို့ရမှာလို့ သုတေသီတွေက သတိပေးထားပါတယ်။

> “တကယ်တမ်းကျတော့ ကွန်ဂိုနိုင်ငံဆိုတာ အီဘိုလာရောဂါနဲ့ မစိမ်းတဲ့နိုင်ငံလို့ ပြောရမှာပါ။ ၁၉၇၉ ခုနှစ်မှာ အီဘိုလာဆိုတာ လူထုအကြားမှာ ခြိမ်းခြောက်လာတဲ့ ရောဂါတစ်မျိုး ဖြစ်လာခဲ့ပြီး ကွန်ဂိုနိုင်ငံကတော့ ရောဂါဖြစ်ပွားတဲ့ ကိုးခုမြောက် နိုင်ငံပါ”

၂၀၁၅ ခုနှစ် အီဘိုလာရောဂါဖြစ်ပွားမှုကို လေ့လာစုံစမ်းမှုတွေ ပြုလုပ်ခဲ့တဲ့အခါ အီဘိုလာဗိုင်းရပ်စ်ရဲ့ ခံနိုင်စွမ်းရည်ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနိုင်ခြေတွေကို သိရှိခွင့် ရခဲ့ကြပါတယ်။

ဒါကြောင့် အီဘိုလာကြောင့် အသက်မသေဘဲ ကျန်ရစ်ခဲ့သူတွေကို ကြိုတင်ကာကွယ်မှုတွေ ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ အီဘိုလာရောဂါဖြစ်ပွားခဲ့တဲ့နေရာမှာ နောက်ထပ် အီဘိုလာထပ်မံဖြစ်ပွားတာမျိုး မရှိအောင် ကာကွယ်နိုင်မှာပဲ ဖြစ်တယ်။

**ဝမ်းသာစရာသတင်း**

အီဘိုလာရောဂါ ဖြစ်ပွားခဲ့တဲ့နေရာတွေကတော့ ဆူဒန်၊ ဂါဘွန်၊ ယူဂန္ဓာ၊ ဒီအာကွန်ဂို၊ လိုက်ဘေးရီးယား၊ ဆီရာလီယွန်၊ ဂီနီ၊ နိုင်ဂျီးရီးယား၊ မာလီ၊ အမေရိကန်၊ ဆီနီဂေါ၊ စပိန်၊ ဗြိတိန်၊ အီတလီ၊ တောင်အာဖရိက၊ ဖိလစ်ပိုင်၊ ရုရှား၊ ဟန်ဂေရီနိုင်ငံတို့ပဲ ဖြစ်တယ်။

ဒီနိုင်ငံတွေဟာ ဥရောပနိုင်ငံတွေမှာတော့ ကူးစက်ခံရမှုနှုန်းနည်းပြီး အာဖရိကနိုင်ငံတွေမှာ လူသေဆုံးမှုလည်းများကာ ကူးစက်ခံရမှုနှုန်းလည်း မြင့်ခဲ့ပါတယ်။

အခုအခါမှာတော့ အီဘိုလာကို ကာကွယ်နှိမ်နင်းနိုင်ဖို့ အင်တိုက်အားတိုက်နဲ့ လုပ်ဆောင်နေကြပါပြီ။ ဒီအာကွန်ဂိုနိုင်ငံမှာလည်း ရောဂါဖြစ်ပွားမှုနှုန်းကို အဆုံးသတ်နိုင်ခဲ့တော့ ဝမ်းသာစရာသတင်းတစ်ခုလို့ ဆိုရမှာပါ။ ။

**ကိုးကား -ဝီကီပီးဒီးယား၊ နယူးယောက်တိုင်းမ်**

# ငြိမ်းချမ်းရေးစကားဝိုင်းမှ ကင်းထောက်လူငယ်များ၏ စကားသံများ

ဦးလတ် (ကင်းထောက်ကြီး)

**အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့တို့ပူးပေါင်း၍ 'ငြိမ်းချမ်းရေးစကားဝိုင်း' (Dialouge For Peace Facilitator's Training)သင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ နေပြည်တော် အားကစားရွာ (Gold Camp)၌ ဖွင့်လှစ်ခဲ့ရာ အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်းနှင့်ပတ်သက်ပြီး အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များနှင့် သင်တန်းတက်ရောက်နေသည့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်စ်တေ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှ ကင်းထောက်များ၊ မြန်မာနိုင်ငံ တက္ကသိုလ်၊ ကောလိပ်များမှ ကင်းထောက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များ၏ ရင်တွင်းခံစားချက်များကို တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။**

**ဒေါက်တာတင်ညို**
**(ကင်းထောက်ချုပ်၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်)**



အာရှပစိဖိတ်ဒေသက နိုင်ငံတွေ ပါဝင်တဲ့ Dialouge for Peace Facilitator's Training သင်တန်းကို ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ရဲ့ ကြီးကြပ်မှုနဲ့ မြန်မာကင်းထောက်အဖွဲ့က အိမ်ရှင်အဖြစ် ကျင်းပရတာ အလွန်ဂုဏ်ယူဖွယ်၊ စိတ်လှုပ်ရှားဖွယ်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးကို ဦးစားပေးကြိုးပမ်းနေချိန်နဲ့လည်း အချိန်ကိုက်ဖြစ်ပါတယ်။ မကြာမီရက်ပိုင်းက "ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး"ကို အောင်မြင်စွာကျင်းပခဲ့ပြီး သဘောတူညီချက်တွေ ရရှိခဲ့လို့ လက်ရှိနိုင်ငံတော်ရဲ့ဖြစ်စဉ်အတွက် ယခုသင်တန်းက အချိန်ကိုက် အခါကောင်း ဖြစ်ပါတယ်၊ ကင်းထောက်ခေါင်းဆောင်ကြီး လော့ဒ်ဗေဒင်ပါဝယ် ပြုစုခဲ့တဲ့ 'Rovering to success' စာအုပ်မှာ 'မြန်မာတို့သည် ကမ္ဘာပေါ်၌ အပျော်ရွှင်ဆုံးလူမျိုးတစ်မျိုးဖြစ်သည်'ဟု မှတ်ချက်ပေးခဲ့တာဟာ မြန်မာတို့ ဂုဏ်ယူတန်ဖိုးထားဖွယ်ရာဖြစ်ရတာကို မြန်မာကင်းထောက်တွေရဲ့ ကြိုးပမ်းမှုတွေနဲ့ ပြန်လည်ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ လော့ဒ်ဗေဒင်ပါဝယ်က 'ကမ္ဘာကြီးကို ယခုသင်တွေ့ရသည်ထက် ကောင်းအောင် ချန်ထားရစ်ပါ' ဆိုတဲ့ မှာကြားချက်ကလည်း ကင်းထောက် အားလုံးက မိမိတို့ ကမ္ဘာကြီးကို ပိုမို ကောင်းမွန်ဖို့ တာဝန်အဖြစ် ကျင့်သုံးရမှာဖြစ်ပါတယ်။ သို့မှသာ မိမိတို့ရဲ့ အနန်းကဏ္ဍကို ပိုမိုပီပြင်လာစေနိုင်မှာ ဖြစ်ပါတယ်၊ နိုင်ငံတကာ ကင်းထောက်တွေ၊ အတွေ့အကြုံရင့်ကျက်သူတွေနဲ့ တွေ့ဆုံခိုက် မိမိအတွက်နဲ့ နိုင်ငံအတွက် အကောင်းဆုံး ကြိုးစားလေ့လာခြင်းဖြင့် အများပြည်သူတောင့်တနေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ အရည်အသွေးမြင့်မားတဲ့ ကူညီပံ့ပိုးသူတွေ၊ သံတမန်တွေ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**Professor Peter Blatch**
**(ကမ္ဘာ့ကင်းထောက်အဖွဲ့ကော်မတီဝင်)**



ကမ္ဘာ့ကင်းထောက် အဖွဲ့ချုပ်ရဲ့ ကြီးကြပ်မှုနဲ့ အာရှပစိဖိတ်ကင်းထောက်အဖွဲ့က တာဝန်ခံပြီး မြန်မာနိုင်ငံက လက်ခံကျင်းပတာဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဦးစားပေးဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ပိုမိုမြင့်မားစေနိုင်တယ်လို့ ခံယူမိပါတယ်။ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်အနေနဲ့ အာရှပစိဖိတ်ဒေသမှာ ပထမဆုံးစီစဉ်တဲ့ သင်တန်းကို မြန်မာနိုင်ငံက လက်ခံပြီး မြန်မာကင်းထောက်အဖွဲ့နဲ့အတူ ကျင်းပခွင့်ပြုတဲ့ မြန်မာအစိုးရကို အထူးကျေးဇူးတင်ပါတယ်။ တစ်ကမ္ဘာလုံးမှာ ကြုံတွေ့နေကြတဲ့ ပဋိပက္ခတွေရဲ့ အရင်းအမြစ်ဟာ ငြိမ်းချမ်းရေးအပေါ် တည်မှီနေပါတယ်။ ကမ္ဘာ့ကင်းထောက်ကြီး ဗေဒင်ပါဝယ်က ငြိမ်းချမ်းရေးအစ မိမိက (Peace begins with me) ဟု အဆိုရှိခဲ့တာဟာ အခြေခံအမှန်တရား ဖြစ်ပါတယ်။ ကင်းထောက်တွေရဲ့ မွေးရာပါလာရမယ့် အရည်အသွေး ဖြစ်ပါတယ်၊ တစ်ဖန် ဗေဒင်ပါဝယ်က ပြောခဲ့တဲ့ အဆိုအမိန့်တစ်ခုကို မှတ်သားမိမယ် ထင်ပါတယ်။ ယင်းမှာ 'ကင်းထောက်စိတ်ဓာတ်အပြည့်ဖြင့် ကင်းထောက်ကတိ၊ ကင်းထောက်ကျင့်ဝတ်များကို အမှန်တကယ် ကျင့်သုံးနိုင်လျှင် ပဋိပက္ခများ၊ စစ်ပွဲများဖြစ်လာနိုင်ဖွယ်မရှိကြောင်း'ဟူ၍ ဖြစ်ရာ ကင်းထောက်တွေဟာ ခံယူထားတဲ့ ကတိ၊ ကျင့်ဝတ်တွေကို လေးစားကျင့်သုံးတာဟာ မိမိတို့ဒေသကို ငြိမ်းချမ်းသာယာတဲ့ ဒေသအဖြစ် ဖန်တီးနိုင်မယ်လို့ လေးနက်စွာခံယူပြီး ဤသင်တန်းမှ ရရှိလာတဲ့ အတွေ့အကြုံတွေကို လက်တွေ့ကျင့်သုံးကာ အခြားသူတစ်ပါးကိုပါ ဖြန့်ဝေပေးရမှာဖြစ်ပါတယ်။ အခုအခါ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ ကင်းထောက်အင်အား သန်း ၅၀ ကျော်က ငြိမ်းချမ်းရေးသံတမန်တွေအဖြစ် နာရီပေါင်း သန်း ၁၀၀၀ ကျော် အလုပ်အကျွေးပြု ပါဝင်ဆောင်ရွက်လာတာဟာ အလွန်ဂုဏ်ယူဖွယ်ဖြစ်ပါတယ်။ ဒါကြောင့် အခု သင်တန်းသားတွေဟာ မိမိတို့သင်ယူရမယ့် အတွေ့အကြုံတွေကို အကောင်းဆုံးအသုံးချပြီး မိမိတို့နိုင်ငံအသီးသီးမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ပြန်လည်အကျိုးပြုကြဖို့ တိုက်တွန်းလိုပါတယ်။

**Mr. J.Rizal C. Pangilinan**
**(ညွှန်ကြားရေးမှူး၊ အာရှပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့)**



မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ဟာ အချိန်တိုအတွင်း နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့က တာဝန်ရှိသူတွေ ကြိုးပမ်းမှုနဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဂုဏ်ယူစွာနဲ့ ဖြစ်ပေါ်ခဲ့တာကို မိမိတို့အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်တို့က များစွာ ဂုဏ်ပြုချီးကျူးပါတယ်။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ယခုကဲ့သို့ ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်းကို အားတက်သရောပါဝင်ကာ လက်ခံကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မိမိအနေနဲ့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ရဲ့ ပြန်လည်စတင်လာတဲ့ ကင်းထောက်လုပ်ငန်းတွေအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းတွေက ပူးပေါင်းပါဝင်မှုနဲ့အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ သင်တန်းတွေ၊ ပြည်ပနိုင်ငံအသီးသီးသို့ လေ့လာရေးခရီးစဉ်တွေကို နိုင်ငံတကာ အသိုင်းအဝိုင်းမှ ပါဝင်အကူအညီပေးရတဲ့အတွက် ဝမ်းမြောက်မိပါတယ်၊ ရှေ့ဆက်ပြီး မြန်မာကင်းထောက်အဖွဲ့က ကင်းထောက်လူငယ်တွေ၊ သက်ကြီးဝါရင့်ကင်းထောက်ကြီးတွေ ပူးပေါင်းပြီး အခုလို စဉ်ဆက်မပြတ် ကင်းထောက်လုပ်ငန်းတွေကို နိုင်ငံတကာ ကင်းထောက်အဖွဲ့အစည်းတွေနဲ့အတူ ပူးပေါင်းပါဝင် ဆောင်ရွက်မယ်လို့ ယုံကြည်ပါတယ်။

**Lim Jae Yeon**
**(ကိုရီးယားနိုင်ငံ ကင်းထောက်)**

မြန်မာနိုင်ငံမှာပြုလုပ်တဲ့ ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်းမှာ အတွေ့အကြုံတွေ အများကြီးရပါတယ်။ မြန်မာနိုင်ငံက တက္ကသိုလ်ကင်းထောက်တွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေက လူငယ်တွေကိုလည်း တွေ့ဆုံခင်မင်ရလို့ မြန်မာနိုင်ငံက လူငယ်တွေရဲ့ငြိမ်းချမ်းရေးအပေါ် သဘောထားတွေနဲ့ ချစ်ကြည်ရင်းနှီးမှုမှာ တန်ဖိုးမဖြတ်နိုင်ပါဘူး။ ဒါ့အပြင် အခြားနိုင်ငံတကာမှ ကင်းထောက်တွေနဲ့လည်း တွေ့ရလို့ ဆက်သွယ်မှု၊ ကျွမ်းကျင်မှုနဲ့ ကင်းထောက်လုပ်ငန်း၊ အရည်အသွေးတွေ တိုးတက်လာမယ်လို့ထင်ပါတယ်။ မြန်မာနိုင်ငံကို သင်တန်း



တက်ရောက်ဖို့ ရောက်ရှိလေ့လာရလို့ နောင်အခါ မြန်မာနိုင်ငံအတွက် ကူညီပံ့ပိုးသူတစ်ဦး၊ ကူညီနိုင်သူကောင်းတစ်ယောက်ဖြစ်မယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံအတွက်၊ ကမ္ဘာသူ ကမ္ဘာသားတွေအတွက် ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ကျယ်ပြန့်တဲ့အမြင်တွေ ရမယ်လို့ မျှော်လင့်မိပါတယ်။

**Muhammad Haziq Bin Mohad Ali**
**(စင်ကာပူနိုင်ငံ ကင်းထောက်)**

ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်းက ကျွန်တော့်အတွက် ကောင်းမွန်တဲ့ အခွင့်အလမ်းပါ။ အကျိုးရှိတဲ့သူ တစ်ယောက်အဖြစ် မြန်မာနိုင်ငံနဲ့ နိုင်ငံတကာက ကင်းထောက်လူငယ်တွေနဲ့အတူ ငြိမ်းချမ်းရေးရဲ့ သံတမန်ကောင်းတစ်ယောက်အနေနဲ့ ဖြစ်နိုင်မယ့် ကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ဒီသင်တန်းက ရရှိပါတယ်။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တွေ ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံက ဖွင့်လှစ်ခွင့်ပေးလို့ ကျွန်တော်သာမက အခြားနိုင်ငံတကာ ကင်းထောက်တွေအတွက် များစွာ အကျိုးရှိပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အခုသင်တန်းက ရရှိတဲ့ သင်ခန်းစာတွေကို ကမ္ဘာ့ပြည်သူတွေနဲ့ စင်ကာပူနိုင်ငံသူ နိုင်ငံသားတွေ ငြိမ်းချမ်းရေးအတွက် ပြန်လည်သင်ကြားပြသပြီး သူတို့တွေနဲ့အတူ လက်တွဲပြီး ကောင်းမွန်ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်အောင် ထူထောင်ကြိုးစားသွားမှာ ဖြစ်ပါတယ်။

**Muth Pouvputhpor**
**(ကမ္ဘောဒီးယားနိုင်ငံ ကင်းထောက်)**

အခုသင်တန်းက ကမ္ဘာသူ ကမ္ဘာသားတွေ ငြိမ်းချမ်းရေးကို တည်



ဆောက်ဖို့အတွက် သိပ်ကိုကောင်းမွန်တဲ့ သင်တန်းလေး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာမှ ကျွမ်းကျင်တဲ့ ဝါရင့်ကင်းထောက်တွေက သူတို့ရဲ့ အတွေ့အကြုံတွေထဲက ငြိမ်းချမ်းရေးအတွက် အဓိကကျတဲ့ အချက်တွေကို သင်ကြားပြသ ဆွေးနွေးမှုတွေက ကျွန်တော်တို့အတွက် တန်ဖိုးမဖြတ်နိုင်ပါဘူး။ အခုသင်တန်း ကာလရက်တိုအတွင်းမှာ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ် ကင်းထောက်တွေ၊ ဒေသခံလူငယ်တွေနဲ့ နိုင်ငံတကာမှ လူငယ်တွေက မြန်မာနိုင်ငံနဲ့ နိုင်ငံတကာမှ ပြည်သူပြည်သားတွေရဲ့ အရေးကြီးတဲ့ လူနေမှုပုံစံ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့တွေကို အချင်းချင်း စိတ်ပါဝင်စားစွာ ပြန်လည်မျှဝေကြပါတယ်။ ဒါ့အပြင် နိုင်ငံတကာ ကင်းထောက်လူငယ်တွေ အချင်းချင်း ပြည်သူ ပြည်သားတွေ ငြိမ်းချမ်းရေးအတွက် မိမိတို့ရဲ့ စိတ်ကူးဉာဏ်စွမ်းတွေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းတွေကို ဆွေးနွေးကြပါတယ်။ မည်သည့်အချိန်မဆို အချင်းချင်း ရိုင်းပင်းကူညီကြဖို့ကိုလည်း ဆွေးနွေးကြပါတယ်။ မြန်မာ နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ငြိမ်းချမ်းရေးအပေါ် စိတ်ဝင်စားမှု၊ လှုပ်ရှားမှုတွေကိုလည်း အားကျဖွယ် တွေ့ရှိရပြီး မြန်မာနိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာနဲ့ ကောင်းမွန်တဲ့ အနာဂတ်ကို ပူးပေါင်းဆောင်ရွက်မယ့် အလားအလာတွေ ရရှိမယ်လို့ မျှော်လင့်ပြီး မြန်မာနိုင်ငံကို ငြိမ်းချမ်းရေး သံတမန်ကောင်းတစ်ယောက်အနေနဲ့ နောက်ထပ်လာချင်ပါသေးတယ်။

**Lim Ee Yeng**
**(မလေးရှားနိုင်ငံ ကင်းထောက်)**

ယခုသင်တန်းက မိမိတို့အတွက် ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး မျက်စိဖွင့်ပေးတဲ့ သင်တန်း၊ နားလည်မှုတွေ ပဋိပက္ခဖြစ်မှုတွေ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတွေနဲ့ ယဉ်ကျေးမှုအသီးသီးအတွက် ပိုမိုနက်ရှိုင်းတဲ့ နားလည်မှုတွေ ရလာမယ်လို့ ယူဆပါတယ်။ အခုသင်တန်းရဲ့ အမြင်တွေထဲက တစ်ခုတည်းသောအမြင်က လူသားတွေနဲ့ ၎င်းတို့ရဲ့ နေထိုင်ရာဒေသပါပဲ။ ယခုသင်တန်းမှာ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာ တိုင်းပြည်တွေရဲ့ မတူကွဲပြားမှုတွေကို အတွေ့အကြုံရယူနိုင်ဖို့ ထူးခြားတဲ့ အခွင့်အလမ်းတစ်ခုလို့ မြင်ပါတယ်။ သင်တန်းကနေပြီး ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ဆိုင်ရာ အပြုသဘောဆောင်တဲ့ စကားဝိုင်းမျိုးကို တွန်းအားပေးတဲ့ သင်တန်းအသွင်ဆောင်တယ်လို့ ထင်မြင်ပါတယ်။ အမှန်မှာ ငြိမ်းချမ်းရေးစကားဝိုင်းနဲ့ ကင်းထောက်တွေအကြား ပူးပေါင်းဆောင်ရွက်မှုဟာ ကင်းထောက်တွေအတွက်သာမက တစ်ကမ္ဘာလုံးနဲ့ လူသားအဖွဲ့အစည်းတွေအတွက် ရလဒ်ကောင်းတစ်ခုပါပဲ။ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်တဲ့ နေရာတစ်ခုအသွင်အဖြစ် အတူတကွ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**ထူးထူးမော်**
**(ပင်လုံတက္ကသိုလ် ကင်းထောက်)**

အခု ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်းကနေ စိတ်ဝင်စားစရာတွေ အများကြီး တွေ့ရပါတယ်။ သင်ကြားပို့ချပေးတဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ နိုင်ငံတကာမှ ဝါရင့်ပညာရှင်တွေက သင်ကြားမှုကို နိုင်ငံတကာ ၁၃ နိုင်ငံမှ ကင်းထောက်တွေနဲ့အတူ မြန်မာနိုင်ငံက ပါဝင်တက်ရောက်ခွင့်ရလို့ များစွာ



ဂုဏ်ယူရပါတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာမှ သင်ကြားပို့ချတဲ့ နည်းလမ်းကောင်းတွေနဲ့အတူ မြန်မာနိုင်ငံနဲ့ကိုက်ညီမယ့် နည်းလမ်းတွေကို သင်ယူပြီး ကိုယ့်ဒေသ ကိုယ့်နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုသင်တန်းမှာ နိုင်ငံတကာလူငယ်တွေအချင်းချင်း အတွေ့အကြုံတွေရရှိပြီး မိမိတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးရရှိဖို့ တစ်ဖက်တစ်လမ်းက ပြည်သူတွေနဲ့အတူ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**စလူမင်း**
**(ကရင်ပြည်နယ် ဒေသခံလူငယ်)**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နဲ့ ကမ္ဘာ့ကင်းထောက်အဖွဲ့တို့ ပူးပေါင်းပြီး ယခုသင်တန်းကို တက်ရောက်ရလို့ ငြိမ်းချမ်းရေးကို လိုလားတဲ့လူငယ်တစ်ဦးအနေနဲ့ အကျိုးအမြတ်များစွာ ရရှိပါတယ်။ နိုင်ငံအသီးသီးမှ ငြိမ်းချမ်းရေးအပေါ်မှာ ထားရှိတဲ့ သဘောထားအမြင်ကို သိမြင်ခွင့်ရပါတယ်။ ငြိမ်းချမ်းတဲ့ လူ့ဘောင်အဖွဲ့အစည်းကို မျှော်မှန်း ကာ စတင်ပြောင်းလဲလာပြီဖြစ်တဲ့ မိမိတို့နိုင်ငံတော်အတွက်၊ နိုင်ငံသားတိုင်းအတွက် ကောင်းမွန်ပြည့်စုံတဲ့ ဗဟုသုတတွေရရှိစေဖို့ အလို့ငှာ မျှဝေပေးသော ယခုသင်တန်း အစီအစဉ်ကို တစ်ဖက်တစ်လမ်းမှ တက်ရောက် ပူးပေါင်းပါဝင်ကာ သင်ယူခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ယဉ်ကျေးမှု မတူကွဲပြားတဲ့ လူသားအားလုံး အလိုရှိတာက ငြိမ်းချမ်းရေးဖြစ်ပြီး ထိုငြိမ်းချမ်းရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် နည်းလမ်းကောင်း နည်းလမ်းမှန်တွေကိုလည်း မျှဝေသိရှိစေနိုင်မယ့် သင်တန်းဖြစ်တယ်လို့ ထင်မြင်မိပါတယ်။

**ဆုမြတ်ဝန်း**
**(ဒဂုံတက္ကသိုလ် ကင်းထောက်)**

မိမိကိုယ်တိုင်မှစတင်၍ မိမိရဲ့ ပတ်ဝန်းကျင်အတွက် ငြိမ်းချမ်းရေးကို ပိုမိုအကောင်အထည်ဖော်နိုင်ရန် ယခုသင်တန်းမှ သင်ခန်းစာများ ရရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာမှ ဝါရင့်သင်တန်းနည်းပြ ဆရာများက စာတွေ့လက်တွေ့သင်ကြားပေးလို့ငြိမ်းချမ်းရေးရဲ့ အရေးကြီးပုံ ၊ ငြိမ်းချမ်းရေးအတွက် ရယူရမယ့် နည်းလမ်းတွေ ကို ပိုမိုသိလာရပြီး ဗဟုသုတတွေလည်း ရရှိပါတယ်။ နိုင်ငံတကာ ကင်းထောက် လူငယ်တွေနဲ့ တွေ့ဆုံဆွေးနွေးရတဲ့ အတွက်လည်း ငြိမ်းချမ်းရေးလုပ်ငန်းအပြင် ကင်းထောက် လုပ်ငန်းတွေကို လည်း အတွေ့အကြုံကောင်းတွေရပြီး နိုင်ငံမတူတဲ့သူတွေနဲ့ ရင်းနှီးခင်မင် ယဉ်ကျေးမှုအမြင်တွေ၊ အတွေးအမြင်တွေကိုလည်း ဖလှယ်နိုင်ပါတယ်။ အခု သင်တန်းမှာ အကောင်းဆုံး ကြိုးစားလေ့လာပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားဆောင် ရွက်သွားမယ်လို့ ရည်ရွယ်ထားပါတယ်။

**ဟိန်းထက်အောင်**
**(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကင်းထောက်)**

ပထမဦးဆုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ငြိမ်းချမ်းရေးစကားဝိုင်း သင်တန်းမှာ နိုင်ငံတကာကင်းထောက်တွေနဲ့ မြန်မာနိုင်ငံကင်းထောက်တွေ တွေ့ဆုံဆွေးနွေးတဲ့ပွဲလို့လည်း ခေါ် ဆိုနိုင်ပါတယ်။ အခုသင်တန်းမှာ နိုင်ငံတကာရင်းနှီးမှုနဲ့ လူငယ်ထုအတွင်း တန်ဖိုးတွေ မျှဝေရာမှာ စူးစမ်းရှာဖွေနိုင်



မှုတွေလည်း ရရှိပါတယ်။ ဒါ့အပြင် ဘာသာရေး၊ ယဉ်ကျေးမှု၊ မျိုးဆက်စတဲ့အပိုင်းတွေကို သင်ယူရပြီး တိုးတက်တဲ့ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးနဲ့ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးကို ဦးတည်သော တန်ဖိုးတွေကို ရရှိပါတယ်။ ယုံကြည်မှု၊ လူမျိုး၊ အသက်ကို ပဓာနမထားဘဲ အပြုသဘောဆောင်တဲ့ ယခုသင်တန်းများမှ လူသားအချင်းချင်း လေးစားလာမှာ ဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ ငြိမ်းချမ်းရေး လိုအပ်ချက်နဲ့ ငြိမ်းချမ်းရေး စကားဝိုင်း တန်ဖိုးတွေ မြင့်တက်လာမှာ ဖြစ်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေး အတွက် အခုသင်တန်းက တစ်ထောင့်တစ်နေရာ တစ်တပ်တစ်အား ကူညီဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ။

# မြေကြီးကရွှေသီးတော့မည်၊ အညာထန်းသီးဆန် ပြည်ပသို့ စတင်ခြေဆန့်

**သတင်းဆောင်းပါး - သန်းထိုက်**

ထန်းပင် ထန်းတော ပေါများသော အညာဒေသတွင် ထန်းရည်မှ ထန်းလျက် ထုတ်လုပ်မှုဖြင့်သာ လက်ဆင့်ကမ်း အသက်မွေးပညာ အဖြစ် ထန်းတက် တောင်သူများဘဝ ရပ်တည်ခဲ့ကြပြီး ထန်းပင်မှရရှိသော ထန်းသီးကို အညာဒေသတွင် အပျင်းပြေစားစရာနှင့် နွားစာအဖြစ်သာ အသုံးပြုကြသော ကြောင့် တန်ဖိုးနည်း ထွက်ကုန်အဖြစ် ယူဆထားကြသည်။ ထန်းသီးဆန်ကို ပြည်ပသို့ တင်ပို့နိုင်ပါက အညာဒေသ ထန်းတောင်သူများ မြေကြီးက ရွှေသီးမည်ကို စိတ်ကူးယဉ်ဆန်သော အိပ်မက် ဟု အညာထန်းတောင်သူများ ယူဆထားချိန်တွင် စွန့်ဦးတီထွင် ထန်းလျက် လုပ်ငန်းရှင်တစ်ဦးက ထန်းပင်မှ ထန်းသီးဆန်များကို အေးခဲ



ထန်းသီးဆန်များကို အိတ်ဖြင့်ထည့်၍ ထုပ်ပိုးပြင်ဆင်နေစဉ်။

ပြုလုပ်ထုပ်ပိုးကာ ယခုဇူလိုင်လမှစ၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံစက်မှုဇုန်၌ စက်ရုံဖွင့်လှစ်၍ တရုတ်ပြည်သို့ စတင် တင်ပို့နေပြီဖြစ်ကြောင်း သိရသည်။

"အညာဒေသမှာ ထန်းတက်ဖို့ လူရှားသွားသလို ထန်းလျက်ဈေးလည်း မကောင်းဘူး။ ဒါပေမယ့် ထန်းပင်တော့ ပေါတယ်။ ထန်းသီးလည်း ပေါတယ်။ ထန်းသီးကို အရင်ကတည်းက နွားစာကျွေးကြတာ။ ထန်းပင်က အညာဒေသရဲ့ အသက်သွေးကြောပဲ။ သစ်ပင်ရှားလာလို့ ထန်းပင်ခုတ်ပြီး မီးစိုက်တယ်။ အခြားကဏ္ဍတွေနဲ့အုတ်ဖုတ်တဲ့ နေရာမှာလည်း သုံးကြတယ်။ အဲဒါကြောင့် နောင်တစ်ချိန်အညာမှာ ထန်းပင်ပျောက်ပြီး ကန္တာရကြီး ဖြစ်သွားနိုင်တယ်။ ထန်းလျက်ဈေးမကိုက်တော့ ထန်းတောင်သူလည်း ရှားသွားတာပေ့ါ။ ကျွန်တော်လည်း အညာသားဖြစ်တော့ ထန်းတောင်သူတွေအတွက် ဘာလုပ်ပေးနိုင်မလဲ စဉ်းစားတယ်။ ထန်းလျက်လည်း အဆင်မပြေဘူး။ ထန်းသီးဆန်တွေ အလွန်ပေါတယ်။ နွားကျွေးရအောင်လည်း နွားတွေနေရာမှာ ထော်လာဂျီတွေက နေရာယူထားကြပြီ။ ကျွန်တော်ဥရောပကို ရောက်တော့ ထန်းသီးဆန် စည်သွတ်ဘူးတွေ ရောင်းတာတွေ့တယ်။ ဈေးကြီးတယ်။ တရုတ်ပြည်ရောက်တော့ မင်းတို့ဘာလို့ ထန်းသီးဆန် မတင်ပို့တာလဲလို့ မေးတော့ ငါတို့မှာနည်းပညာမရှိဘူးလို့ပြောရင်း ချိတ်ဆက်မိတယ်။ သူတို့က နည်းပညာနဲ့ ဝယ်လိုအားပေးတာနဲ့ ကျွန်တော့်ရဲ့အိပ်မက်လို့ ဆိုတာထက် အညာ ဒေသတောင်သူတွေရဲ့အိပ်မက်ကို စတင်အကောင်အထည်ဖော်ခွင့်ရခဲ့တာပါ"ဟု Green Momentum ထန်းသီးဆန် အေးခဲစက်ရုံပိုင်ရှင် ဦးသက်ဇော်က ပြောသည်။

တရုတ်နိုင်ငံမှ အညာဒေသတွင်ထွက်ရှိသော ထန်းသီးဆန်အနုမှန်သမျှကို ဝယ်ယူမည်ဟု စာချုပ်ရရှိခဲ့ပြီး ထန်းသီးဆန်အနုများ အေးခဲပြုလုပ်ပြီး တရုတ်ပြည်သို့ တင်ပို့နိုင်ရန် အေးခဲခြင်းနည်းပညာကို ရရှိခဲ့၍ ထန်းတောင်သူများ နှစ်စဉ်ဝင်ငွေ ရရှိစေမည့် အမှိုက်ထဲမှ ရွှေဖြစ်စေသော အိပ်မက်ကို စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။

"စက်ရုံတည်ဆောက်ဖို့ရွေးတဲ့အခါမှာ မြင်းခြံစက်မှုဇုန်နေရာဟာ အကောင်းဆုံးဆိုပြီး ရွေးချယ်ခဲ့တယ်။ သကြံ့န်မတိုင်မီကတည်းက လုပ်ငန်းအကောင်အထည်ဖော်ဖို့ပြောခဲ့ပေမယ့် စက်ပစ္စည်းတွေရောက်တာ နောက်ကျတဲ့အတွက် ထန်းသီးဆန်တုံးခါနီးမှ လုပ်ငန်းစတင်ရသလိုဖြစ်နေတယ်။ ထန်းသီးဆန်အနုက ရာသီကုန်လုလုဖြစ်နေပြီ။ အခက်အခဲကြားက ရုန်းကန်ရတဲ့အချိန်ဖြစ်နေတယ်။ အခု ကုန်ချော နှစ်တန်စုမိနေပါပြီ။တန် ၂၀ တင်ပို့ဖို့ဆောင်ရွက်နေပါတယ်။ လာမယ့်ရာသီမှာ သကြံ့န်ပြီးတာနဲ့ တစ်လကို တန် ၆၀ အနည်းဆုံးတင်ပို့မှာပါ။ ထန်းသီးဆန်အရင့်ကိုလည်း တင်ပို့နိုင်ဖို့ ညှိနှိုင်းနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထန်းပင်တစ်ပင်တွင် ထန်းသီးအလုံး၂၀၀ မှ ၃၀၀ အထိ သီးတတ်ပြီး သဘာဝအားဖြင့် တောင်ပိုင်းဒေသမှ စတင်သီးကာ ကျောက်ပန်းတောင်းမြို့မှ တဖြည်းဖြည်း မြောက်ပိုင်းအညာဒေသများသို့ ထန်းသီးများသီးသွားလေ့ရှိကြောင်း၊ ပြည်ပသို့ တင်ပို့ရာတွင် ထန်းသီးဆန်အနုကို ထိခိုက်မှုမရှိစေရန် ထုတ်ယူရပြီး သုံးနာရီအကြာတွင် အချဉ်ပေါက်တတ်သည့်အတွက် အမှုန်အမွှားကင်းစေရန် ရေအေးဖြင့် ဆေးကြောပြီး အနုတ် ၄၀ ဒီဂရီရှိ အအေးခန်းတွင် လေးနာရီကြာထားရှိကာ ၂၀ ကီလိုဂရမ်ရှိ အေးခဲထန်းသီးဆန်များကို ပလတ်စတစ်အိတ်အတွင်း သွတ်သွင်း၍ ကတ်ပုံးအတွင်းထည့်ပြီးနောက် အနုတ် ၂၀ နှင့် ၂၈ ဒီဂရီကြားရှိ အအေးခန်းတွင် ထိန်းသိမ်းလျက် ပေ ၄၀ အရှည်ရှိသော အအေးခန်းကွန်တိန်နာယာဉ်ဖြင့် တန် ၂၀ တင်ဆောင်ကာ ရန်ကုန် ဆိပ်ကမ်းမှတစ်ဆင့် သင်္ဘောဖြင့် တရုတ်ပြည်သို့ တင်ပို့ခြင်းဖြစ်သည်။

လက်ရှိတွင် ကုန်ကြမ်းဝယ်ယူမှုသာရရှိပြီး ကုန်ချောမထုတ်လုပ်နိုင်သေးဘဲ နည်းပညာရယူနိုင်ပါက ထန်းသီးဆန် စည်သွတ်ဘူး ထုတ်လုပ်နိုင်ခြင်းဖြင့် အညာဒေသတွင် မြေကြီးက ရွှေသီးစေတော့မည်ဖြစ်သည်။ ယခုအခါ အညာထန်းသီးဆန်များ ပြည်ပသို့ စတင်ခြေဆန့်ပြီဖြစ်ရာ ထန်းတောင်သူများအတွက် ထန်းပင် ထန်းတော ပေါများသော အညာဒေသ၏ ထန်းတောများ ရွှေရောင်တစ်ခေတ် ဆန်းသစ်လာတော့မည်ဖြစ်ပါကြောင်း…။ ။

## ကဝမြို့နယ်၌ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ ဧက ၁၀၀၀ အား ပုလဲဓာတ်မြေဩဇာထောက်ပံ့

**ကဝ ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ(ကြာတောကျေးရွာ) (Durn Seeder) ဧက ၁၀၀၀ ကို ပုလဲဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင်လ တတိယပတ်က ကြာတောကျေးရွာ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ပြုလုပ်ရသည့် ရည်ရွယ်ချက်၊ မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းနှင့် GAP လုပ်ငန်းများ ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပုလဲဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ တောင်သူများကိုယ်စား တောင်သူဦးစိုးနိုင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **သတင်းစဉ်**

## အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မင်းပြား၌ကျင်းပ

**မင်းပြား ဇူလိုင် ၂၇**

USAID IOM အဖွဲ့၏ အထောက်အပံ့ဖြင့် မင်းပြားမြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပြီး အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်းက အမှာစကားပြောကြားပြီး IOM သဘာဝဘေးလျော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ဒေါ်မိုးယုဇံက မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်နိုင်ရန်၊ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် စီမံချက်ရေးဆွဲဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ကြိုတင်သတိပေးချက်စနစ်နှင့် တုံ့ပြန်ဆောင်ရွက်မှု၊ ကနဦး သတင်းအချက်အလက်၊ ဘေးလွတ်ရာသို့ပြောင်းရွှေ့ခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်ခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးပေးခြင်းနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုနှင့် စီမံချက်ရေးဆွဲကြ၍ အကြံပြုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၇-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၄၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၇၅/၉၀၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၅ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၀ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ ・ ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၇၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ ・ ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ ・ ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ ・ ၀၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## မြန်မာသံအဆိုရှင် သွန်းက ဟဲလေးနှင့် စုံတွဲသီချင်း သီဆိုကာ ရှမ်းရိုးရာသံစဉ်များလည်း ဖော်ထုတ်ရန် စီစဉ်နေ

အဆိုတော် မနောနှင့်အတူ 'မြို့သားနှင့် တောသူ'ဟု အမည်ရသည့် သီချင်းကို သီဆိုခဲ့သည့် အမျိုးသမီးအဆိုရှင် သွန်းက သူ၏ (၆) ခွေမြောက် တစ်ကိုယ်တော်ခွေကို ပရိသတ်ထံ ရောက်ရှိနိုင်ရန်ပြင်ဆင်နေကြောင်း သိရသည်။

ပထမဆုံး တစ်ကိုယ်တော် စီးရီးဖြစ်သည့် 'ကိုကိုချစ်ဝဲလည်'ကို ဖန်တီးခဲ့သော်လည်း ပရိသတ်အားပေးမှု နည်းပါးခဲ့ပြီး 'မြို့သားနှင့် တောသူ' စီးရီးမှသာ ဂီတလောကထဲတွင် ပရိသတ်လက်ခံအားပေးမှုအများဆုံး ရရှိခဲ့သူတစ်ယောက်ဖြစ်ခဲ့ကြောင်းသိရသည် ။

"ကိုမနောကြောင့် လို့ပြောရမယ်။ သူ နဲ့ ဒီသီချင်းလေးကို ဖန်တီးထားတာ ကြာပါပြီ၊ ကိုမနော ပထမခွေထွက်ကတည်းက ညီမ သူနဲ့အတူ လုပ်ထားတဲ့ စီးရီးခွေလေးပါ၊ အခုလို ပရိသတ်လက်ခံအားပေးမှုရတော့ အများကြီးပျော်တာပေါ့၊ အခုလည်း ကိုယ်ပိုင်သံစဉ်သီချင်းတွေပဲ ပါဝင်တဲ့ 'အချစ်နန်းတော်'လို့ အမည်ပေးထားတဲ့ သီချင်းခွေလေး လုပ်နေပါတယ်၊ တေးရေး သဟာအောင် နဲ့ သီဆိုထားတာပါ၊ သီချင်းပုံစံလေးတွေကတော့ ရှမ်းရိုးရာ သံစဉ်လေးတွေနဲ့ လုပ်ထားတယ်၊ အချစ်သီချင်းပုံစံလေးတွေနဲ့ ပရိသတ်အမောပြေစေမယ့် ဟာသပုံစံလေးတွေ သီဆိုထားတယ်၊ ပထမခွေနဲ့ ကွာခြားအောင်ဖန်တီးထားပါတယ်"ဟု ထပ်မံထွက်ရှိမည့် စီးရီးလေး အကြောင်းကို ပြောကြားခဲ့သည် ။

ဂီတလောကတွင် နေရာတစ်နေရာ ရရှိရန်အတွက် ၁၀ နှစ်ကျော် နီးပါးကြိုးစားရန်းကန်ခဲ့ရသည့် သူတစ်ယောက်အတွက် ယနေ့အချိန်တွင် ကြိုးစားမှု၏ ရလဒ်များအပေါ် ခံစားရသည့် အကြောင်းနှင့် ပတ်သက်ပြီး "ဂီတလောကမှာ အတိုင်းအတာတစ်ခုအထိ နေရာတစ်ခုရခဲ့တဲ့အတွက်ဝမ်းသာပါတယ်။ ဒီလိုမျိုး ရလာတာလည်း ကိုသဟာအောင်နဲ့ ကိုမနောတို့ကြောင့်ဆိုလည်း မမှားပါဘူး။ ပထမဆုံး အခွေတုန်းကဆိုရင် ငွေကြေးဆိုတာ မပြောနဲ့ အနုပညာ ဖန်တီးမှုပိုင်းက အစ အများကြီး အားနည်းခဲ့တယ်။ အခုနောက်ဆုံး ကိုမနောတို့နဲ့ ထွက်ခဲ့တဲ့ အခွေကျတော့မှပဲ ပရိသတ်ရဲ့ သဘောထားကို နားလည်သွားတယ်၊ အဲဒီတော့ သီချင်းတွေ ရွေးချယ်ရတာကအစ သေချာလုပ်ဖြစ်လာတယ်၊ အဆိုပိုင်း၊ ရိုက်ကူးရေးအဆုံးအားလုံး ကိုယ်တိုင် စိတ်ကြိုက်လုပ်တတ်ခဲ့ပြီ၊ အဆိုတော်တိုင်းကတော့ သီချင်းခွေ ထွက်တိုင်း အနုတ်ပြတာရိုးနေပါပြီ၊ အမြတ်အစွန်းထက် အနုပညာပိုင်းကို ပရိသတ် အားပေးမှသာ နောက်ထပ်ဖန်တီးခွင့်ရတာပါ"ဟု ဆိုသည်။

ယခု နောက်ဆုံးထွက်ရှိလာမည့် 'အချစ်နန်းတော်' တေးစီးရီးတွင် ပါဝင်သော သီချင်းများကို တေးရေး သဟာအောင်၊ ဟေးကို၊ KMG ရေးသားထားပြီး သီချင်းစုစုပေါင်း ၁၆ ပုဒ် ပါဝင်ကာ ၁၂ ပုဒ်ကို ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ် ဖန်တီးထားကြောင်း၊ စုံတွဲအဖြစ် အဆိုတော် ဟဲလေးနှင့် တွဲဖက်သီဆိုထားပြီး သဟာအောင်ကိုယ်တိုင်ရေးသားထားသော တေးသီချင်းကို သီဆိုထားကြောင်း၊ The Sun Music တေးထုတ်လုပ်ရေးမှ ဩဂုတ်လတွင် ဖြန့်ချိမည်ဖြစ်ကြောင်းသိရသည်။

**ကိုလင်း**



## အနုပညာရှင်များစွာပါဝင်သည့် မူပိုင်ရှင် ဖက်ရှင်ရှိုးကျင်းပမည်

မူပိုင်ရှင် (The One and Only) အမည်ဖြင့် Aroma Wedding Studio မှ Park Royal Hotel တို့ ပူးပေါင်းပြီး မြန်မာ့ မင်္ဂလာဝတ်စုံများ ပြပွဲကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ရွှေဂုံတိုင် အလံပြဘုရားလမ်းရှိ Park Royal Hotel တွင် ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။

"ဒီပွဲရဲ့ အဓိက ထူးခြားချက်ကတော့ မြန်မာဝတ်စုံတွေကို ပြသနေကျပုံစံနဲ့မတူညီတဲ့ ဒီဇိုင်းတွေ နဲ့ ပြသသွားဖို့ရှိပါတယ်၊ ဒီပွဲမှာ ကျွန်တော်တို့ ဒီဇိုင်နာတွေရဲ့အထူးဝတ်စုံတွေ ပါဝင်ပြသမယ်၊ အခြားပွဲတွေနဲ့ မတူတာက လာရောက်ပြသတဲ့သူတွေကို စိတ်တိုင်းကျ ဆောင်ရွက်ပေးတာမို့ ပြသဖြစ်တာပါ၊ အနုပညာရှင်များစွာပါဝင်ပါမယ်၊ ဝါကျွတ်တော့မယ်ဆိုတော့ မင်္ဂလာမောင်နှံတွေကလည်း မင်္ဂလာဆောင်အတွက် အခက်တွေ့တာမျိုးတွေ မဖြစ်ရအောင် ဒီပွဲကြီးကနေ အကျိုးကျေးဇူးတွေရမယ်လို့မြင်ပါတယ်၊ ဒီပွဲကို ဦးဆောင်တာက Myanmar Wedding Top ကပါ၊ ကျွန်တော်တို့နဲ့ Park Royal Hotel တို့က ပူးပေါင်းလိုက်တာမို့ အားလုံးပိုပြီးစည်ကားသွားမယ်"ဟု ကိုစိန်လင်း (Aroma) က ပြောသည်။

အဆိုပါ ပွဲတွင် မင်္ဂလာဝတ်စုံ၊ ဟိုတယ်၊ အစားအသောက်၊ ဓာတ်ပုံ အဆုံး အားလုံးကို စိတ်ကြိုက် ရွေးချယ်နိုင်မည်ဖြစ်ပြီး မိုးရာသီအထူးအစီအစဉ်အဖြစ် ဈေးနှုန်းများကိုလည်း အထူးလျှော့ချထားကြောင်း သိရသည်။

**ကိုလင်း**



## ဝိုင်းလ်ကတ်နှင့် ဇော်ကြီး နောက်ဆုံးဆန်ခါတင်သုံးဦးအတွင်း ပါဝင်ခွင့်ရရှိလာ

**လူစိတ်ဝင်စားမှုအများဆုံး ရရှိထားသည့် မြန်မာအိုင်ဒေါလ်တွင် နောက်ဆုံးဆန်ခါတင်သုံးဦးမှာ ယနေ့တွင် ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ သုံးဦးအနက် Pentene Wild Card ဖြင့် ပြန်လည်ရောက်ရှိလာခဲ့သည့် ဇော်ကြီးလည်း ပါဝင်ခဲ့ပြီး ပရိသတ်အားပေးမှုအခိုင်အမာရရှိထားသည့် ချမ်းမြေ့မောင်ချို့နှင့် အကဲဖြတ်ဒိုင်တစ်ဦးဖြစ်သည့် မြန်မာပြည်သိန်းတန်၏ ချီးကျူးအသိအမှတ်ပြုမှုကို ရရှိခဲ့သူ ဖြိုးမြတ်အောင်တို့ ပါဝင်လာခဲ့ပြီဖြစ်သည်။**



"ရွေးချယ်ခံရမယ်လို့လည်း မထင်မိပါဘူး။ ဒီတစ်ပတ်ဟာ တော်တော်လည်း စိတ်လှုပ်ရှားစရာ ကောင်းသလို ကျွန်တော့်အတွက် မမေ့နိုင်တဲ့ နေ့ရက်တွေလည်းဖြစ်ပါတယ်။ ဒါပေမယ့် နှုတ်ဆက်ထွက်ခွာသွားရတဲ့ သူငယ်ချင်းတွေအတွက်လည်း ကျွန်တော် ထပ်တူစိတ်မကောင်းဖြစ်မိတယ်။ နောက်တစ်ပတ်ဟာ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေ ပိုပြီးများလာမယ်ဆိုတာ သေချာပါတယ်"ဟု ဖြိုးမြတ်အောင်က ပြောကြားသည်။

မြန်မာအိုင်ဒေါလ်သည် Season 3 သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ပရိသတ်အားပေးမှုမှာလည်း ပိုမိုအားကောင်းလာကာ ဝေဖန်မှု၊ ဒိုင်များ၏ သုံးသပ်မှုအပေါ် ပြန်လည်ချေပမှုများစွာဖြင့် စိတ်ဝင်စားမှု အရှိန်အားကောင်းလျက်ရှိသည်။ ယခုသီတင်းပတ်သည် ဂန္ထဝင်သီချင်းများ ယှဉ်ပြိုင်သည့် သီတင်းပတ်ဖြစ်ခဲ့ပြီး နေခန့်မင်းသစ်နှင့် ငွေဇင်လှိုင်းတို့ နှုတ်ဆက်ထွက်ခွာသွားခဲ့ရသည်။

"အမြဲအမှတ်ရနေမှာပါ"ဟု ပရိသတ်များကို ၎င်းတို့က လေးစားစွာ ပြောကြားခဲ့ကြပြီး အားပေးကြသူများကလည်း ၎င်းတို့နှစ်ဦးအတွက် စိတ်မကောင်းဖြစ်ခဲ့ကြသည်ကို မြင်တွေ့ရသည်။ နေခန့်မင်းသစ်က ဒိုင်တွေရဲ့ Save ပြုလုပ်ခြင်းကြောင့် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သူဖြစ်ပြီး အသံချိုချိုဖြင့် ပရိသတ်အားကောင်းသည့်အတွက် ပြိုင်ပွဲဝင်အချင်းချင်းပင် ချစ်ခင်နှစ်သက်ကြသကဲ့သို့ ရော့ခ်သီချင်းများကို အသံအားကောင်းကောင်း၊ စိတ်ခံစားမှုအားပါပါ သီဆိုခြင်းဖြင့် ပရိသတ်နှစ်သက်ခံရသူ ငွေဇင်လှိုင်းမှာ ဂန္ထဝင်ဂီတ သီဆိုယှဉ်ပြိုင်မှုသည် အခက်အခဲအနည်းငယ်ရှိမည်ဟု သူ့ပရိသတ်များကလည်း ခန့်မှန်းထားခဲ့ကြသည်။

**မေဦးမိုး**

## အလှမယ်ဟန်တီက ပွဲစီစဉ်သူနှင့်အလှမယ်တွေ လက်ဝါးချင်းရိုက်သည်ဟု ဝေဖန်သည့်အပေါ် စိတ်မကောင်းဖြစ်နေ




Miss Myanmar World 2018 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရင်း Winner အဖြစ် ရွေးချယ်ခံရသူ အလှမယ်ဟန်တီက ပထမဆုံး အကြိမ်အဖြစ် ၂၀၁၄ခုနှစ်က "Miss Supranational" သို့လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူတစ်ယောက်ဖြစ်သည်။ ယခုအခါ ဒုတိယအကြိမ်မြောက် ထပ်မံပြီး အလှမယ် ရွေးချယ်ပွဲကို ယှဉ်ပြိုင်ခဲ့ရာ Miss Myanmar World 2018 Winner ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး တရုတ်နိုင်ငံတွင်ကျင်းပမည့် အဆိုပါ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့်သွားရောက်ယှဉ်ပြိုင်ရမည်ဟုသိရသည်။

မေး။ ။ မြန်မာအလှမယ်အနေနဲ့ ကိုယ်စားပြုသွားပြိုင်ရမယ့်အပေါ် သဘောထားနဲ့ ခံယူချက်ကို ပြောပြပါဦး။

ဖြေ။ ။ အခုလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပြီး ရွေးချယ်ခဲ့တဲ့အပေါ် မှာ အကောင်းဆုံး လုပ်ဆောင်သွားမှာပါ။ ရလဒ်ကလည်း အကောင်းဆုံးဖြစ်တာဆိုတော့ ကိုယ့်အတွက် ကြိုးစားမှုကလည်း ဒီထက်ပိုမှာပါ။ အခုပွဲက ကမ္ဘာနဲ့ချီပြီး ယှဉ်ပြိုင်ရတဲ့ပွဲတစ်ခုဖြစ်တာမို့ ပရိသတ်တွေအတွက် မြန်မာနိုင်ငံအတွက် ဂုဏ်ယူထိုက်သူတစ်ဦးအဖြစ် ကြိုးစားမှာပါ။ မြန်မာဆိုတာလည်း ကမ္ဘာက အားလုံးသိတဲ့ နိုင်ငံဖြစ်လာအောင် တတ်စွမ်းသမျှ အစွမ်းကုန်ဖော်ထုတ်မှာပါ။

မေး။ ။ Miss Myanmar World 2018 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တဲ့အပေါ် အများရဲ့ ဝေဖန်တာကိုရော ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ အချို့အရာတွေ သိပ်ပြီး ထည့်မတွက်တတ်ဘူးရှင့်။ ကိုယ့်လုပ်ချင်တဲ့အရာကို အကောင်းဆုံးလုပ်ဆောင်ဖို့ပဲစဉ်းစားတယ်။ ဝေဖန်ကြတာတွေကတော့ ဒီ အလုပ်လုပ်မယ်ဆို အနည်းနဲ့အများရှိတာပဲလေ။ အဲဒီ့အတွက် လက်ခံပြီးသားပါ။ ပြိုင်ပွဲတုန်းကတောင် ပထမ ဝတ်တဲ့ ဝတ်စုံက အဆင်မပြေလို့ ရှိတဲ့ ဝတ်စုံဝတ်လိုက်ရတယ်။ ကိုယ့်အတွက် အဲဒီ့ ဝတ်စုံကလည်း အဆင်မပြေဘူးဖြစ်ခဲ့တယ်။ ဒီအပေါ်မှာ ဝေဖန်ကြတာတွေ ခံရတာပဲလေ။ ဒါကိုလည်း ရှင်းပြခွင့်မရခဲ့ပါဘူး။ ပွဲမှာ အကောင်းဆုံးဖြစ်ဖို့ပဲ အာရုံစိုက်ခဲ့ပါတယ်။ ဒါပေမယ့် ပြိုင်ပွဲပြီးတဲ့အခါ ကြားရတာက ကိုယ်ပဲရမှာပေါ့ ဘာညာဆိုပြီး၊ ပြောသံတွေ ကြားရတယ်၊ သမီးကတော့ အရိုးသားဆုံး ယှဉ်ပြိုင်ခဲ့ပါတယ်။ ဘာတစ်ခုမှ လက်ဝါးရိုက်ထားတာမျိုး မရှိခဲ့ပါဘူး။

မေး။ ။ ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုတွေကိုလည်း ပရိသတ်ကြီးအတွက်ပြောပြပါဦး။

ဖြေ။ ။ အများကြီးတော့ ကြိုပြီးတွက်ဆနေတာ မျိုးတော့ မရှိပါဘူး။ သူများနိုင်ငံတွေ၊ အလှမယ်တွေကို ကြည့်ပြီး ပြိုင်တာထက် ကိုယ့်ကိုယ်ကိုယ်သာ အဓိကထားပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းနေပါတယ်။ ပြိုင်ဘက်ဆိုတဲ့အနေအထားနဲ့လည်း ဘယ်သူ့ကိုမှ သဘောမထားပါဘူး။ ပြင်ဆင်မှုပိုင်းမှာဆိုရင် စကားပြောဆိုတာကအစ ခန္ဓာကိုယ် အလှအပ ထိန်းသိမ်းမှုအဆုံး အားလုံးကို သေချာပြင်ဆင်နေပါတယ်။ ဝတ်စုံ ဒီဇိုင်းပိုင်းပါ အားလုံး သေချာလုပ်ထားပါတယ်။

မေး။ ။ အခုနောက်ပိုင်းမှာ အလှမယ်ပြိုင်ပွဲတွေအပေါ် ပရိသတ်အာရုံစိုက်မှု အားနည်းသွားတယ်လို့ ပြောရင် လက်ခံနိုင်မလား။

ဖြေ။ ။ အဓိကကတော့ ပွဲတွေများလာတာကြောင့်လို့ ထင်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအတွက် ဒီပွဲကြီးကတော့ တကယ့်ကို ဂုဏ်ယူစရာ ဖြစ်တာမို့ သေသေချာချာလေးအားပေးစေချင်ပါတယ်။ ဟိုမှာက ပရိသတ်ရဲ့အားပေးမှုကစကားပြောပါတယ်။ ဘာလို့လဲဆိုရင် မြန်မာလူမျိုးတွေ သူတို့အလှမယ်ကို အားပေးကြတယ်။ နိုင်ငံကိုယ်စားပြုကို အားပေးကြတယ်ဆိုတာကလည်း ယှဉ်ပြိုင်နေတဲ့အချိန်မှာ တော်တော်လေး အရေးကြီးပါတယ်။ ဂုဏ်ယူစရာလည်း ကောင်းပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေကို တကယ်သွားပြိုင်ပြီး တကယ်ကို ကြိုးစားကြသူတွေကိုတော့ အားပေးသင့်တယ်လို့ ပရိသတ်ကြီးကို တောင်းဆိုချင်ပါတယ်။ **ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# Pirelli ပြက္ခဒိန်မှာ မြင်တွေ့ရမယ့် ဂျီဂျီဟတ်ဒစ်

မော်ဒယ်တစ်ဦးဖြစ်တဲ့ ဂျီဂျီဟတ်ဒစ်၊ ဘဲလေးကချေသည်တစ်ဦးဖြစ်တဲ့ မစ်စ်တီကော့ပ်လန်း၊ ပြင်သစ်ရုပ်ရှင်မင်းသမီး လက်တီတီယာနဲ့ ရုပ်ရှင်သရုပ်ဆောင် ဂျူလီယာဂါနာတို့ကို ၂၀၁၉ ခုနှစ် Pirelli ပြက္ခဒိန်ရိုက်ဖို့အတွက် ရွေးချယ်ထားတယ်လို့ သိရပါတယ်။

Pirelli ကုမ္ပဏီက နှစ်သစ်ရိုက်ကူးတဲ့ ပြက္ခဒိန်မှာ ဒီနာမည်ကျော်အမျိုးသမီးလေးဦးရဲ့တစ်ဦးချင်းစီအတွက် ဘဝမှာ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်နေတဲ့ အောင်မြင်မှုတွေရရှိနေတဲ့ ဇာတ်ကောင်အဖြစ် ပြက္ခဒိန်ရိုက်သွားမှာပါ။ ဗြိတိန်နွယ်ဖွား



ဓာတ်ပုံဆရာ အယ်ဘတ်ဝပ်ဆန်အတွက် ပထမဆုံးအကြိမ်အဖြစ် Pirelli ကုမ္ပဏီအတွက် ဓာတ်ပုံရိုက်ပေးခြင်းလည်း ဖြစ်ပါတယ်။ တာယာထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော Pirelli ကုမ္ပဏီက ထုတ်တဲ့ ပြက္ခဒိန်တွေဟာ ထူးခြားမှု ရှိပါတယ်။ ဒီပြက္ခဒိန်တွေဟာ လူတိုင်း မရနိုင်ပါဘူး။ အကန့်အသတ်နဲ့သာ ထုတ်တာဖြစ်ပြီး ကုမ္ပဏီရဲ့ အရေးပါတဲ့ ဝယ်သူတွေ၊ နာမည်ကျော်ကြားသူတွေကို လက်ဆောင်အဖြစ် ပြန်ပေးတဲ့ ပြက္ခဒိန်လည်း ဖြစ်တယ်။

ဓာတ်ပုံဆရာ အယ်ဘတ်ဝပ်ဆန်ဟာ သာမန်ဓာတ်ပုံဆရာတစ်ဦးတော့ မဟုတ်ပါဘူး။ သူဟာ နာမည်ကျော် မဂ္ဂဇင်းစာစောင်တွေအတွက် ဓာတ်ပုံရိုက်ပေးတဲ့ သူလည်း ဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ အယ်ဘတ်ဟာ စကော့တလန်သားဖြစ်ပြီး သူရိုက်ပေးခဲ့တဲ့ စတိဗ်ဂျော့ရဲ့ ပုံဟာဆိုရင်လည်း ကျော်ကြားပါတယ်။

**ဘီဘီစီ**

# ဒယ်မီလက်ဗာတိုအတွက် ဆုတောင်းပေးနေပါတယ်ဆိုတဲ့ ဂျက်စတင်ဘီဘာ

နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ဒယ်မီလက်ဗာတိုတစ်ယောက် ဆေးရုံတက်နေရတာဟာ ဆေးအလွန်အကျွံသုံးစွဲမှုကြောင့်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒယ်မီလက်ဗာတိုမှာ ဟောလိဝုဒ်က သူငယ်ချင်းများစွာရှိပြီး သူ့သူငယ်ချင်းတွေအားလုံးကလည်း သူအမြန်သက်သာပြီး ဆေးရုံက ဆင်းလာဖို့ကို မျှော်လင့်ထားကြပါတယ်။ အဲဒီသူငယ်ချင်းတွေထဲမှာ ဂျက်စတင်ဘီဘာလည်း ပါပါတယ်။ ဒယ်မီရော၊ ဂျက်စတင်ဘီဘာရောဟာ ဆယ်ကျော်သက်အရွယ်ကတည်းက နာမည်ကျော်ကြားလာသူတွေဖြစ်ကြပြီး တစ်ချိန်တည်းမှာ အောင်မြင်လာသူတွေဖြစ်လို့ အချင်းချင်း ခင်မင်ကြတယ်။ ဒယ်မီလက်ဗာတို ကျန်းမာရေးအမြန်ကောင်းလာဖို့ မျှော်လင့်တယ်လို့ ဆိုပါတယ်။

ဒယ်မီရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး ပါပါရာဇီတွေက ဂျက်စတင်ဘီဘာကို မေးကြတဲ့အခါ ဂျက်စတင်ဘီဘာက "ကျွန်တော် သူနဲ့စကားမပြောဖြစ်တာ အတော်ကြာပါပြီ။ ဒါပေမယ့်လည်း သူအမြန်နေကောင်းလာဖို့ ဆုတောင်းပေးနေပါတယ်" လို့ ဖြေခဲ့ပါတယ်။

ဒယ်မီဟာ ဆယ်ကျော်သက်အရွယ်တုန်းက အရက်နဲ့ ကိုကင်းကို စွဲလမ်းခဲ့ပြီး အဲဒါကိုဖြတ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ခြောက်နှစ်လုံးလုံး အဲဒါတွေနဲ့ ကင်းအောင်နေခဲ့ပေမယ့် အခု ဒုတိယအကြိမ် လမ်းမှားရောက်သွားတဲ့ပုံပါ။ ဒါပေမယ့် သူဆေးရုံရောက်ရတဲ့အကြောင်းရင်းကိုတော့ အသေအချာ မသိရသေးပါဘူး။ အစောပိုင်းကာလ သတင်းတွေကတော့ ဘိန်းဖြူအလွန်အကျွံသုံးမိလို့ဆိုတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာလည်း ဒယ်မီနဲ့ ကလေးဘဝကတည်းက ခင်မင်ကြတဲ့ သူငယ်ချင်းဖြစ်ပြီး အခုလည်း ဒယ်မီအတွက် စိတ်ပူနေတယ်လို့ သိရပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**




# ဘာသာခြားစကားလုံးများမွေးစားသည့် အစဉ်အလာ (၄)

**မောင်ခင်မင် (ဓနုဖြူ)**



" တစ်ခုသတိရလို့ပါ ဆရာ"

"ဘာပါလိမ့်"

" မြန်မာတွေက ဘာသာခြားစကားလုံးတွေကို မွေးစားသလို မြန်မာစကားကိုလည်း တခြားလူမျိုးတွေက မွေးစားတာမျိုး ရှိမယ်ထင်ပါတယ်"

"ဟုတ်တာပေ့ါ။ ဘာသာစကားတစ်ခုနဲ့တစ်ခု ထိတွေ့မိတဲ့အခါမှာ အပြန်အလှန်သူ့စကား ကိုယ်ယူ၊ ကိုယ့်စကား သူယူဆိုတဲ့ အလေ့မျိုးတွေ ပေါ်မှာပဲလေ။ ဒါသဘာဝပဲပေ့ါ။ ဒီတော့ မြန်မာစကားဟာလည်း မြန်မာနဲ့ ထိတွေ့တဲ့ တခြားဘာသာစကားတွေထဲကို မွေးစားစကားအဖြစ် ရောက်မှာပါလေ"

"ဟုတ်ကဲ့ပါ"

" မြန်မာနဲ့ အင်္ဂလိပ် ဘာသာစကားချင်းထိတွေ့တဲ့အခါ မြန်မာစကားထဲက စကားလုံးတွေကို အင်္ဂလိပ်တွေက မွေးစားတာတွေရှိတယ်။ သာဓကပြရရင် 'ငါးပိ'၊ 'ပွဲ'၊ 'မြို့အုပ်'၊ 'ဝန်ထောက်'၊ 'အငြိမ့်' အစရှိတဲ့ စကားလုံးတွေပဲလို့ ဆရာကြီးဦးတင်လှက ရေးဖူးတယ်"

"ဩော်၊ ဟုတ်ကဲ့ပါ"

"ကိုယ့်မှာ မရှိတဲ့ အစားအစာတို့၊ ရာထူးတို့၊ တခြားလူမှုကိစ္စတို့ကို ခေါ်တဲ့စကားလုံးတွေကို မွေးစားယူလိုက်တဲ့သဘောပါပဲ"

"တိုင်းရင်းသားဘာသာစကားတွေမှာရော မြန်မာမွေးစားစကားလုံးတွေရှိမှာပဲနော်"

"ရှိတာပေ့ါ။ မြန်မာစကားထဲက စကားလုံးတွေကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း စတဲ့ တိုင်းရင်းသားဘာသာစကားတွေက မွေးစားနိုင်သလို အဲဒီတိုင်းရင်းသားစကားတွေကိုလည်း မြန်မာက မွေးစားနိုင်တာပဲလေ။ ဒါပေမယ့် ဘယ်စကားတွေကို မွေးစားတယ်။ ဘယ်ဘာသာစကားက ဘယ်ဘာသာစကားဆီက မွေးစားတယ်ဆိုတာကို စနစ်တကျသုတေသနပြုမှ မှန်မှန်ကန်ကန် တိတိကျကျဖော်ထုတ်နိုင်မှာလေ"

"ဟုတ်ကဲ့ပါ။ ဆရာ"

"အဲဒီလို ဖော်ထုတ်တဲ့ ဆောင်းပါးတွေ၊ စာတမ်းတွေ အသင့်အတင့်ရှိပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်တော့ မဖော်ထုတ်နိုင်ကြသေးဘူးလေ။ ဆရာတို့ကိုယ်တိုင်လည်း ကျယ်ကျယ်ပြန့်ပြန့်မသိသေးတာ အမှန်ပါပဲ။ ဆက်ပြီး သုတေသနလုပ်ကြရဦးမယ့် ကိစ္စတွေပေ့ါကွယ်"

"ဆရာတို့ မြန်မာပညာရှင်တချို့က စကားလုံးချင်းတူတာကိုကြည့်ပြီး ဘာသာစကားတစ်ခုဆီက တစ်ခုဆီကို မွေးစားယူထားတဲ့ စကားလုံးအဖြစ် အလွယ်တကူကောက်ချက်ချတတ်ကြတယ်။ အထူးသဖြင့် ပါဠိသြဇာကြီးတဲ့ကာလက မြန်မာစကားလုံး တော်တော်များများကို ပါဠိဆီကယူသယောင် ကြံဆတဲ့အလေ့ တော်တော်အားကောင်းတယ်"

"ပြောပြပါဆရာ"

" သားတို့၊ သမီးတို့ ကြားဖူးမယ်ထင်တယ်။ မင်းတုန်းမင်းလက်ထက်က မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် 'ဦးယမ်' ဆိုတဲ့ ပညာရှင်ကြီး ရှိပါတယ်။ မင်းတုန်းမင်းရဲ့ပိဋကတ်တိုက်ကို ကြီးကြပ်အုပ်ချုပ်ရတယ်။ စာပေကျမ်းဂန်နှံ့စပ်တယ်။ တစ်ညနေမှာ မင်းတုန်းမင်းကိုးကွယ်တဲ့ ဆရာတော်တွေ စုဝေးနေတုန်း ဦးယမ်က ဆရာတော်တွေကို လျှောက်တယ်။ အကြောင်းက ဆရာတော်တွေ မင်းတရားကြီးကို တင်သွင်းတဲ့ မေတ္တာစာတွေမှာ သတ်ပုံအမှားတွေ ပါနေတဲ့ကိစ္စပဲ။ ဆရာတော်တွေက ဘယ်စာလုံး မှားလို့လဲလို့မေးတော့ ဦးယမ်က မြန်မာကို 'မြမ္မာ' လို့ ရေးတာ၊ ပုပ်တာကို 'ပုတ်' လို့ ရေးတာတွေ မှားတဲ့အကြောင်း လျှောက်သတဲ့။ အဲဒီအခါမှာ ဆရာတော်တွေက ကျောက်စာမှာ မြန်မာကို မရမ္မာလို့ ပါဠိလိုရေးတဲ့အကြောင်း၊ 'ပုတ်' ဟာ 'ပုတိ' ဆိုတဲ့ ပါဠိစကားက ဆင်းသက်လို့ ပုတ်လို့ တသတ်နဲ့ ရေးတဲ့အကြောင်း ရှင်းပြသတဲ့။ အဲဒီအခါ ဦးယမ် စိတ်တိုသွားပြီး ' ကျောက်စာပါဠိဝိဂြိုဟ်များမှာ ငယမ့်ဗိုက်တွင် အပြည့်ရှိသည်' လို့ သူ့ဗိုက်ကို ပုတ်ပြပြီး လျှောက်ထားသတဲ့။ ပြီးတော့မှ 'အရှင်ဘုရားတို့ကျောင်းမှာ ရေးချင်သလို ရေးနိုင်ပါတယ်။ ဧကရာဇ်မင်းမြတ်ရှေ့တော်ကို တင်သွင်းတဲ့စာတွေကိုတော့ ရွှေနန်းရွှေဘုံ ရေးထုံးရှိတဲ့အတိုင်း လိုက်နာတော်မူကြပါ' လို့ လျှောက်ထားတယ်။ အဲဒီကစပြီး နန်းတော်ကို မေတ္တာစာပို့ရင် 'မြန်မာ'၊ 'အပုပ်' ဆိုပြီး သတ်ပုံအမှန်အတိုင်း ရေးကြရတယ် ... တဲ့"

"မှတ်သားထားပါ့မယ် ဆရာ။ ဒါဆိုရင် 'မြန်မာ' တို့၊ 'အပုပ်' တို့ဟာ ပါဠိဆီက မွေးစားတာ မဟုတ်ဘူးပေ့ါနော်"

"အဲ့ဒါပြောတာလေ။ မြန်မာကို ပါဠိဆန်ဆန် မ နှစ်လုံးဆင့်ပြီး 'မြမ္မာ' လို့ရေးတော့ ပါဠိဆီက လာသလိုလို ထင်ရတာပေ့ါ။ ပါဠိ 'ပုတိ' နဲ့ မြန်မာ 'ပုပ်' ဟာ အသံချင်းနီးစပ်တာကိုကြည့်ပြီး 'ပုတိ' က လာတယ်လို့ ယူဆပြီး 'ပုတ်' လို့ ရေးတော့ သတ်ပုံပါ မှားသွားတာပေ့ါကွယ်"

"နောက်သာဓကတစ်ခုက ယောအတွင်းဝန် ဦးဘိုးလှိုင်ရဲ့ရှေ့မှာ ဝန်စုရပုဂ္ဂိုလ်တစ်ယောက်က 'ထဘီ' ဆိုတာ ထည့်ခြင်းဆိုတဲ့ 'ဌာ' ဆိုတဲ့ ပါဠိက ဆင်းသက်တာလို့ 'ဌဘီ' လို့ ဌဝမ်းဘဲနဲ့ ရေးသင့်တယ်လို့ ပြောတယ်။ အဲဒီအခါမှာ ယောအတွင်းဝန်က 'မြန်မာဘာသာမှာ ပါဠိဘာသာ ဝင်ဝင်မစွက်နှင့်' လို့ အဲဒီပုဂ္ဂိုလ်ကို ကြိမ်းလိုက်ရတယ်တဲ့"

"ဩော်၊ စိတ်ဝင်စားစရာပဲနော်။ ပါဠိ 'ဌာ' နဲ့ မြန်မာ 'ထဘီ' နဲ့ ထသံချင်းနီးစပ်ရုံနဲ့ ထဘီဟာ ပါဠိဆီက မွေးစားတဲ့စကားလို့ ယူဆတာကိုး"

"နောက်သာဓကတစ်ခု ပြဦးမယ်။ ကောင်းကင်က ရွာချတဲ့မိုးကို 'မိုဃ်း' လို့ ဃကြီးသတ်နဲ့ရေးတာ တစ်ချိန်က တော်တော်တွင်ကျယ်တယ်။ ပထဝီဝင် ကျောင်းသုံးစာအုပ်တွေမှာ ' မိုဃ်းရွာသွန်းခြင်းအကြောင်း' လို့ ဃကြီးသတ်နဲ့ရေးတာ။ ဒီဘက်ခေတ် လွတ်လပ်ရေးရပြီးချိန်အထိပဲ"

"ဘာဖြစ်လို့ မိုးကို ဃကြီးသတ်ပြီး ရေးတာပါလဲ ဆရာ"

" ပါဠိမှာ ' မေဃ' ဆိုတဲ့ စကားလုံးရှိတယ်လေ။ ' မိုး ' လို့ အဓိပ္ပာယ်ရတယ်။ 'မေဃ' နဲ့ ' မိုး ' က ' မ ' ဗျည်းချင်းတူတယ်မဟုတ်လား။ အဲဒါကို အထောက်အထားပြုပြီးတော့ မိုးဟာ ပါဠိဆီက မွေးစားတဲ့စကားလုံးမို့ 'မိုဃ်း' လို့ ရေးရမယ်လို့ သတ်မှတ်ပြီး ရေးကြတာလေ"

" ဟုတ်ကဲ့ပါ "

" စိတ်ဝင်စားစရာပြောရရင် လွတ်လပ်ရေးရပြီးစ ဖဆပလအစိုးရလက်ထက်မှာ ပါလီမန်မှာ အမတ်တစ်ယောက်က မေးခွန်းမေးတယ်။ ' မိုဃ်း ' လို့ အစဉ်အဆက်ရေးလာတာ မှန်လျက်သားနဲ့ ခုခေတ်မှာ တက္ကသိုလ်မြန်မာစာဌာနက ' မိုး ' လို့ ဃကြီးသတ်မပါဘဲ ပြောင်းရေးနေပါတယ်။ မသင့်တော်ပါဘူး။ အဲဒါကို အစိုးရသိပါသလားဆိုတဲ့ မေးခွန်းမျိုးမေးတာလေ"

" ဩော် "

" အဲဒီတော့ အဲဒီတုန်းက မြန်မာစာပါမောက္ခဆရာကြီး ဦးဖေမောင်က ပါလီမန်ကို ရှင်းလင်းချက်ရေးပို့ရတယ်။ မိုးဆိုတာ မြန်မာစကားစစ်စစ် ဖြစ်ပါတယ်။ အမြင့်မှာ မိုးနေလို့ ' မိုး ' လို့ ခေါ်တာပါ။ အဲဒီမိုးကောင်းကင်ကကျတဲ့ ရေကိုလည်း မိုးကိုခေါ်တာပါ။ ' မေဃ ' ကို မွေးစားတာမဟုတ်ပါဘူး။ ဒါကြောင့် ' မိုဃ်း ' လို့ ရေးရင် မှားပါတယ်ဆိုတဲ့ သဘောမျိုးရှင်းပြရတယ်။ အဲဒီတော့မှ အဲဒီ ဃကြီးသတ် ' မိုဃ်း ' တွေ ပျောက်သွားတယ်"

" မှတ်သားထားပါ့မယ်။ ဆရာ "

" အသံတူရုံနဲ့ ဘာသာစကားတစ်ခုဆီက စကားလုံးကို တစ်ခုက ယူမွေးစားတယ်လို့ ပြောလို့မရတာ ရယ်စရာ သာဓကပြလေ့ရှိကြတယ်။ အင်္ဂလိပ်စကား 'away ' နဲ့ မြန်မာစကား ' အဝေး ' နဲ့ အသံချင်းတူတယ်လေ။ အင်္ဂလိပ်စကား 'near ' နဲ့ မြန်မာစကား ' နီး ' နဲ့ လည်း အသံချင်းတူတယ်မဟုတ်လား။ အဲဒါကို ကြည့်ပြီး မြန်မာစကား ' အဝေး ' တို့၊ ' အနီး ' တို့ဟာ အင်္ဂလိပ်စကား 'away ' တို့၊ 'near' တို့ကို မွေးစားထားတာပါလို့ ကောက်ချက်ချရင် ရယ်စရာဖြစ်သွားမှာပေ့ါ။ အဲဒီလိုမွေးစားတယ်ဆိုတဲ့ အထောက်အထား ဘယ်မှာမှ မရှိဘူးလေ"

" ဒါဆိုရင် အသံချင်းတူတာ တိုက်ဆိုင်တာလို့ ပြောရမယ်ထင်ပါတယ် ဆရာ "

" ဟုတ်တယ်။ ဒါက တိုက်ဆိုင်တာသက်သက်ပဲ။ အင်္ဂလိပ်ဆီက တကယ်မွေးစားတဲ့ စကားလုံးတွေ အများကြီးပါ။ ' ကောလိပ်' လိုစကားလုံးမျိုးကစပြီး တယ်လီဖုန်းလိုစကားလုံးမျိုးအထိ အရာဝတ္ထုအသုံးအဆောင်တွေကိုခေါ်တဲ့ မွေးစားစကားလုံးတွေ အထောက်အထားနဲ့ ပြနိုင်ပါတယ်။ ခုနပြောတဲ့ စကားလုံးတွေကတော့ အသံချင်းတိုက်ဆိုင်လို့ တူနေတာပါ။ မြန်မာက အင်္ဂလိပ်ဆီက ယူတာလည်း မဟုတ်ဘူး။ အင်္ဂလိပ်က မြန်မာဆီက ယူတာလည်း မဟုတ်ဘူးလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ပြီးတော့ ဘာသာခြားစကားလုံး မွေးစားတယ်ဆိုတာက ကိုယ့်မှာမရှိသေးတဲ့ သဘောတရားတွေ၊ အသုံးအဆောင်တွေကိုခေါ်တဲ့ အခေါ်အဝေါ်တွေ၊ အဲ-နာမ်တွေ ဆိုပါတော့။ အဲဒီနာမ်တွေကို မွေးစားတာများတယ်။ ပြုလုပ်တာ၊ ဖြစ်တာ၊ ရှိတာကို ပြတဲ့ ကြိယာတွေကို အထူးပြုတွေမွေးစားတာ တော်တော်ရှားတယ်။ ခုနပြောတဲ့ away တို့၊ near တို့က နာမ်တွေမဟုတ်ဘူး။ အထူးပြုကို သုံးတဲ့စကားလုံးတွေဆိုတော့ မွေးစားလေ့မရှိတဲ့ စကားလုံးတွေလေ"

"ဟုတ်ကဲ့ပါ"

"ကဲ ... စကားလုံးတစ်လုံးကို စဉ်းစားကြည့်ရအောင်။ 'နာမည်' ဆိုတဲ့ မြန်မာစကားလုံးပေ့ါ။ အင်္ဂလိပ်စကားမှာလည်း ' name ' ဆိုတဲ့ စကားလုံးရှိတယ်။ name ကို na- me လို့ ခွဲဖတ်ရင် 'နာမည်' နဲ့ တော်တော်တူတယ်မဟုတ်လား"

"တူပါတယ် ဆရာ"

"ဒီတော့ 'နာမည်' နဲ့ ' name ' တူတာဟာ တိုက်ဆိုင်မှုသက်သက်တော့ မဟုတ်ဘူး ထင်တယ်နော်။ သားတို့၊ သမီးတို့ ဘယ်လိုထင်သလဲ"

"သမီးသင်ဖူးတာက 'နာမည်' ဟာ 'နာမ' ဆိုတဲ့ ပါဠိစကားကို မွေးစားတာလို့ သင်ဖူးပါတယ် ဆရာ"

" 'နာမည်' နဲ့ 'နာမ' က 'နာ' ဆိုတဲ့ အသံချင်းတူနေတာတော့ ဟုတ်ပါပြီ 'မည်' ကရော၊ ဘာစကားလဲ"

"ဆရာ။ 'မည်' ကတော့ မြန်မာစကားလို့ထင်ပါတယ်။ ရာဇကုမာရ်ကျောက်စာမှာ 'မည်၏' ဆိုတဲ့ အသုံးတွေ၊ 'မည်သော' ဆိုတဲ့ အသုံးတွေ တွေ့ရပါတယ်"

"ဟုတ်ပြီ။ ဒါဆိုရင် 'အမည်' ကရောကွယ်"

"အမည်က 'မည်' ဆိုတဲ့ ကြိယာကို အ-ရှေ့ဆက်တွဲလိုက်တဲ့ စကားလုံးပါ ဆရာ။ 'က' ကနေ 'အက'၊ 'စား' ကနေ 'အစား' ဖြစ်သလို 'မည်' ကနေပြီး အမည်ဖြစ်တာပါ"

"ဟုတ်ပါပြီ။ 'နာမည်' လို့ ဖြစ်လာတာက ပါဠိ 'နာမ' နဲ့ မြန်မာ 'မည်' နဲ့ပေါင်းပြီး ဖြစ်လာတာကို ဆိုနိုင်ပါတယ်။ ဒါဆိုရင် 'နာမည်'က အင်္ဂလိပ်စကား ' name' နဲ့ရော ဘာဖြစ်လို့ တူနေတာပါလိမ့်"

"မသိပါဘူး ဆရာ၊ မစဉ်းစားတတ်ပါဘူး"

"နာမည်ဆိုတဲ့စကားလုံးက အင်္ဂလိပ်နဲ့ မဆက်ဆံခင်ကတည်းက မြန်မာတွေသုံးနေတာမို့ name ကို မွေးစားတာမဟုတ်တာတော့ သေချာတယ်။ ပါဠိ 'နာမ' ကို ယူတာလည်း သေချာတယ်။ ဒီလိုဆိုရင် ပါဠိ 'နာမ' နဲ့ အင်္ဂလိပ် ' name' က ဘယ်လိုဆက်သွယ်မှုရှိသလဲ"

"ကျွန်တော်ပြောကြည့်ပါ့မယ် ဆရာ။ ဘာသာစကားမျိုးရိုးတွေအကြောင်း သင်ရတုန်းက ပါဠိနဲ့ အင်္ဂလိပ်ဟာ အင်ဒိုဥရောပဘာသာစကားမျိုးရိုးထဲက မျိုးတူဘာသာစကားတွေဖြစ်တယ်လို့ သိရပါတယ်။ မျိုးရိုးတူတဲ့အတွက် 'နာမ' နဲ့ 'name' အသံတူတာဖြစ်မယ်ထင်ပါတယ်"

"ဟုတ်ပါတယ်။ 'နာမည်' က ' name 'ကို ယူတာမဟုတ်ပေမယ့် နာမက name နဲ့ မျိုးတူနွယ်တူမို့ အသံချင်း တူနေတာဆိုတော့ 'နာမည်' နဲ့ ' name ' လည်း အသံချင်းက တူနေတာလို့ ကောက်ချက်ချနိုင်တာပေ့ါကွယ်"

မြူး

# နမ့်ခင်ချောင်းရေ တသွင်သွင် စီးစေဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့



ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့သည် တောင်ကုန်းတောင်တန်းများ ပတ်လည်ဝန်းရံလျက်ရှိပြီး ချိုင့်ဝှမ်းလွင်ပြင်တွင်တည်ရှိသောသာယာလှပသည့်မြို့လေး တစ်မြို့ဖြစ်သည်။ ဒေသခံတိုင်းရင်းသားများအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးတွင် ချောင်းရေကို အားကိုးစိုက်ပျိုးကြရသည်။ ဒေသအတွင်း စားနပ်ရိက္ခာကို ဖူလုံစေသည်သာမက ပိုလျှံဆန်စပါးများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သဖြင့် နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးလျက်ရှိသည်။

မြို့နှင့်လယ်ကွင်းပြင်များ၏ ပတ်လည်တွင် လှိုမြောင်တောင်တန်းများကို အခြေပြု၍ စီးဆင်းလျက်ရှိသော ချောင်းလက်တက်များမှာ အသီးသီး ပေါင်းဆုံကြပြီး နမ့်ခင်ချောင်း၊ နမ့်လပ်ချောင်း၊ နမ့်ဟတ်ချောင်း၊ နမ့်ခတ်ချောင်း၊ နမ့်ဖူးချောင်း၊ နမ့်တင်းချောင်းစသဖြင့်စိုက်ပျိုးရေးအတွက် အားထားစရာဖြစ်သော ချောင်းများအဖြစ် တောင်ယာလယ်မြေများတစ်လျှောက် ရစ်ခွေစီးဆင်းလျက်ရှိကြသည်။

ဤသို့ စီးဆင်းလျက်ရှိသော ချောင်းများမှာ နမ့်ခင်ချောင်းအတွင်းသို့ အသီးသီးစီးဝင်ကြလျက် နမ့်ခင်ချောင်းမှာ တောင်ဘက်မှ မြောက်ဘက်သို့ ဆက်လက်စီးဆင်းပြီးနောက် ကျိုင်းတုံမြို့မှ ၁၅ မိုင် ၅ ဖာလုံခန့် ကွာဝေးသော နမ့်လွေချောင်းအတွင်းသို့စီးဝင်ပြီး နမ့်လွေချောင်းမှာ မဲခေါင်မြစ်တွင်းသို့ စီးဝင်လျက်ရှိသည်။

နမ့်ခင်ချောင်းမှာ ရှည်လျားသော ချောင်းတစ်ချောင်းဖြစ်ပြီး တောတောင်များအကြား၊ လယ်မြေများအကြားတွင် မိုးရေ၊ စိမ့်စမ်းရေတို့ဖြင့် တစ်နှစ်ပတ်လုံး တသွင်သွင် စီးဆင်းလျက်ရှိသည်။ ကျိုင်းတုံမြို့ရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်မြေများအတွက် စိုက်ပျိုးရေရယူသုံးစွဲရာတွင် အဓိကကျသော ချောင်းကြီး တစ်ချောင်းဖြစ်သည့်အတွက် စိုက်ပျိုးလယ်မြေများ၏ ပင်မသွေးကြောကြီးပင် ဖြစ်သည်။ နမ့်ခင်ချောင်းရေကို အမှီပြု၍ စိုက်ပျိုးသော လယ်မြေများမှာ ဧက ၂၅၀၀ ခန့် ရှိသည်။

ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးအတွက် မှီခိုအားထားရာဖြစ်သော နမ့်ခင်ချောင်းမှာ တောင်ကုန်းတောင်တန်းများကို အခြေပြုကာ စီးဆင်းလာရသည့် အတွက် ရေဝေရေလဲ ဧရိယာများတွင် သစ်တောများ ပြုန်းတီးလာမှုကြောင့် လည်းကောင်း၊ လမ်းများ တိုးချဲ့ဖောက်လုပ်မှုကြောင့်လည်းကောင်း၊ အနည်အနှစ်များ နှစ်စဉ်တဖြည်းဖြည်း ပို့ချလာခဲ့သဖြင့် ချောင်းကြမ်းပြင်များ မြင့်တက်၍ တိမ်ကောကျဉ်းမြောင်းလာခဲ့သည်။ ဤဖြစ်စဉ်များကြောင့် မိုးတွင်းကာလ မိုးများစွာရွာသွန်းသည့်အခါ နမ့်ခင်ချောင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင်ကျေးရွာများ၊ မိုးကောင်းသောက်လယ်မြေများ၊ ရေကြီးရေလျှံ ရေလွှမ်းမှုများ နှစ်စဉ်ဖြစ်ပေါ်ခဲ့သည်။

ယခင်နှစ် ၂၄-၁၁-၂၀၁၇ ရက်တွင် ကျိုင်းတုံမြို့နယ်အတွင်း မကြုံစဖူး ထူးကဲစွာ မိုးရွာသွန်းခဲ့သည်။ အဆိုပါမိုးရေချိန်မှာ ၁၂၉ မီလီမီတာ ၅ ဒသမ ၀၈ လက်မအထိရှိခဲ့ပြီး ယခင် ၃-၁၁-၁၉၉၁ ရက်၏ စံချိန်ဟောင်း မိုးရေချိန် ၉၁ မီလီမီတာ ၃ ဒသမ ၅၈ လက်မကို ကျော်လွန်ကာ မိုးရေချိန်စခန်းဖွင့်သည့် နှစ်ပေါင်း ၆၇ နှစ်အတွင်း စံချိန်သစ်တင် ရွာသွန်းခဲ့သည်ကို ၂၆-၁၁-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည်ကို သိရှိရသည်။ ထိုစဉ်က မြို့အတွင်း အနိမ့်ပိုင်းကျရောက်သော ရပ်ကွက်အချို့တွင်သာ ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သော်လည်း မိုးရာသီမကျရောက်မီက ပြန်လည်တူးဖော်ပေးခဲ့သော ချောင်းများမှ ကောင်းမွန်စွာ ရေထုတ်နုတ်နိုင်ခဲ့သဖြင့် အချိန်ကြာမြင့်စွာ မခံစားရဘဲ နာရီပိုင်းအတွင်း ထိုရပ်ကွက်များတွင် ရေပြန်လည်ကျဆင်းသွားခဲ့သည်ကိုလည်း တွေ့ကြုံသိမြင်ခဲ့ရသည်။

ထိုကဲ့သို့ ရေကြီးရေလျှံခြင်းမှကာကွယ်ရန် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း၊ ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း ရှမ်းပြည်နယ်အရှေ့ပိုင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး နှစ်စဉ်အပိုင်းလိုက် စီမံချက်များရေးဆွဲ၍ သဲနုန်းတူးဖော် ပေါင်ဆင့်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရှိရသည်။

နမ့်ခင်ချောင်းတစ်လျှောက် ကျိုင်းဖောင်းကျေးရွာမှ ယန်းလောကျေးရွာအထိလည်းကောင်း၊ ယန်းလောတံတားမှ ဖိုင်ဝိန်းရွာအထိလည်းကောင်း၊ ဖိုင်ဝိန်းရွာမှ နောင်အောရွာအထိလည်းကောင်း သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်အရှေ့ပိုင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် နောင်အောရွာမှ ယန်းဟောက်ရွာအထိ သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေလုံလောက်စွာ သုံးစွဲနိုင်ခဲ့သည်သာမကဘဲ ယခင်အခါက ချောင်းကြမ်းပြင်မြင့်တက်၍ တိမ်ကောလာခဲ့မှုကြောင့် မိုးကာလတွင် ချောင်းရေလျှံခြင်းဖြစ်ပေါ်ခဲ့ပြီး မြို့တွင်းအနိမ့်ပိုင်း ရပ်ကွက်အချို့သို့ ချောင်းရေဝင်ရောက်မှု၊ လယ်မြေများရေကြီးရေလျှံရေလွှမ်းမှု ဖြစ်ပေါ်ခဲ့ခြင်းကိုလည်း လျော့နည်းသက်သာအောင် ကာကွယ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကိုလည်း သိရှိရသည်။ ဤကဲ့သို့ ဒေသအတွင်း ရေကြီးရေလျှံမှုကိုလျော့နည်းစေသော၊ စိုက်ပျိုးရေရရှိစေရေးကို အထောက်အကူဖြစ်စေသော ဒေသခံတောင်သူများ၏အဓိကအားထားရာဖြစ်သော နမ့်ခင်ချောင်းအား မတိမ်ကောမပျောက်ပျက်စေရန် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းကြမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးသက်ရောက်မှုကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဒဏ်ကို နိုင်ငံအများတွင် အနည်းနှင့်အများ ခံစားနေကြရသည်ဖြစ်ပေရာ ဥတုရာသီတောကိုမှီ ဆိုစကားကဲ့သို့ မိမိတို့၏ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏တာဝန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**မောင်ဆွေငြိမ်း**

# လျှော်ဖြူဈေးနှုန်းထက်ဝက်ခန့် ကျဆင်းလျက်ရှိပြီး လျှော်ဖြူအစေးအထွက်နှုန်းလည်းကျဆင်းနေ

**ရေစကြို ဇူလိုင် ၂၇**

လျှော်ဖြူ(ဆေးကုလားမ) ဈေးကွက်ကောင်းမွန်မှုကြောင့် ရေစကြိုမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်များ၌ လျှော်ဖြူစိုက်ပျိုးသူများပြားလာလျက်ရှိသော်လည်း ယခု



နှစ်တွင်ယခင်နှစ်ကထက် လျှော်ဖြူဈေးနှုန်း ထက်ဝက်လောက် ကျဆင်းနေလျက်ရှိပြီး လျှော်ဖြူအစေးအထွက်နှုန်းလည်းကျဆင်းလျက်ရှိသည်ဟု လျှော်ဖြူစိုက်ပျိုးသူများထံက သိရသည်။

ယခင်နှစ်က ယခုကဲ့သို့ မိုးရာသီများတွင် လျှော်ဖြူဈေးနှုန်းမှာ မန္တလေးဒိုင်ဈေးနှင့် မူဆယ်ဒိုင်ဈေးမှာ (ထိပ်စ)လျှော်ဖြူတစ်ပိဿာလျှင် ငွေကျပ် ငါးသောင်းခွဲကျော်ခန့်ရှိခဲ့သော်လည်း ယခုနှစ်တွင် (ထိပ်စ)လျှော်ဖြူတစ်ပိဿာလျှင် ငွေကျပ် သုံးသောင်းခန့်သာရှိနေသဖြင့် လျှော်ဖြူဈေးနှုန်းကျဆင်းလျက်ရှိသည်ဟု သိရသည်။

"အခုလျှော်ဖြူထွက်နှုန်းကတော့ မနှစ်ကလောက်မမီဘူး။ အထွက်နှုန်းတွေလျော့နေတယ်။ ပြီးတော့ ဈေးလည်းမမီဘူး။ ရာသီသဘောတရားတွေကြောင့် ထင်ပါတယ်။ လျှော်ဖြူဆိုတာ မန်းရှိမှ လှီးလို့ရတာကိုး။ အခုမန်းမတတ်လို့ အစေးထွက်မလာလို့ စောင့်စောင့်နေရတယ်၊ အထွက်ကလည်းသိသိသာသာလျော့တယ်" ဟုလျှော်ဖြူပင်စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ယခုနှစ်မိုးရာသီတွင် ဇွန်လနှင့် ဇူလိုင်လဆန်းပိုင်းအတွင်း မိုးအဆက်မပြတ်ခဲ့မှုများကြောင့် လျှော်ဖြူအစေးများပျက်စီးခဲ့ရပြီး မိုးမိကာအရည်အသွေးမကောင်းသည့် လျှော်ဖြူစေးများကို အဝယ်ဒိုင်များက ဈေးနှိမ်ဝယ်ယူခဲ့ကြသည်ဟုသိရသည်။ ထို့ပြင် မိုးလေကင်းလွတ်သည့် ရက်များတွင်လည်း ရာသီဥတုမကောင်းခြင်းကြောင့် လျှော်ဖြူပင်များမှာအစေးပြတ်ပြီးအစေးအထွက်နှုန်းလျော့နည်းလျက်ရှိသည်ဟု သိရသည်။

"ခါတိုင်းကတော့ လျှော်ဖြူအစေးကတစ်ပင်ချင်းကို တစ်ရက်ခြားတစ်ကြိမ် အစေးထုတ်တာပေ့ါ။ အခုရက်ပိုင်းရာသီဥတုကြောင့် ထင်ပါတယ် အစေးကမထွက်ဘူး၊ ငါးရက်ခြား တစ်ကြိမ်လောက်ပဲထုတ်နေရတယ်၊ လျှော်ဖြူအစေးကအရောင်ကြည်ရင် ဈေးပိုရတယ်၊ သစ်ခေါက်တွေ အမှုန်တွေ ကပ်ပါနေမယ်။ အစေးကဝါနေမယ်၊ မိုးမိထားမယ်ဆိုရင်တော့ ဈေးကောင်းမရဘူး။ ဒီနှစ်တော့ မနှစ်ကထက်ဈေးကလည်း တစ်ဝက်လောက်ပဲရတော့တယ်၊ အထွက်နှုန်းကလည်းသိသိသာသာလျော့နေတယ်" ဟု လျှော်ဖြူစိုက်ပျိုးသူဦးအောင်မျိုးထွေးက ပြောသည်။

လျှော်ဖြူစိုက်ပျိုးသူများသည် လျှော်ဖြူပင်များကို စိုက်ပျိုးပြီး အပင်သက်တမ်း ၃နှစ်ကျော်ခန့်ရှိလျှင် အစေးစတင်ထုတ်ယူကြပြီး အစေးထုတ်ယူရာတွင် လျှော်ဖြူပင်စည်ကို ဓားထစ်၍ထုတ်ယူခြင်း၊ ပင်စည်ကိုအပေါက်ဖောက်၍ ထုတ်ယူခြင်းများဖြင့် အစေးထုတ်ယူလျက်ရှိသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# မြန်မာရွှေ့ပြောင်းအလုပ်သမား ငါးဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်



**တာချီလိတ် ဇူလိုင် ၂၇**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ငါးဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇူလိုင် ၂၆ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၆ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ယခုလွှဲပြောင်းသည့် ငါးဦးအပါအဝင် အမျိုးသား ၄၃၀၊ အမျိုးသမီး ၂၀၂ ဦးနှင့် ကလေး ၂၂ဦး စုစုပေါင်း ၆၅၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# စစ်တောင်းမြစ်ရေမြင့်တက်ကာ လူနေအိမ်များရေနစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်

**မဒေါက် ဇူလိုင် ၂၇**

မိုးများဆက်တိုက် ရွာသွန်းနေမှုကြောင့် မဒေါက်မြို့စစ်တောင်းမြစ်ရေသည် ဇူလိုင် ၂၆ ရက် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေအမှတ် ၁၀၇၀စင်တီမီတာ အထက်၁၂၁၄ စင်တီမီတာသို့ရောက်ရှိနေကာ မြစ်ရေမြင့်တက်၍ လူနေအိမ်များ ရေနစ်မြုပ်ပြီး ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ရကြောင်း သိရသည်။

ယင်းမြို့၏စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၂၅ ရက်ညက မြို့မ(၁)ရပ်ကွက်၌ လူနေအိမ် ၂၉ လုံး ရေနစ်မြုပ်၍ တိုင်တရာဘုန်းကြီးကျောင်းယာယီကယ်ဆယ်ရေးစခန်းသို့ တာဝန်ရှိသူများက အလျင်အမြန် ရွှေ့ပြောင်းခဲ့ရပြီး ဇူလိုင်၂၆ ရက်တွင် ၁၁ အိမ်ထပ်တိုးလာကာ မြို့မ (၂)ရပ်ကွက်၌ ရေနစ်မြုပ် နေအိမ် ၃၀ မှ မိသားစုများအား တံခွန်တိုင်ဘုန်းကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။

တိုင်တရာယာယီကယ်ဆယ်ရေးစခန်းသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလာရောက်ကာ ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀ ထောက်ပံ့ပေးခဲ့သည်။ မဒေါက်မြို့သဘာဝဘေးရန်ပုံငွေမှ တစ်အိမ်ထောင်ကို ဆန်ငါးပြည် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**



# ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ ကားလမ်းပြုပြင်



**ပခုက္ကူ ဇူလိုင် ၂၇**

ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ ကားလမ်းသည် မြန်မာနိုင်ငံရှိ လမ်းမကြီးများအနက် အရှေ့အနောက်လမ်းမကြီး ၄၅ လမ်းစာရင်းတွင် ပါဝင်ပြီး ပခုက္ကူမှ ဂန့်ဂေါအထိ မိုင်ပေါင်း ၁၅၀ ရှိသည်။

အဆိုပါကားလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်ရန် ပခုက္ကူခရိုင် လမ်းဦးစီးဌာနက တာဝန်ယူပြုပြင်လျက်ရှိရာ ယခု ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေကျပ်စုစုပေါင်း ၁၀၄၃ ဒသမ ၂၅၇ သန်း သုံးစွဲ၍ လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်း လမ်းပိုင်းတွင်ရှိသော တံတားများအား တည်ဆောက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် မိုင်တိုင်အမှတ် ၆၃/၇ မှ မိုင်တိုင်အမှတ် ၆၅/၁ အတွင်း၌ လမ်းအကျယ် ၁၈ ပေချဲ့၍ ခွဲကျောက်ခင်းခြင်း၊ ကတ္တရာအသစ် လောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မိုင်တိုင်အမှတ် ၆၆/၄ မှ မိုင်တိုင်အမှတ် ၆၉/၂ အတွင်း၌ လမ်းအကျယ် ၃၄ ပေချဲ့ခြင်း၊ မိုင်တိုင်အမှတ် ၆၅/၇ မှ ၆၉/၀ အတွင်း ကျောက်စီရေမြောင်း ၁၆၄ ပေတည်ဆောက်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ထို့အပြင် မိုင်တိုင်အမှတ် ၆၆/၄ မှ ၆၉/၂ အတွင်း၌ ကျောက်ရိုးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတား သုံးစင်းကိုလည်း တည်ဆောက်ပေးခဲ့ပြီး လမ်းအရှည် ၂၉ ဒသမ ၈၀ ကီလိုမီတာအရှည်ကို သာမန်ပြင်ဆင် ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# ရခိုင်ပြည်နယ်ရှိ ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအား တတိယအကြိမ်ထောက်ပံ့ရန် ဩဂုတ်လတွင် ဆောင်ရွက်ပေးမည်

**စစ်တွေ ဇူလိုင် ၂၇**

ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့မှုပေးရာတွင် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ရရှိချိန်တွင် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းဖြင့် ကိုယ်ဝန်အပ်နှံပြသထားသည့် မှတ်တမ်းနှင့် ကာကွယ်ဆေးထိုးမှတ်တမ်းတို့ ပါရှိရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အဆိုပါ ထောက်ပံ့ပေးမှုမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ်နှင့် မတ်လတွင် ဒုတိယအကြိမ်ဖြစ်ပြီး ယခု ဩဂုတ်လတွင် တတိယအကြိမ်အဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝစွာစားသုံးနိုင်ရန်နှင့် ကလေးသေပျောက်မှုနှုန်း လျော့နည်းကျဆင်းရေး ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေး အစီအစဉ်နှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးကို ဇူလိုင် ၂၄ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

"ကျွန်မတို့ ဒီအစီအစဉ်ကတော့ ဒီစီမံချက်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စတင်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလရောက်မှ စတင်ခဲ့ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ အသက်နှစ်နှစ်အောက် ကလေးတွေကို ငွေကြေးထောက်ပံ့တဲ့ အစီအစဉ်ဖြစ်ပါတယ်။ တစ်ဦးကို တစ်လ ငွေကျပ် ၁၅၀၀၀ နှုန်းနဲ့ သုံးလတစ်ကြိမ် ထောက်ပံ့ပါတယ်။ တစ်လ ငွေကျပ် ၁၅၀၀၀ ဆိုသော်လည်း ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ စားနေကျအစားအစာတွေအပြင် ဖြည့်စွက်အစားအစာအနေနဲ့ စားသုံးနိုင်အောင် ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်" ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး စုစုပေါင်း ၅၆၅၆၀ ရှိခဲ့သော်လည်း ယခုပေးမည့်အကြိမ်တွင် ၇၉၁၀၃ ဦးအထိ မြင့်တက်လာသည့်အတွက် ပြန်လည်စစ်ဆေးအတည်ပြုမှုကို ဆောင်ရွက်ပြီး ဩဂုတ်လအတွင်း ထောက်ပံ့ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ခြင်းကို ရခိုင်ပြည်နယ်အပြင် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌သာ ဆောင်ရွက်နိုင်သေးကြောင်း သိရသည်။

**မြင့်မောင်စိုး**

## ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

(၁) လမ်းပေါ်တွင်စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

(၂) မော်တော်ယာဉ်များ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။

(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။

(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။ (လမ်းပေါ်တွင် မိုးရေများပြည့်လျှံနေချိန် အရှိန်ပြင်းစွာ မောင်းနှင်ပါက မော်တော်ယာဉ်အား လိုရာသို့ထိန်းချုပ်မရဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်နိုင်သည်ကို သတိပြုပါ)

(၆) ဘရိတ်ကိုရုတ်တရက် မနင်းပါနှင့်။

(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကျောက်ကြီးမြို့နယ် မုန်းချောင်းရေတက်မှုကြောင့် စိုက်ပျိုးပြီးလယ်စိုက်ခင်းများစွာရေဝင်နစ်မြုပ်



**တောင်ငူ ဇူလိုင် ၂၇**

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြောက်ဘက်ခြမ်းဒေသများတွင် မုန်းချောင်းရေမြင့်တက်မှုကြောင့် တောင်ငူ-ထန်းတပင်-ကျောက်ကြီးမြို့နယ်များကိုဆက်သွယ်ထားသည့် ကားလမ်းအရှေ့ဘက်တစ်ခွင်၌ စိုက်ပျိုးပြီးသည့် စပါးခင်းများစွာရေနစ်မြုပ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ ကရင်ပြည်နယ် တောင်တန်းကြီးများဘက်မှ စီးဆင်းလာသည့် မုန်းချောင်းသည် မုန်းမြို့အနောက်ဘက်မှဖြတ်သန်းစီးဆင်းလျက်ရှိပြီး ချောင်းအနောက်ဘက်ကမ်း ကားလမ်းဘေးရှိ ဒေသအခေါ် အောင်ပင်လယ်ရွာငယ်တစ်ခုလုံး ရေများလေးပေခန့် ဝင်ရောက်လျက်ရှိကာ ဒေသခံများအနေဖြင့် လက်လှေလေးများဖြင့်လည်းကောင်း၊ ရေကူးကာသွားလာနေကြရသည်ကို ဇူလိုင် ၂၅ ရက်နေ့ နံနက်ပိုင်းကမြင်တွေ့ခဲ့ရသည်။ "ဒီရက်ပိုင်းက မိုးက တအားကောင်းတယ် တောင်ပေါ်မှာမိုးများတော့ မုန်းချောင်းရေတက်တာ လယ်တွေလဲမြုပ်ကုန်ပြီ။ ကျောက်ကြီးမြို့ပေါ်ရပ်ကွက်တွေမှာ ရေတွေဝင်လို့ ကယ်ဆယ်ရေးစခန်းတွေတောင်ဖွင့်ထားရတယ်" ဟု မုန်းမြို့ဒေသခံတစ်ဦးကပြောသည်။ စိုက်ခင်းများ ရေဝင်နစ်မြုပ်မှုနှင့်ပတ်သက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာနကိုဆက်သွယ် မေးမြန်းခဲ့ရာ "တစ်မြို့နယ်လုံးရေဝင်နစ်မြုပ်တဲ့ မိုးစပါးစိုက်ပျိုးလယ်မြေဧက စာရင်းတွေ ကျွန်တော်တို့လုပ်နေတုန်းဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးအေးမင်းက ပြောကြားသည်။ ကျောက်ကြီးမြို့ပေါ် လူနေရပ်ကွက်များရေဝင်ရောက်မှုသည် ဇူလိုင် ၂၅ ရက်အထိ လူနေအိမ်ပေါင်း ၁၃၀ ကျော်ရှိခဲ့သည့် အပြင် ရေဝင်ရောက်မှုပမာဏကျယ်ပြန့်လာသည့်အတွက် အိမ်ထောင်စုပေါင်းနှင့် ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်မှုစာရင်းကိုအတိအကျရရှိနိုင်ရန်ခက်ခဲနေသေးကြောင်း ကျောက်ကြီးမြို့ခံတစ်ဦးက ပြောကြားသည်။ "စစ်တောင်းမြစ်ရေကလဲ လတ်တလောမြင့်တက်လာလို့ ရွှေသောင်၊ ပဲ့သောင်၊ ကျွန်းပင်ဆိပ်၊ ရေတွင်းကုန်းရွာများ၌ မြစ်ရေထိန်းတာများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှအနီးကပ်စောင့်ကြည့်လျက်ရှိပြီး ရေတွင်းကုန်းကျေးရွာတွင် စစ်တောင်းမြစ်ရေဝင်ရောက်မှုမှ သက်သာစေရန် သဲအိတ်များဆင့်၍ အကာအကွယ်ပြုလုပ်ထားကြောင်း သိရှိရသည်။

**ကိုလွင်(ဆွာ)**

**ကျောက်တုံးလေးတွေ ပုံသဏ္ဌာန်အကွက်ဖော်ထားတဲ့ ဝင်ပေါက်မုခ်ဦးက ထူးခြားနေပါတယ်။ မုခ်ဦးတိုင်တစ်ဖက်တစ်ချက်မှာတော့ တင်းပုတ်ကိုင်ဆောင်ထားတဲ့ ဘီလူးရုပ်တုနဲ့ မတ်တတ်ရပ်နေတဲ့ နတ်သားရုပ်တုတစ်ခုစီရှိနေပြန်ပါတယ်။ ဘီလူးရုပ်တုရဲ့အပေါ်နားမှာ 'မကောင်းသူပယ်' လို့ရေးထားပြီး နတ်သားရုပ်တုအထက်နားမှာတော့ 'ကောင်းသူကယ်' ဆိုတဲ့စာသားကိုရေးသားထားတာ တွေ့ရပါတယ်။ မုခ်ဦးအပေါ်ပိုင်းမှာတော့ 'မိန်းမရဲသခင်မတောင်' လို့စာလုံးခပ်ကြီးကြီးနဲ့ရေးသားထားတာကို ထင်ထင်ရှားရှား မြင်တွေ့ရပါတယ်။ ကျွန်တော်တို့ မိန်းမရဲတောင်မုခ်ဦးဝကိုရောက်ခဲ့ကြပြီဖြစ်ပါတယ်။ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးတဲ့မိန်းမရဲတောင်ကို ကျွန်တော် ရောက်လိုသည့်ဆန္ဒ ယခုအကြိမ်တော့ ပြည့်ဝပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း ရွှာင်မြို့သို့ တာဝန်နဲ့ရောက်ရှိခဲ့တာဟာ အခုအကြိမ်နဲ့ဆိုရင် လေးကြိမ်မြောက်ဖြစ်ပါတယ်။ အရင်အခေါက်တွေမှာ အချိန်မရတာနဲ့ မိန်းမရဲတောင်ကိုသွားရောက်လိုပေမယ့် အထမမြောက်ခဲ့ပါဘူး။ နယ်ခရီးစဉ်တွေသွားတိုင်း အဲဒီဒေသရဲ့အထင်ကရနေရာတွေကို မရောက်ရောက်အောင် သွားတတ်လေ့ရှိတဲ့ကျွန်တော်ဟာ အရင်အခေါက်တွေကမသွားနိုင်ခဲ့တဲ့ မိန်းမရဲတောင်ကို အခုတော့ရောက်အောင်သွားခဲ့ခြင်းဖြစ်ပါတယ်။**

# မိန်းမရဲတောင်ဆီသို့

**မောင်မောင်မြင့်ဆွေ**



မိန်းမရဲတောင်ဟာ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ရွှာင်မြို့နယ်အတွင်းမှာ တည်ရှိပါတယ်။ ၂၀၀၈ခုနှစ်ကစတင်ပြီး ရွှာင်မြို့နယ်နဲ့ ပင်းတယမြို့နယ်တို့ဟာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသအဖြစ် သတ်မှတ်ခဲ့တာမို့ အခုဆိုရွှာင်ဟာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ တည်ရှိနေပြီဖြစ်ပါတယ်။ ရွှာင်မြို့ဟာ အေးချမ်းသာယာလှတဲ့ မြို့တစ်မြို့ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်ထက် ၄၀၈၂ ပေမြင့်တဲ့ နေရာမှာ တည်ရှိနေပါတယ်။ ဒါကြောင့်အေးမြတဲ့ ရာသီဥတုနဲ့အတူ အေးချမ်းတည်ငြိမ်ပြီးငြိမ်းချမ်းတဲ့ မြို့တစ် မြို့လည်းဖြစ်တာမို့ ရွှာင်ကိုရောက်တိုင်း စိတ်ထဲချမ်းမြေ့နေမိတာ အမှန်ပါပဲ။

လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်နေပြီဖြစ်တဲ့ ရွှာင်ဟာ တောင်ကြီးမြို့သို့ နေ့ချင်းပြန်သွားနိုင်တဲ့ မော်တော်ကားယာဉ်လိုင်းများ ရှိနေသလို ရွှာင်မှ မန္တလေးသို့လည်း ကားလမ်းခရီးပေါက်နေပြီဖြစ်ပါတယ်။ ရွှာင်-မြို့ကြီး-ဟန်မြင့်မိုရ်-ကျောက်ဆည်-မြစ်သား မှတစ်ဆင့် မန္တလေးသို့ ယာဉ်လိုင်းများရှိနေပြီဖြစ်လို့ ခရီးသွားလာရေးလည်း အဆင်ပြေနေပြီဖြစ်တာကြောင့် ဤခရီးအနီးလေးဖြစ်လို့နေပါပြီ။

အခုလည်း ရွှာင်မှာ လုပ်ဆောင်ရမယ့် တာဝန်တွေပြီးတာနဲ့ ရွှာင်မြို့ဇာတိ ကိုချစ်ဦးရဲ့ ကားနဲ့မိန်းမရဲတောင် (ခေါ်) မိန်းမရဲသခင်မတောင်ကို လာရောက်ခဲ့ကြတာဖြစ်ပါတယ်။ မိန်းမရဲတောင်ဟာ ရွှာင်မြို့ကနေပြီး ခုနစ် မိုင်ခန့် အကွာမှာတည်ရှိနေကာ ကျွန်တော်တို့ နံနက်စာစားပြီးတာနဲ့ ထွက်လာခဲ့ကြပြီ ဖြစ်ပါတယ်။

တကယ်တော့ ရွှာင်မြို့က ကားနဲ့လာခဲ့ကြပြီး ခုနစ်မိုင်ခန့်မောင်းလာတဲ့အခါ ကားလမ်းဘေးမှာရှိတဲ့ မြင်းကျဒိုးဆိုတဲ့ရွာအနီးမှာ မိန်းမရဲတောင် က တည်ရှိနေတာဖြစ်ပါတယ်။ မြင်းကျဒိုးရွာကနေပြီး လှမ်းကြည့်လိုက်ရင် မိန်းမရဲတောင်ကို လှမ်းမြင်နေရပြီဖြစ်သလို တောင်စောင်းမှာ တည်ထားတဲ့ ရုပ်တော်မူရုပ်ပွားတော်ကြီးတွေကိုလည်း လှမ်းမျှော် ဖူးတွေ့ခွင့်ရရှိနေပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မိန်းမရဲသခင်မတောင်မုခ်ဦးကနေပြီး ကားနဲ့ဆက်လက် မောင်းနှင်လာခဲ့တဲ့အခါ ရှေ့တူရူတစ်မိုင်ခန့်အကွာမှာ မြေပြင်ကနေပြီး ထိုးထွက်နေတဲ့တောင်နဲ့ တောင်ပေါ်မှာတည်ထားတဲ့စေတီတွေကို အဝေးက မြင်တွေ့ဖူးမြော်လိုက်ရပါတယ်။ တောင်ခြေအထိဖောက်လုပ်ထားတဲ့ ကားလမ်း၊ စိမ်းစိုနေတဲ့တောင်နဲ့ တောင်ခြေ၊ တောင်စောင်းတွေမှာ တည်ထားတဲ့ စေတီတွေရဲ့မြင်ကွင်းဟာ တကယ့်ကိုစိတ်နှလုံးချမ်းမြေ့စရာ ကြည်နူးစရာပါပဲ။

တောင်ခြေရောက်တဲ့အခါ ကားပေါ်က ဆင်းပြီး တောင်ပေါ်ကိုတက်တဲ့ လှေကားထစ်တွေအတိုင်း ကျွန်တော်တို့တက်ခဲ့ကြပါတယ်။ လှေကားထစ်တွေက ကျယ်ဝန်းသလို စတီးလက်ရန်းတွေလည်းတပ်ဆင်ထားတာမို့ ဖြည်းဖြည်းချင်း တက်ရောက်တဲ့အခါ မောပန်းမှုမခံစားရပါဘူး။

ကျွန်တော်တို့လိုပဲ တက်ရောက်လာတဲ့ဘုရားဖူးအချို့ကိုတွေ့ရသလို ပြန်ဆင်းလာသူအချို့ကိုလည်း တွေ့ရပါတယ်။ မိုးရာသီကြောင့်လားမသိ၊ ဘုရားဖူးနည်းတာကို သတိပြုမိပါတယ်။

မိန်းမရဲတောင်(ခေါ်)မိန်းမရဲသခင်မတောင်ပေါ်ကိုတက်ရောက်တဲ့ လှေကား ဝဲယာတောင်စောင်းမှာတော့ ထုံးဖြူကပ်လှူထားတဲ့ စေတီငယ်များစွာကိုဖူးတွေ့ရပါတယ်။ အဲဒီစေတီငယ်တွေအများစုမှာ ထီးတော်သီးခြားကပ်လှူပူဇော်ထားမှုမရှိတာကို သတိပြုမိပါတယ်။ တောင်စောင်းတစ်နေရာမှာတော့ မတ်ရပ်ရုပ်ပွားတော်လေးဆူ တည်ထားတာကို တွေ့မြင်ရပြီး အရွယ်အစားကြီးတဲ့ ရုပ်ပွားတော်တွေဖြစ်ပါတယ်။

မိန်းမရဲတောင်ထိပ်ပိုင်းမှာတော့ စေတီအပေါ်ပိုင်းကိုရွှေချထားပြီး အောက်ပိုင်းကို အနီရောင်ကပ်လှူထားတဲ့ စေတီတော်အချို့တောင်ထွတ်ပေါ်မှာ တည်ထားတာကို ဖူးတွေ့ရပါတယ်။ တောင်ထိပ်ပိုင်းမှာတော့လေတဟူးဟူး တိုက်ခတ်နေပြီး မိုးသက်လေမို့ အေးစိမ့်နေပါတယ်။ ကျွန်တော်တို့စေတီတော်ကို ဦးချဖူးမြော်ပြီးနောက် ခေတ္တထိုင်ကာ မိန်းမရဲတောင်အကြောင်းကိုချစ်ဦးပြောပြတာကို နားထောင်နေမိပါတယ်။

ရှေးခေတ်က ယခုတောင်အနီးဝန်းကျင်ဒေသမှာ မင်းသားလေးတစ်ပါးရှိကြောင်း၊ ရုပ်ရည်ချောမောတင့်တယ်တာမို့ မင်းသမီးခုနစ်ဖော်တို့ကလည်း နှစ်သက်မြတ်နိုးကြကြောင်း၊ မင်းသားလေးကိုယ်တိုင်ကလည်း ရုပ်ရည်အဆင်းလှလွန်းတဲ့ မင်းသမီးညီအစ်မခုနစ်ဖော်ကိုသဘောကျနေကြောင်း၊ မင်းသမီးညီအစ်မခုနစ်ဖော်အနက် တစ်ဦးဦးကိုရွေးချယ်ပါက ကျန် ခြောက်ဦးအပေါ် မထောက်ထားရာ ကျမည်စိုးရိမ်ကြောင်း၊ ထို့ကြောင့် မင်းသားလေးက တောင်တစ်တောင်တွင် ပုန်းအောင်းနေခဲ့ရာ ညီမအငယ်ဆုံးက လိုက်လံရှာဖွေသော်လည်း မတွေ့သဖြင့် ယခုတောင်၏ အနောက်ဘက်ရှိ ရေကန်အတွင်း ခုန်ချပြီး မိမိကိုယ်မိမိ အဆုံးစီရင်သွားသဖြင့် ရဲတင်းသောမိန်းကလေးတောင်သို့မဟုတ် မိန်းမရဲတောင်၊ သခင်မတောင်လို့ ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ကြောင်း ကိုချစ်ဦးက သူသိသမျှ ပြောပြပါတယ်။

အခုတော့ မိန်းမရဲတောင်ပေါ်မှာစေတီပုထိုးများ၊ တောင်ခြေ၊ တောင်စောင်းအချို့နေရာများမှာ ကျောင်း၊ ဇရပ်၊ တန်ဆောင်းများနဲ့စည်ကားနေပြီဖြစ်ပါတယ်။ မိန်းမရဲတောင်ပေါ်မှပတ်ဝန်းကျင်ကိုလှမ်းမျှော်ကြည့်လျှင် ရှမ်းတောင်တန်း၊ တောင်စွယ်များ၊ လှပသော စိုက်ခင်းများ၊ စိုက်ပျိုးပြီး၊ စိုက်ပျိုးဆဲ စိုက်ခင်းများက သက်ဝင်လှုပ်ရှားနေတဲ့ သဘာဝပန်းချီကား တစ်ချပ်ကဲ့သို့ ဖြစ်နေပါတယ်။

တိတ်ဆိတ်ခြင်း၊ အေးချမ်းတည်ငြိမ်ခြင်း၊ ပတ်ဝန်းကျင် အနှောင့်အယှက် ကင်းခြင်း၊ သဘာဝအလှကို ငေးမောစီးမျောခံစားခွင့်ရနိုင်ခြင်းတို့က မိန်းမရဲတောင်သို့ ခရီးသွားစဉ်တစ်ခုအနေဖြင့် ယခုအခါ၌ ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ သွားလာရအဆင်ပြေပြီးလမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်လာတာမို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အကြိုက်တွေ့စေမယ့် ခရီးစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မိန်းမရဲတောင်ပေါ်တွင် ခေတ္တထိုင်ရင်း အနီးဝန်းကျင်တွင် ရေပြာအိုင်နှင့် တောကျယ်ရေတံခွန်တို့ တည်ရှိကြောင်း ကျွန်တော်သိထားပြီးဖြစ်ရာ သွားရောက်ဖို့ အချိန်ကို တွက်ဆနေမိပါတယ်။ ရေပြာအိုင်က မိန်းမရဲတောင်မှ ကားဖြင့်သွားလျှင် ၁၅ မိနစ်ခန့်သာသွားရင် ရောက်ရှိမှာဖြစ်ပါတယ်။

အဲဒီရေပြာအိုင်ကနေပြီး ငါးမိနစ်ခန့်ဆက်သွားတဲ့အခါ တောကျယ်ရေတံခွန်ကိုရောက်ရှိမှာဖြစ်ပါတယ်။ ရေပြာအိုင်ကလည်း ကျယ်ဝန်းမှုမရှိပေမယ့် ထူးခြားမှုရှိနေပါတယ်။ ကျွန်တော် ရေပြာအိုင်သို့ ပြီးခဲ့တဲ့နှစ်က တစ်ခေါက်ရောက်ခဲ့ဖူးပြီးဖြစ်တာကြောင့် ထူးထူးခြားခြား သွားရောက်ချင်တဲ့စိတ်လည်း မဖြစ်ပေါ်မိပါဘူး။

မိန်းမရဲတောင်ပေါ်မှာနေပြီးပတ်ဝန်းကျင်တစ်ခွင်ကို ကြည့်လိုက်တဲ့အခါ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်းချမ်းနေတာကိုမြင်တွေ့သိရှိရပါတယ်။ တောင်ပေါ်မှာစေတီပုထိုးတွေ ရအောင်တည်ထားခဲ့တဲ့ အဆင့်ဆင့်သော တာဝန်ရှိသူတွေကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။

အခုဆိုရင် မိန်းမရဲတောင်ဟာ ဆွဲဆောင်စရာနေရာတစ်နေရာဖြစ်နေပြီး ခရီးသွားတွေအတွက် ရောက်ဖြစ်အောင် သွားသင့်တဲ့နေရာတစ်နေရာဖြစ်ပါတယ်။ ကျွန်တော်တို့မိန်းမရဲတောင်ပေါ်မှ ပြန်ဆင်းခဲ့ကြပါတယ်။ မိုးက ရုတ်တရက်ရွာချလိုက်တာမို့ ကားပေါ်အမြန်ပြေးတက်လိုက်ရပါတယ်။

မိုးသည်းနေတာမို့ ရေပြာအိုင်နဲ့ တောကျယ်ရေတံခွန်တွေဆီကို သွားမယ့် အစီအစဉ်ကို ဖျက်လိုက်ကာ ရွှာင်ကို မိုးရွာသွန်းနေတဲ့ကြားက ပြန်လာခဲ့ကြပါတယ်။ အပြန်မှာ မိန်းမရဲတောင်ဘက် ပြန်လှည့်ကြည့်လိုက်တဲ့အခါ မိုးစက်မိုးပေါက်တွေကြားမှာ မိန်းမရဲတောင်ဟာ တည်တည်ငြိမ်ငြိမ် နှုတ်ဆက်နေသလိုပါပဲ။ ။

**"တကယ်တော့ ရွှာင်မြို့က ကားနဲ့လာခဲ့ကြပြီး ခုနစ်မိုင်ခန့်မောင်းလာတဲ့အခါ ကားလမ်းဘေးမှာရှိတဲ့ မြင်းကျဒိုးဆိုတဲ့ရွာအနီးမှာ မိန်းမရဲတောင်က တည်ရှိနေတာဖြစ်ပါတယ်၊ မြင်းကျဒိုးရွာကနေပြီး လှမ်းကြည့်လိုက်ရင် မိန်းမရဲတောင်ကို လှမ်းမြင်နေရပြီဖြစ်သလို တောင်စောင်းမှာ တည်ထားတဲ့ ရုပ်တော်မူရုပ်ပွားတော်ကြီးတွေကိုလည်း လှမ်းမျှော်ဖူးတွေ့ခွင့်ရရှိနေပြီဖြစ်ပါတယ်"**

## သတင်းတိုများ

### မိုင်းယောင်း၌ စံပြကျေးရွာတောင်သူများအား ထောက်ပံ့

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်လျက်ရှိသော ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာမှ တောင်သူများအား သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးက တောင်သူများ သီးနှံအထွက်တိုးစေရန်အတွက် သွင်းအားစုဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာမှ တောင်သူများအား သွင်းအားစု ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဘက်စုံစံပြကျေးရွာမှ တောင်သူများတက်ရောက်ခဲ့ကြောင်းသိရသည်။ **အားချာ(ပြန်/ဆက်)**

### တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖလား (၃)ခရိုင် အသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအား ဇူလိုင် ၂၆ ရက် ညနေပိုင်းက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြို့မအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခုဖြစ်သည့် ထားဝယ်ခရိုင်၊ မြိတ်ခရိုင် နှင့်ကော့သောင်းခရိုင်များမှပြိုင်ပွဲဝင်အသင်းသုံးသင်းကို ဇူလိုင် ၂၂ ရက်မှ စတင်ကာ ပတ်လည်ယှဉ်ပြိုင်ကစားခဲ့ပြီး ယနေ့ဗိုလ်လုပွဲအဖြစ် ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထားဝယ်ခရိုင် ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ကော့သောင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်တို့က ပထမဆုရ ထားဝယ်ခရိုင် ဘောလုံးအသင်းနှင့် ဒုတိယဆုရကော့သောင်းခရိုင် ဘောလုံးအသင်းတို့အားဆုဖလားနှင့်ငွေသားဆုများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## ကလေးမြို့နယ် ပြင်သာကျေးရွာ၌ ရေဘေးကာကွယ်ရေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

**ကလေး ဇူလိုင် ၂၇**

ရေဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများအစီအစဉ်တကျဆောင်ရွက်နိုင်ရန်နှင့် ဒေသခံပြည်သူများ ဆုံးရှုံးပျက်စီးမှုနည်းနိုင်သမျှနည်းပါးစေရန်ရည်ရွယ်လျက် စံနမူနာအဖြစ်ရေဘေးကာကွယ်ရေးသဏ္ဍာန်တူသရုပ်ပြ လေ့ကျင့်မှုကို ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပြင်သာကျေးရွာ၌ ပြုလုပ်သည်။

ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိချိန်တွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ချိုနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးညီညီတို့က သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်ထားသော ရာသီဥတုအခြေအနေများ၊ မိုးရေချိန်နှင့်မြစ်ရေချိန်အမှတ်များ အချိန်နှင့်တစ်ပြေးညီ တင်ပြပေးမှုများကို ပြည်သူများက ဂရုစိုက် ကြည့်ရှုလေ့လာကြစေလိုကြောင်း၊ သဘာဝရေဘေးကျရောက်လာပါကလည်း ရှောင်ရန်၊ ဆောင်ရန်နှင့်ရေဝင်ရောက်သည့် ရေအမှတ်အလိုက် ကြိုတင်ပြင်ဆင်ထားရှိသည့်အနေအထားများကို သိရှိထားပြီးဖြစ်ပါက ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်စရာ မလိုကြောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကလေးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ခံ ဦးမြတ်ဇော်ထွန်းက အရေးပေါ် အသက်ကယ်အင်္ကျီ



အထည် ၃၀၀ ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့လည်းကောင်း၊ ကိုကာကိုလာကုမ္ပဏီမှလှူဒါန်းသည့် ရေသန့်ဘူး ၇၂၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကလေးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများကရေဘေးအန္တရာယ်ကျရောက်လာပါက ကလေးခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထုတ်ပေးမည့်ရှက်ဖျင်တဲများ ဆောက်လုပ်အသုံးပြုပုံကို လက်တွေ့သရုပ်ပြသကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ ကလေးမြို့နယ်တွင် ရေဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီတို့မှ ဦးဆောင်၍ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများဖြင့် ကော်မတီ ၁၀ ခု ဖွဲ့စည်းထားရှိပြီး ရေဘေးကယ်ဆယ်ရေးဇုန်(၅)ဇုန်၊ ကယ်ဆယ်ရေးစခန်း ၂၂ နေရာ သတ်မှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ချင်းတွင်းသား**

## ဇီဝလုံခြုံမှုအလေ့အကျင့်များ ပိုမိုကောင်းမွန်ရေးနှင့် လိုက်နာကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲ မုဒုံ၌ပြုလုပ်

**မော်လမြိုင် ဇူလိုင် ၂၇**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ECTAD-FAO Myanmar Team



တို့ပူးပေါင်းကာ မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ဇီဝလုံခြုံမှုအလေ့အကျင့်များ ပိုမိုကောင်းမွန်ရေးနှင့် လိုက်နာကျင့်သုံးရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက် နံနက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံး၌ ပြုလုပ်သည်။

